ပြည်သူ့မျက်ရှုစာပေ
အမှတ် (၆) သီတာလမ်း၊ ကျောက်မြောင်း
တာမွေစာတိုက်၊ ရန်ကုန်။

ပထမအကြိမ်
အုပ်ရေ—၃၀၀၀၊
၁၉၇၁—ခု၊ ဖေဖော်ဝါရီလ။

ဘာသာရေးဆိုင်ရာခွင့်ပြုချက် အမှတ် (၄၅၃၉)

အဖိုး ၃—ကျပ်

၇၉၉၃

အသျှင်သုနန္ဒ

# ဗုဒ္ဓနှင့် အဇာတသတ်မင်းတို့၏
# ဗုဒ္ဓဝါဒရေးရာအဆိုအဖြေများ

ပန်းချီ
**အောင်စိုး**

ဘလောက်
**သောင်းလှ**

အဖုံးရိုက်
**မြနန္ဒာ**

ဦးသန်းမောင်- မိုးဝေစာပေတိုက်၊ (၀၅၄၀)မြဲ၊
၁၀၇-ဦးချစ်မောင်လမ်း ရန်ကုန်က
ထုတ်ဝေ၍၊
ဦးအုန်းတင်- မြနန္ဒာပုံနှိပ်တိုက်၊(၀၇၆၀)မြဲ၊
၂၀၅-သစ္စာလမ်း၊ ကန်ဘဲ့၊ ရန်ကုန်က ရိုက်နှိပ်သည်။

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | ။ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း။ | ၉ |
| ၂။ | ။အဇာတသတ်ဘုရင်၏ ညီလာသဘင် | ၁၉ |
| ၃။ | ။ဗုဒ္ဓနှင့်အဇာတသတ်မင်း | ၃၆ |
| ၄။ | ။ဘီ-စီ-၆-ရာစု အိန္ဒိယ၏ထင်ရှားသော ဂိုဏ်းတို့နှင့်အယူဝါဒများ | ၄၇ |
| | ပူရဏကဿပ၏ အယူဝါဒ | ၄၈ |
| | မက္ခလိဂေါသာလ၏ အယူဝါဒ | ၅၂ |
| | အဇိတကေသကမ္ဗလ၏ အယူဝါဒ | ၅၆ |
| | ပကုဓကစ္စာယန၏ အယူဝါဒ | ၆၁ |
| | နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ | ၆၃ |
| | သဉ္စယဗေလဋ္ဌပုတ္တ၏ အယူဝါဒ | ၆၆ |
| ၅။ | ။ရဟန်းဖြစ်ခြင်း၏ အကျိုးတရား | ၇၂ |
| | မျက်မှောက်ဘဝ၌ရှေးဦးစွာရအပ်သော ရဟန်းဖြစ်ရခြင်းအကျိုး | ၇၅ |

## မာတိကာ

အမှတ်စဉ် ... စာမျက်နှာ


နှစ်ကြိမ်မြောက် မျက်မှောက်ဘဝ၌ ရအပ်သောရဟန်းဖြစ်ကျိုး .... .... ၇၉
သာ၍မွန်မြတ်သော ရဟန်းဖြစ်ကျိုး .... .... ၈၃
၆။ ။ဘိက္ခုသံဃာ့အဖွဲ့ကြီးနှင့် ကွန်မြူနိသီအိုရီ .... ၈၉
၇။ ။သီလတရားများ ဘီ-စီ-ဖ-ရာစု စူဠသီလ .... ၁၀၀
မဇ္ဈိမသီလ .... .... ၁၀၃
မဟာသီလ .... .... ၁၀၉
၈။ ။ရဟန်း၏စောင့်စည်းခြင်း, ဆင်ခြင်ခြင်းနှင့်ပယ်ခွာခြင်းများ .... ၁၁၉
ဣန္ဒြေကိုစောင့်စည်းခြင်း .... .... ၁၂၁
အောက်မေ့ခြင်းနှင့် ဆင်ခြင်ခြင်း .... .... ၁၂၂
ရောင့်ရဲလွယ်ခြင်း .... .... ၁၂၃
နီဝရဏ တရားငါးပါးကိုပယ်ခြင်း .... .... ၁၂၄
၉။ ။'ဈာန်' သို့ သက်ရောက်နေသော ရဟန်းနှင့် စိတ်ပညာအယူအဆ .... ၁၃၀

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၁၀။ | ။ဈာန်တရားများကို ဟောကြားပြဆိုခြင်း .... | ၁၄၇ |
| | ပဌမဈာန် ရဟန်းဖြစ်ရကျိုး .... .... | ၁၄၈ |
| | ဒုတိယဈာန် ရဟန်းဖြစ်ရကျိုး .... .... | ၁၄၉ |
| | တတိယဈာန် ရဟန်းဖြစ်ရကျိုး .... .... | ၁၅၀ |
| | စတုတ္ထဈာန် ရဟန်းဖြစ်ရကျိုး .... .... | ၁၅၁ |
| ၁၁။ | ။ဒေသနာစဉ် မတူညီခြင်းအကြောင်း .... | ၁၅၅ |
| ၁၂။ | ။ဉာဏ်အမြင်နှင့် အဘိညာဉ်တန်ခိုးများ .... | ၁၆၁ |
| | ဝိပဿနာဉာဏ် .... .... | ၁၆၂ |
| | မနောမယိဒ္ဓိဉာဏ် .... .... | ၁၆၄ |
| | ဣဒ္ဓိဝိဓဉာဏ် .... .... | ၁၆၆ |
| | ဒိဗ္ဗသောတဉာဏ် .... .... | ၁၆၈ |
| | စေတောပရိယဉာဏ် .... .... | ၁၇၀ |
| | ပုဗ္ဗေနိဝါသာနုဿတိဉာဏ် .... .... | ၁၇၄ |
| | စုတူပပါတဉာဏ် .... .... | ၁၇၇ |
| | အာသဝက္ခယဉာဏ် .... .... | ၁၈၂ |
| ၁၃။ | ။အဘိညာဉ်တန်ခိုးနှင့် အမြင်သာသော နိဂုံး .... | ၁၈၆ |

# နိဒါန်း

ဗုဒ္ဓဂေါတမသည် ဝေနေယျသတ္တဝါများ၏ အကျိုးငှာ ကြီးမြတ်တော်မူသော လုံ့လ ဝီရိယများနှင့် အလွန် ပင်ပန်း ခဲယဉ်းစွာ ကျင့်သုံးပွားများ အားထုတ်တော်မူလေသည်၊ ထို့ကြောင့်လည်း သဗ္ဗညုတ ဉာဏ်အလင်းကို ကောင်းစွာ ထိုးထွင်း သိမြင်တော်မူပြီး သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော် မူလေသည်၊ ဗုဒ္ဓဝါဒီအများတို့သည် ဤသို့ပင် နားလည်ခံယူထားကြလေသည်၊ ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်ရှိသောအခါ ယုံကြည်မှုသဒ္ဓါတရားနှင့်အတူ ဉာဏ်ပညာ အဆင်ခြင်ရှိကုန်သော လူသားတို့ကို ကြိုဆိုကမ်းလင့်ခဲ့လေသည်။

သမုဒယ အကြောင်းခံနှင့် ဒုက္ခဟူသော ဆင်းရဲခြင်းတရားများ ပြွမ်းထီးပြည့်သိပ်နေသော သံသရာမှ လူသား သတ္တဝါတို့အား ဘေးကင်း 'ချမ်းမြေ့ငြိမ်းအေးရာ ဝိမုတ္တိရသ'နှင့် ပြီးပြည့်စုံသော 'နိဗ္ဗာန်'သို့ ခေါ်ယူပို့ဆောင် ပြညွှန်းတော်မူလေသည်၊ သံသရာဟူသော လောကတွင် ဒုက္ခတရားများကို တပြောင်းပြန်ပြန် အဖန်ဖန်အလဲလဲ ခံစားတွေ့ကြုံနေရသော လူသားတို့အဖို့ ဗုဒ္ဓသည် ကြီးမား မြင့်မြတ်သော မေတ္တာ ဂရုဏာ ရှိသည့် ကယ်တင်ရှင်ကြီး ဖြစ်လေသည်။

ဗုဒ္ဓ၏ဓမ္မဝိနယ ဟူသော ဒေသနာတို့သည် သမုဒယ အမိုက်-
တိုက်မှ လူသားတို့အား 'ဝိသုဒ္ဓိမဂ္ဂ-မြင့်မြတ် သန့်စင်သော
လမ်းစဉ်'ကို မြင်စွမ်းနိုင်အောင် ပြညွှန်းသောအလင်းတန်ဆောင်
ဖြစ်၏၊ နိရောဓဓမ္မ ဟူသော နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်
သော လှေဖောင်သဖွယ်လည်းဖြစ်၏၊ ဗုဒ္ဓပွင့်သစ်စ ဖြစ်သော
ဘီ-စီ-၆ ရာစုမှ ယနေ့အထိ များစွာသော လူသားတို့သည်
ဗုဒ္ဓ ပြညွှန်းသော အလင်းတန်ဆောင်ကြောင့် အသိအမြင် ဉာဏ်
မျက်စိများ ပွင့်လင်းကာ လမ်းစဉ်အား လျှော်စွာ ကျင့်သုံး
ဆောက်တည်ပွားများပြီး အလွန်တရာ ချမ်းမြေ့ ငြိမ်းအေးရာ
နိဗ္ဗာန်သို့ ရောက်ရှိခံစား မျက်မှောက်ပြုခဲ့ကြပြီးဖြစ်လေသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုသည်မှာ ယနေ့အချိန်ဆိုလျှင် နှစ်ပေါင်း
၂၅၀၀-ကျော် ကြာမြင့်ခဲ့လေပြီဖြစ်၏၊ သို့သော် ဤသို့
နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဗုဒ္ဓ၏ဝါဒ အယူ
အဆများသည် ထွန်းလင်း တောက်ပလျက်သာရှိနေ၏၊ ယနေ့
ဗုဒ္ဓ၏ ဓမ္မဝိနယများကို ဗုဒ္ဓဝါဒီများနှင့် အခြားသော သုတေသီ
တို့သည် ကောင်းစွာပင် လေ့လာနိုင်ကြလေသည်၊ စစ်မှန်ခိုင်မာ
သော ဗုဒ္ဓ၏ ဓမ္မဝိနယများသည် ဗုဒ္ဓ၏ဝါဒနှင့် အယူအဆ
အမြင်များကို ပြဆိုနေသောဒေသနာများဖြစ်၏၊ ဗုဒ္ဓဟောကြား
ခဲ့သည့် မှန်ကန်သော ဓမ္မဝိနယများကို သိနားလည်လိုသော
သူတို့သည်၎င်း, ဗုဒ္ဓ၏သစ္စာလေးပါး ဉာဏ်အလင်းကို ကောင်းစွာ
ထိုးထွင်းသိမြင် မျက်မှောက်ပြုလိုသော သူတို့သည်၎င်း, တကယ်
စစ်မှန်သော ပရမတ္ထသစ္စာဖြစ်သည့် ဒုက္ခချုပ်ငြိမ်းရာကို သိနား
လည်လိုသော သူတို့သည်၎င်း, ထိုသူတို့သည် မှန်ကန် ခိုင်မာ
သော ဗုဒ္ဓ ဒေသနာများကို လေ့လာရမည် ဖြစ်လေသည်။

ဗုဒ္ဓ၏ ဓမ္မဝိနယများသည် ဥပါဒါန် အစွဲကင်းကင်းနှင့်ဆိုပါက အားလုံးသော ကမ္ဘာ့လူသားများအတွက်သာ ဖြစ်၏။ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓ မဖြစ်မီက အားလုံးသော လူသားတို့ကို တရားဓမ္မ ဟောပြောရန် ရည်ရွယ်မှုရှိကောင်းမှ ရှိမည်ဖြစ်၏၊ သို့သော် ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓအဖြစ် သဗ္ဗညုတဉာဏ်ကို ရတော်မူသော အခါ။

"ငြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိပြီး လူတို့အား မဟောလို၊ မဟောပဲ နေရန် အကြံဖြစ်ခဲ့၏၊ သို့သော် ဗြဟ္မာ ပညာတည်းဟူသော နားနှင့် ပြည့်စုံသော သူတို့သည် ယုံကြည်ခြင်းသဒ္ဓါတရားကို စေလွှတ်ကြကုန်လော့၊ ထိုသူတို့အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်အပ်ပြီ"

ဤသို့သဟမ္ပတိ ဗြဟ္မာအား မိန့်ကြားသော စကားကဲ့သို့ပင် ဗုဒ္ဓသည် မိမိရှာဖွေကျင့်သုံး၍ ကောင်းစွာ ထိုးထွင်း သိမြင်ပြီးသော တရားကို လူသားတို့အား သက်ဆုံးတိုင် ဟောကြားတော်မူခဲ့လေသည်။

ထိုသို့ ဗုဒ္ဓသည် လူသားဘို့အား ဓမ္မဝိနယများကို ဟောပြောခဲ့သဖြင့် ကျွန်ုပ်တို့သည် အလွန်တရာ ကောင်းမြတ်သော တရားဓမ္မများကို ယနေ့တိုင် ကျင့်သုံးပွားများနိုင်ကြခြင်း ဖြစ်လေသည်၊ အမှန်အားဖြင့် ကမ္ဘာတွင် ဗုဒ္ဓ တဦးတည်းသာလျှင် လူသားတို့အား စစ်မှန်သော လွတ်မြောက် အေးငြိမ်းမှုကို ပေးစွမ်းနိုင်ခဲ့သော ပုဂ္ဂိုလ်အာဇာနည် ဖြစ်လေသည်။ ဗုဒ္ဓ ဟောကြား

ပြည့်နှင်းခဲ့သော ချုပ်ငြိမ်းမှု ဝိမုတ္တိအရသာကို ဘီ-စီ- ၆ ရာစု တဝိုက်က အိန္ဒိယမြောက်ပိုင်းသား များစွာတို့သည် ရရှိခံစားကြရလေသည်၊ နောင်အခါတွင်လည်း ပုဂ္ဂိုလ်အားလျော်စွာ ရရှိ မျက်မှောက်ပြုနိုင်သူတို့ ရှိခဲ့ကြ၏၊ ယနေ့တိုင်သည်ထိလည်း မျက်မှောက်ပြုနိုင်ရန် ကျင့်သုံးပွားများ အားထုတ်ကြဆဲ ဖြစ်ကြလေသည်။

ဗုဒ္ဓ ဖွင့်လှစ်ထားသော နိဗ္ဗာန်တံခါးကို ဝင်ရောက်လိုသောသူတို့သည် များစွာပင် ရှိလေသည်၊ ယုံကြည်မှု သဒ္ဓါတရားသည်လည်း ထိုသူတို့တွင် ပြည့်စုံစွာရှိကြ၏၊ သို့သော် တကယ်စစ်မှန်သော ဗုဒ္ဓ၏ဓမ္မဝိနယနှင့် လမ်းစဉ်ကို ကောင်းမွန်စွာသိနားလည်မှသာလျှင် နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ဖြစ်၏၊ သို့မဟုတ်ပါက အလွန်တရာ ဝေးကာ ခက်ခဲလှလေမည် ဖြစ်သည်၊ ရောက်ရှိ မျက်မှောက်ပြုနိုင်မည်လည်း မဟုတ်ချေ။

ဗုဒ္ဓ မရှိသည်မှာ နှစ်ပေါင်း ၂၅၀၀ — ကျော်ခဲ့ပြီဖြစ်၏၊ ဗုဒ္ဓဘာသာအမည်ခံ တိုင်းပြည် အတော်များများ ရှိသော်လည်း ဗုဒ္ဓ၏ ဓမ္မဝိနယများကို ယနေ့ကျွန်ုပ်တို့ ကျေနပ်လောက်အောင် ပြည့်စုံစွာရှိပြီး လိုက်နာပြုမူသော နိုင်ငံကား ရှားပါးလှပါ၏၊ ယေဘုယျအားဖြင့် အာရှတိုက်မှ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ နှစ်ခုသုံးခုလောက်တွင်သာ နှစ်သိမ့်ဖွယ်ရာ ရှိလေသည်၊ ထိုနိုင်ငံတို့တွင်သာ ဗုဒ္ဓဝါဒ ပါဠိ ပိဋကတ်များရှိပြီး လိုက်နာပြုမှု အားထုတ်မှုများလည်း ရှိလေသည်။

ပိဋကတ်ဆရာတို့၏ အဆိုအရယနေ့ကျွန်ုပ်တို့သိမြင်နေရသော ပိဋကတ်သည် ပဉ္စမသင်္ဂါယနာတွင် တင်ဆိုအတည်ပြုခဲ့သော အတိုင်းသာဖြစ်သည်ဟု ဆိုလေသည်၊ သို့သော် ဗုဒ္ဓဝါဒ သုတေသီ

ပညာရှင်အများတို့ လက်ခံထားသော ပိဋကတ်သမိုင်းဖြင့် ရှုဆင်ခြင်ပါက ယနေ့ကျွန်ုပ်တို့သိမြင် နားလည်ထားသော ပါဠိပိဋကတ်တွင် သမိုင်းဆန်သော အကြောင်းရပ်များကို တွေ့ရမည်ဖြစ်လေသည်၊ သို့အတွက် ဗုဒ္ဓဝါဒီများသည် ယနေ့အခါတွင် ဗုဒ္ဓ၏ အယူအဆ ဝါဒ လမ်းစဉ် အစစ်အမှန်တို့ကို သိမြင်နားလည်ဘို့ လိုအပ်လှလေသည်၊ ဤအရာ၌ ဗုဒ္ဓဝါဒီ၏ ပညာအဆင်ခြင်နှင့် အသိဉာဏ်တို့သည် အရေးပါပမာနကြလှ၏။

ပမာအားဖြင့် အရေးအသွေး ကောင်းမွန်သော ပတ္တမြားကျောက်မျက်ရတနာကို အဖြုံးအဖြင်း ဖြစ်သော ကျောက်ခဲများစွာတို့ထည်းမှသာ ပညာမျက်စိနှင့် ကြည့်ရှုရွေးယူပြီး ရရှိနိုင်လေသည်၊ ထို့အတူပင် စစ်မှန်သော ဗုဒ္ဓ၏ အယူအဆ ဓမ္မဝိနယများကို ဗုဒ္ဓဝါဒီသည် ဥပါဒါန်ကင်းစင်သော အသိဉာဏ်ပညာအရင်းခံသည့် ဆင်ခြင်တွေးတောမှုဖြင့် စူးစမ်း လေ့လာမှသာ ရရှိသိမြင်နိုင်မည်ဖြစ်၏၊ သို့မှသာ ဗုဒ္ဓဖွင့်လှစ်ထားသော နိဗ္ဗာန်သို့ မှန်ကန်သော ဗုဒ္ဓဝါဒလမ်းစဉ်အားလျှော်စွာ ဧကန်ရောက်ရှိ မျက်မှောက် ပြုနိုင်မည်ဖြစ်၏။

ယခုကျွန်ုပ်ရေးသားပြုဆိုသော "ဗုဒ္ဓနှင့် အဇာတသတ်မင်းတို့၏ ဗုဒ္ဓဝါဒရေးရာ အဆိုအဖြေများ" သည် ရှည်လျားသော သုတ်တ သုတ် ထည်း တွင် 'ဗုဒ္ဓ-ဗုဒ္ဓဝါဒတို့နှင့် စပ်လျဉ်းပြီး အဇာတသတ်မင်း မေးလျှောက်သည်၌ ဗုဒ္ဓကိုယ်တိုင် ဖြေဆိုဟောကြားထားသော 'ဒီဃနိကာယ်လာ သာမညဖလသုတ်' ဖြစ်လေသည်၊ ဤသာမညဖလသုတ်သည် ပိဋကတ်သမိုင်းဖြင့် ရှုမြင်သုံးသပ်ပါကလည်း ရှေးကြခိုင်မာသည်ဟု အနောက်တိုင်း အရှေ့တိုင်းတို့မှ ဗုဒ္ဓဝါဒသုတေသီပညာရှင် အများ လက်ခံယူဆ

ထားသောသုတ်တခုဖြစ်၏၊ ဒေသနာ ဓမ္မအနေအားဖြင့်လည်း ဗုဒ္ဓဝါဒနှင့်ပါဠိပိဋကတ်တွင် အလွန်လေးစား အရေးထားရလေသည်၊ သမိုင်းရေးရာအားဖြင့်လည်း ဘီ-စီ-၆ ရာစုတဝိုက် ဗုဒ္ဓမတိုင်မီနှင့် ဗုဒ္ဓနှင့်ခေတ်ပြိုင် အိန္ဒိယပြည်မြောက်ပိုင်း မဇ္ဈိမဒေသ၏ ဘာသာရေးလောက အခြေအနေများ အယူဝါဒ အကျင့်သီလ ယဉ်ကျေးမှုများကိုပါ ပြဆိုထားလေသည်၊ ထိုစဉ်က ဗုဒ္ဓနှင့် ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သော ခေါင်းဆောင် အမည်ခံ ဂိုဏ်းဂဏ တည်ထောင်ပြီး အယူဝါဒဟောပြောသူများနှင့် ၎င်းတို့၏အယူအဆဝါဒများကိုပါ ပြဆိုထားလေသည်။

ဗုဒ္ဓဝါဒ၏ အနှစ်အသားဖြစ်သော ရဟန်းပြုခြင်း၏ အကျိုးတရားများနှင့် ဗုဒ္ဓ၏ဓမ္မဝိနယ အယူအဆများ အကျင့်လမ်းစဉ်များ, စျာန်တရားများ, ဝိပဿနာဉာဏ်အမြင် အဘိညာဉ်တရားများကို ပြဆိုထား၏၊ လူသားတယောက်သည် အကယ်၍ ဗုဒ္ဓဝါဒအယူအဆ အားလျော်စွာ ကျင့်သုံးလိုပါက စိတ်ထား စေတနာသဒ္ဓါတရားများမှစပြီး ကျင့်သုံးဆောက်တည် ပွားများရမည့်လမ်းစဉ်များကို အစမှအဆုံးထိ ပြဆိုထား၏၊ ထိုပြင် ထိုသို့ကျင့်သုံးသဖြင့် မျက်မှောက်ဘဝ၌ မိမိကိုယ်တိုင် ဒိဋ္ဌ ဆတ်ဆတ် ရရှိနိုင်သော အကျိုးတရားများကိုလည်း ဓမ္မဂုဏ်တော်တို့နှင့်အညီ ဟောကြားပြဆိုထားလေသည်၊ မြန်မာဗုဒ္ဓဝါဒီများ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သော အဇာတသတ်မင်းနှင့် ၎င်း၏ အကြောင်းများကိုပါ ပြဆိုထား၏၊ စင်စစ် ဤသုတ်သည် အဇာတသတ်မင်းကို အဓိကအကြောင်းပြုပြီး ဗုဒ္ဓကိုယ်တော်တိုင် ဖြေဆိုဟောကြားတော်မူသော ဗုဒ္ဓ၏ အယူအဆ ဝါဒကို ပြဆိုသော ဒေသနာဖြစ်လေသည်။

'ဤသာမညဖလသုတ်'ကို ယနေ့ဗုဒ္ဓဝါဒီတို့ သိမြင်နားလည်ရန် အလွန် သင့်လျော်သည်ဟု ယူဆသဖြင့် ကျွန်ုပ်သည် ရေးသားတင်ပြခြင်းဖြစ်၏၊ အမှန်အားဖြင့် ဗုဒ္ဓဝါဒကို စူးစမ်းလေ့လာလိုသူများနှင့် အစစ်အမှန်ကို သိမြင်နားလည်လိုသူများသည် ဤသာမညဖလသုတ်ကို ကောင်းစွာ နားလည်သင့်လေသည်၊ ကျယ်ပြန့်နက်ရှိုင်း၍ သိမြင်နိုင်ခဲသော ဗုဒ္ဓဝါဒ အယူအဆကို အရေးပါစွာ တစိတ်တဒေသ ဟောကြားထားသောသုတ်ဖြစ်၏၊ ဤသုတ်ကို ကောင်းစွာ နားလည်ပါက ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓဝါဒတွင် အယူအမြင် ကောင်းစွာ ကြည်စင်ပြီး တည်ငြိမ်လာမည်ဖြစ်၏၊ အသိအဆင်ခြင်နှင့် ကောင်းစွာ တွေးမြင်ယူဆတတ်သော သူတယောက်လည်း ဖြစ်လာချေမည်။

ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်တတ်စွမ်းသမျှ မျက်မှောက်ခေတ် လူတို့ သိနားလည်နိုင်ရန် ယနေ့လူသားအားလုံး သိမြင်လက်ခံထားသော သက်ဆိုင်ယှဉ်စပ်ရာ ပညာရပ် အယူအဆများဖြင့် ရေးသားထားလေသည်၊ စာရေးသူ ကျွန်ုပ်၏ဆန္ဒကား 'ကျွန်ုပ်သိမြင်နားလည်သလို သင်တို့လည်း သိမြင်နားလည်ရန်' ဟူသော စေတနာသာဖြစ်၏၊ ကျွန်ုပ်ဆန္ဒရှိသလို သိမြင်နားလည်မည်ဟုလည်း မျှော်လင့်ပါသည်။

> "ကောင်းစွာ သိမြင်နားလည်ပါက သင်တို့၏ ဘဝတလျှောက်တွင် အစဉ်ထာဝရ အလင်းတန်ဆောင် ထွန်းပြောင်ပြီး ကောင်းမြတ်သော အကျိုးတရားများကို ခံစားရမည်သာ ဖြစ်လေသည်"။

အသျှင် သုနန္ဒ
ရန်ကုန်မြို့။

# ဝေဒေဟီမိဖုရား၏သား
# မာဂဓတိုင်းရှင် အဇာတသတ်မင်း

## ၁

အိန္ဒိယပြည်သည် ကမ္ဘာ့လူသားတို့၏ ယဉ်ကျေးမှုသမိုင်းအရ အရေးပါသော ဒေသတခု ဖြစ်လေသည်၊ အယူဝါဒ အတွေး အခေါ်တို့၌ ဘီ-စီ-ရာစုနှစ် များစွာကပင် အိန္ဒိယသည် ကမ္ဘာ့ သမိုင်း၌ ထင်ပေါ်ခဲ့လေသည်၊ ယဉ်ကျေးမှုရေးရာ၌ ထင်ရှားခဲ့ သော အိန္ဒိယသည် မြောက်ပိုင်းဒေသပင် ဖြစ်လေသည်၊ ဗုဒ္ဓ ဂေါတမသည် ဘီ-စီ- ၅၃၀ ခန့်က အိန္ဒိယပြည် မြောက်ပိုင်း မဇ္ဈိမဒေသတွင် ပွင့်သစ် ပေါ်ထွန်းခဲ့လေသည်၊ ဗုဒ္ဓခေတ်အခါက ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစွာဖြင့် တည်ရှိခဲ့ကြဟန် ရှိသော ပါဠိပိဋကတ်လာ တိုင်းကြီး တဆယ့်ခြောက်တိုင်းတို့သည် မြောက်ပိုင်း အိန္ဒိယ၌ပင် တည်ရှိခဲ့ကြလေသည်၊ အရှေ့ ဖက်၌ တောင်သို့ စီးဆင်းနေသော ဂင်္ဂါမြစ်၊ အနောက်အရပ် တွင် ဇုန္နမြစ်တဖက်ကမ်းရှိ တောင်တန်းများ၊ တောင်ရပ်စီ၌ ဇုန္နတောင်တန်းများ၊ မြောက်ဖက်တွင်မူ ဟိမဝန္တာတောင်တန်း ကြီးများဖြင့် ကာဆီးထားသော နေရာသည် တိုင်းကြီးတဆယ့် ခြောက်တိုင်းတို့ တည်ရှိခဲ့သော နေရာဖြစ်လေသည်၊ ဗုဒ္ဓဝါဒ ပါဠိစာပေတို့၌ ကောသလတိုင်း, မဂဓတိုင်း တို့သည် ထင်ပေါ် ကျော်ကြားသောတိုင်းတို့ ဖြစ်လေသည်။

ကောသလတိုင်းနှင့် ပသေနဒီကောသလ မင်းကြီးသည် ဗုဒ္ဓဝါဒ ပိဋကတ်တို့၌ အရေးပါသောသူ ဖြစ်လေသည်၊ ပသေနဒီကောသလမင်းကြီးကို အကြောင်းပြု၍ ဗုဒ္ဓ ဟောကြားတော်မူသော ဒေသနာတို့သည် ပိဋကတ်တွင် အများအပြား ပါရှိလေသည်၊ မဂဓတိုင်းသည် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးနှင့် အဇာတသတ် ဘုရင်တို့နှင့် စပ်လျဉ်းပြီး ပါဠိပိဋကတ်တွင် အရေးပါခဲ့လေသည်၊ အဇာတသတ်မင်းနှင့် ပသေနဒီကောသလမင်းကြီးသည် တူဝရီးတော်စပ်သည်ဟု ပိဋကတ်တွင် ပါရှိလေသည်၊ (ဒုတိယ သင်္ဂါမသုတ်- သဂါထာဝဂ္ဂသံယုတ်- သံယုတ်နိကာယ်) ဗုဒ္ဓဝါဒ စာပေတို့၌ အရေးပါခဲ့သော အိန္ဒိယ၏ သက်ဦးဆံပိုင် ဧကရာဇ်သုံးဦးတို့သည် တဦးနှင့်တဦး အလွန်ခြားနားသော ပုဂ္ဂိုလ်အနေအထား အရည်အသွေး အမူအယာတို့ ရှိကြသူတို့ ဖြစ်လေသည်။

ပသေနဒီကောသလမင်းသည် ဗုဒ္ဓကို အလွန်အကြူး ကြည်ညိုမြတ်နိုးသူ တဦးဖြစ်သလို ထိုစဉ်က ခေတ်ပြိုင် အခြားအယူဝါဒရှိသူ ပရိဗိုဇ်များ, အစေလကများ (အစေလကတို့သည် အဝတ်မဝတ်သောသူများ ဖြစ်၏) နိဂဏ္ဌများ, ဆံကျစ်ထုံးသော ရသေ့များ,ကိုလည်းဆည်းကပ်သူဖြစ်လေသည်၊(ဓမ္မစေတိယသုတ် မဇ္ဈိမနိကာယ်။ နှင့် သတ္တဇဋိလသုတ်- ကောသလသံယုတ် သံယုတ်ပါဠိတော်။ စသည်တို့ အလိုရကြည့်ပြီး ယူဆခြင်း ဖြစ်သည်) ပသေနဒီကောသလမင်းသည် အယူဝါဒရေးရာ၌ ပြတ်သားသူမဟုတ်ပဲ အရောရော အနှောနှောနှင့် တွေဝေသူ တယောက် ဖြစ်တန်သည်၊ ပသေနဒီကောသလမင်းကို ဗုဒ္ဓဝါဒီ လုံးလုံးဖြစ်ပါသည်ဟုပင် ဆိုရန် ခဲယဉ်းလှလေသည်။

ရာဇဂြိုလ်ပြည့်ရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် သိမ်မွေ့နူးညံ့သူတဦး ဖြစ်သည်ဟု မှန်းဆမိသည်၊ စည်းစိမ်ဥစ္စာကိုလည်း တပ်မက်မှု နည်းပါးသူတယောက် ဖြစ်တန်သည်၊ ဗိမ္ဗိသာရ မင်းကြီးသည် ဗုဒ္ဓကို ပုဂ္ဂိုလ်ရေးရာမှစပြီး တွယ်တာကြည်ညိုသူ ဖြစ်ခဲ့သည်၊ ဗုဒ္ဓ၏ ရုပ်ရေရူပကာ အသွင်သဏ္ဌာန် အမူအရာများမှစပြီး ဗုဒ္ဓအပေါ်၌ ညွတ်နူးကြည်ညိုသူ ဖြစ်တန်သည်၊ ဤသို့ ယူဆရာ၌ ထောက်ရှုဆင်ခြင်ရန် ဥပမာကား-

"သဗ္ဗညုမဖြစ်မီ အလောင်းတော်ဗုဒ္ဓသည်၊ မဂဓတိုင်းသူတို့၏ တောင်ငါးလုံး ကာရံသည့် မြို့ရာဇဂြိုဟ်သို့ ကြွတော်မူ၏၊ ကိုယ်တော်အလုံး၌ ပြန့်နှံ့တည်နေသည့် မြင့်မြတ်ဖူးစင်သော လက္ခဏာရှိသည်ဖြစ်၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။" ၄၁၁-

"ဗိမ္ဗိသာရသည် ပြာသာဒ်ထက်၌ ရပ်တည်လျက် လက္ခဏာတော်တို့နှင့် ပြည့်စုံသော ထိုဘုရားအလောင်းတော်ကို မြင်သောကြောင့် ဤသို့ မိန့်ကြားတော်မူ၏-" ၄၁၂

"အချင်းတို့- ဤသူကို ရှုကြကုန်လော့၊ ရုပ်အဆင်းလှ၏၊ အလုံးအရပ်နှင့် ပြည့်စုံ၏၊ သန့်ရှင်းစင်ကြယ်၏၊ သိမ်မွေ့သော သွားခြင်းနှင့်လည်း ပြည့်စုံ၏၊ ရထား ထမ်းပိုး တပြန်မျှသာ ကြည့်ရှု၏-" ၄၁၃

"အောက်သို့ချသော မျက်လွှာရှိ၏၊ သတိရှိ၏၊ ဇာတ်နိမ့်မှ ရဟန်းပြုသူ ဟုတ်ဟန်မတူ၊ ဤရဟန်းသည် အဘယ်အရပ်သို့ သွားလိမ့်မည်နည်း၊ မင်းစေတမန်တို့ လျှင်လျှင်မြန်မြန် လိုက်ကြကုန်လော့-" ၄၁၄

"အသျှင်ဘုရား-အသျှင်ဘုရားသည် ပျိုလည်းပျို၏၊ ငယ်လည်းငယ်၏၊ ပဌမအရွယ်လည်း ဖြစ်၏ နုလည်းနု၏၊ လုံးရပ်သဏ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ အမျိုးဇာတ်နှင့် ပြည့်စုံသောမင်းနှင့် တူပါသည်-" ၄၂၃

"အသျှင်ဘုရား- အသျှင်ဘုရားအား တပည့်တော်သည် ဗိုလ်ပါအပေါင်းကို အစပြုလျက် စည်းစိမ်ဥစ္စာတို့ကို ပေးပါအံ့၊ အသျှင်ဘုရားသည် ဗိုလ်ပါဆင်မြင်းအပေါင်း ခြံရံလျက် တင့်တယ်စွာ ခံစားပါလော့၊ အမျိုးဇာတ်ကို မေးမြန်းအပ်သည် ဖြစ်၍၊ အသျှင်ဘုရားသည် ဖြေကြားပါလော့-" ၄၂၄

(ပဗ္ဗဇ္ဇာသုတ်-မဟာဝဂ်-သုတ္တနိပါတ်)

ဤအကြောင်းများကို ထောက်ဆသော် ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓအား ပုဂ္ဂိုလ်ရေးမှစပြီး ကြည်ညိုသည်ကို တွေ့နိုင်လေသည်၊ ထို့ပြင် ဗိမ္ဗိသာရမင်းကြီး၏ စိတ်သဘာဝ စေတနာအသွင်တို့ကိုပါ မှန်းဆ နားလည်နိုင်လေသည်၊ နန်းရပ်ထီးဖြူဟူသော မင်းစည်းစိမ် အာဏာကိုသော်မှ စွန့်လွှတ်နိုင်သော ဗိမ္ဗိသာရမင်းကြီး၏ စည်းစိမ်ဥစ္စာတို့အပေါ်၌ တပ်မက်မှု နည်းပါးခြင်းသည် အထူးပင် လေးစားချီးကျူးဖွယ် ကောင်းလေသည်၊ ဤသို့သော ပုဂ္ဂိုလ်ကြီးသည် ဇာတ် အဋ္ဌကထာတို့ အဆိုအရ မိမိ၏ အသဲနှလုံးမှ တသိမ့်သိမ့်နှင့် တစိမ့်စိမ့်ယိုဖိတ်သော မေတ္တာဖြင့် ကြီးစွာသော ချစ်မိခြင်းဖြင့် ချစ်ရသူ သား၏၊ မိမိမတွယ်တာသော နန်းရပ်ထီးဖြူဟူသော အကြောင်းဖြင့် အသတ်ခံသွားရရှာသည်ကား ရင်နင့်ဖွယ်ရာပင် ဖြစ်လေသည်။

အဇာတသတ်မင်း-မဂဓတိုင်းရှင် ဘုရင် အဇာတသတ်သည် ဗုဒ္ဓခေတ် အိန္ဒိယပြည် မြောက်ပိုင်းဒေသတွင် ထင်ရှားကျော်ကြားသော ဘုရင်တပါး ဖြစ်ခဲ့တန်သည်၊ ဤသို့ ယူဆခြင်းသည် ဗုဒ္ဓဝါဒ စာပေတို့တွင် ပါရှိသော အဇာတသတ်မင်း၏ အပြောအဆို အမူအယူ ဘဝဖြစ်စဉ်များကြောင့် ဖြစ်လေသည်၊ ပါဠိ ပိဋကတ်တို့တွင် အဇာတသတ်မင်းကို—

"ရာဇာမာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော-ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် ဘုရင်အဇာတသတ်-"ဟူ၍ အမြဲပင် ပြဆို ပါရှိလေသည်။

အဇာတသတ်မင်းကို ဤသို့ ဝိသေသနဂုဏ်ပုဒ်များဖြင့် ပါဠိပိဋကတ်၌ ပြဆိုထားခြင်းသည် ကောသလမင်း ဗိမ္ဗိသာရမင်း, တို့အား ပသေနဒီ, သေနိယ စသော ဝိသေသနပုဒ်များ တွဲလျက် ပါရှိသကဲ့သို့ ထိုစဉ်က အစဉ်အလာအရ ဂုဏ်ပြုရေးသားခြင်းဖြစ်၍ အဇာတသတ်မင်းအားလည်း ဤသို့ပင် ဂုဏ်ပြုရေးသားခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ချေ။

အဇာတသတ်မင်းသည် ထိုစဉ်က မဂဓတိုင်းသားတို့၏ အသိအမြင်တွင် ဦးရီးတော် ပသေနဒီကောသလမင်း, ဖခမည်းတော် ဗိမ္ဗိသာရမင်းတို့နှင့် အလွန်ခြားနားစွာ သိမြင် နားလည်ထားကြခဲ့တန်သည်၊ ထို့ကြောင့်ပင် တိုင်းကြီးရှင် ဘုရင်ဧကရာဇ်ဖြစ်မှုနှင့် မိခင်၏ အမျိုးအနွယ်တို့ကို ဂုဏ်ယူတင်စားပြီး "ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် ဘုရင်အဇာတသတ်"ဟု ဝိသေသနဂုဏ်ပုဒ်များဖြင့် ချီးမြှင့်ထားခြင်း ဖြစ်နိုင်လေသည်။ တကယ်တန်းအားဖြင့် အဇာတသတ်မင်းသည် ထီးနန်းစည်းစိမ်ကို အလွန်အံ့ဩတုန်လှုပ်ဖွယ်ရာ လုပ်ရပ်ဖြင့် ရယူမင်းပြုခဲ့သူ ဖြစ်လေသည်။

အဇာတသတ်မင်းသည် ဘီ-စီ-၆-ရာစု အိန္ဒိယပြည်၏ သက်ဦးဆံပိုင် ပဒေသရာဇ် ဇာတ်ခုံပေါ်တွင် အဖကိုသတ်၍ နန်းရပ်ထီးဖြူရယူသော ဇာတ်ကွက်အား ဦးစွာပဌမ ဖွင့်လှစ်ကပြသူဖြစ်လေသည်။

အဖကိုသတ်၍ နန်းရပ်ကို ယူခဲ့သူမှန်သော်လည်း အဇာတသတ်မင်း၏ ပြုမူလုပ်ဆောင်ချက်များနှင့် ၎င်း၏ကိုယ်ရေးဖြစ်စဉ်သည် ဗုဒ္ဓခေတ်နှင့် ဗုဒ္ဓဝါဒ သမိုင်းစဉ်တွင် စိတ်ဝင်စားဖွယ်ရာ ခြားနားစွာ ပါရှိလေသည်၊ ဘီ-စီ-၆-ရာစုတဝိုက် အိန္ဒိယပြည်မြောက်ပိုင်းရှိ တိုင်းကြီးရှင် ပြည်နယ်ရှင်ဘုရင်မင်းမြတ်များ, အခြားထင်ရှားသူ မှူးစား,ရွာစား,ဗြဟ္မဏဆရာ, သူဌေးသူကြွယ်များ စသူတို့၏ ဘဝထက် အဇာတသတ်မင်း၏ ဘဝသည်မှောင်မိုက် ဆိုးရွားခဲ့သည်မှာ အမှန်ပင် ဖြစ်လေသည်။ ဤသို့ပင်ဘဝခရီး၌ မယဉ်ကျေး မသိမ်မွေ့ခဲ့သော်လည်း ၎င်း၏ ဗုဒ္ဓနှင့်သံဃာ, သာသနာတို့ကို ထောက်ပံ့ ချီးမြှောက်ခြင်းသည်ကောသလမင်း ဗိမ္ဗိသာရမင်းတို့၏ သာသနာပြုလုပ်ရပ်များထက်မနိမ့်ကျခဲ့ချေ၊ ပိုကောင်း ပိုအံ့ ထင် သည်။ ကောသလမင်းဗိမ္ဗိသာရမင်း စသူတို့သည် ဗုဒ္ဓနှင့် ရဟန်းသံဃာတို့အား ဆည်းကပ်မှုပြုခြင်း ဝိဟာရအဖြစ် နေထိုင်ရာ ဥယျာဉ်မြေများလှူဒါန်းခြင်း စသည်တို့သည် အလွန်ပင် အထောက်အပံ့ကောင်းများ ဖြစ်ခဲ့လေသည်၊ အဇာတသတ်မင်း၏ ဗုဒ္ဓနှင့် အယူဝါဒရေးရာ မေးမြန်းလျှောက်ထားခြင်း စကားရပ်များသည် ဗုဒ္ဓဝါဒီတို့အဖို့ ဗုဒ္ဓဝါဒကို စူးစမ်းလေ့လာ သင်ယူရာ၌ တန်ဖိုးမဖြတ်နိုင်ချေ၊ ဗုဒ္ဓပရိနိဗ္ဗာန် ပြုလေသောအခါ အဇာတသတ်သည်သာသနာ့ဒါယကာ ဗုဒ္ဓဝါဒီတဦးအနေဖြင့် ပဌမ သင်္ဂါယနာ

တင်ရာ၌ ဒါယကာအဖြစ် ပြုစုထောက်ပံ့ခဲ့သည်မှာ ဗုဒ္ဓသာသနာ အဖို့ နှလုံးသည်းပွတ်ကို တည်ဆောက် ပေးသကဲ့သို့ပင် ဖြစ်လေသည်၊ ဤသာသနာ့ဝင် လုပ်ရပ်ကြီးသည် ကျွန်ုပ်တို့ရဟန်းများ အဖို့နှင့် ဗုဒ္ဓဝါဒီများအတွက် အလွန်လျှင် တန်ဖိုးရှိလေသည်။

အဇာတသတ်မင်း၏ ဘဝသည်ရင်း, အယူအဆ စိတ်သဘောသားတို့သည်ရင်း, အလွန်ပင် စိတ်ဝင်စားဘွယ်ရာ ကောင်းလေသည်၊ အဇာတသတ်မင်း၏ဘဝကို ယနေ့မြန်မာ ဗုဒ္ဓဝါဒီတို့သည် ဇာတ် အဋ္ဌကထာတို့၌ လာသည့်အတိုင်း ကောင်းစွာပင် သိကြလေသည်၊ အဇာတသတ်မင်း၏ ဘာသာ အယူဝါဒ ရေး၌ကား သိနားလည်သူ နည်းပါးလှချေမည်၊ အဇာတသတ် မင်းအဖြစ်နှင့် ရှိစဉ် ထိုအချိန်က အိန္ဒိယပြည် မြောက်ပိုင်းတွင် များစွာသော ဘုရားအမည်ခံ အယူဝါဒ တီထွင်ဟောပြောသူ ဂိုဏ်းဆရာကြီးတို့သည် အသီးသီးရှိခဲ့ကြလေသည်၊ ထိုဂိုဏ်းဆရာကြီးတို့သည် အယူဝါဒ ဂိုဏ်းဂဏ တပည့်သာဝကများဖြင့် အိန္ဒိယပြည် ဘာသာရေးနယ်ပယ်တွင် ထယ်ဝါစွာ နေခဲ့ကြလေသည်၊ ထိုသို့သောအခါတွင် ဘာသာ့ဝါဒ အယူအဆရေးရာနှင့် စပ်လျဉ်း၍ အဇာတသတ်မင်း၏ ချဉ်းကပ်စူးစမ်း လေ့လာခြင်းများသည် ဗုဒ္ဓဝါဒ ပါဠိ ပိဋကတ်တွင် ထင်ရှားသည့် သာသနာ့ဝင် အကြောင်းရပ်တို့ ဖြစ်လေသည်။

ထိုအကြောင်းရပ်တို့သည် ဗုဒ္ဓဝါဒအတွက် တန်ဖိုး မဖြတ်ခွမ်းနိုင်သော ပါဠိပိဋကတ် စကားရပ်တို့ဖြစ်သလို ဗုဒ္ဓဝါဒီတို့အတွက်လည်း ဗုဒ္ဓဝါဒအယူအဆတို့၌ ဉာဏ်အလင်းကို ပြည့်နှင်းသော မီးရှူးတန်ဆောင်အလင်းရောင်ဖြစ်လေသည်၊ ဤအကြောင်းရပ်ကို သိနားလည်ခြင်းဖြင့် ဗုဒ္ဓဝါဒီသည် သို့မဟုတ် လောက

နယ်မှ လူသားသည် ဗုဒ္ဓ၏အယူအဆဓမ္မသဘာဝ,နှင့် လူသား, လောကတို့၏ သဘာဝဓမ္မသခ်ါရ,ဖြစ်စဉ် ဖြစ်ရပ်,တို့ကို ယှဉ်တွဲ ရှုမြင် ဆင်ခြင်၍ 'ဝိမုတ္တိရသ ပရမတ္ထသဘာဝ'ကို ကောင်းစွာ သိမြင် သက်ဝင်နိုင်လေမည်ဖြစ်သည်။

ကမ္ဘာ့သမိုင်းစဉ်ခုနှစ်အရ ဤအခါသည် ဘီ-စီ- ၆-ရာစု နှောင်းပိုင်းတွင် ဖြစ်တန်သည်၊ ထိုအခါက အိန္ဒိပြည်မြောက်ပိုင်း မဇ္ဈိမဒေသသည် ယနေ့မြောက်ပိုင်း အိန္ဒိယနှင့် လုံးဝ မတူချေ၊ တောတောင် ရေမြေ အခြေအနေသည် အပူအအေးမျှတသည့် သမပိုင်းတွင် ဖြစ်မည်၊ ရာသီဥတု ကောင်းမွန်သဖြင့် စိုက်ပျိုး ရေး မွေးမြူရေးတို့ ဖြစ်ထွန်းစည်ပင်ခဲ့လေသည်၊ အရှေ့ဘက်၌ ဂင်္ဂါမြစ်သည် တောင်သို့ တငြိမ့်ငြိမ့် စီးဆင်းနေပြီး ဇလန္ဒါမြစ် တဖက်ကမ်းရှိ တောင်တန်းတို့သည် အနောက်ဖက်မှသည် တောင် အရပ်သို့တိုင် သွယ်သွယ်ဝိုင်းပတ်ထားလေသည်၊ ညို့ညို့ မှိုင်းမှိုင်း အုံ့အုံ့ ဆိုင်းသည့် ဝေသီမြင့်မားသော ဟိမဝန္တာ တောင်တန်း ကြီးများကလည်း မြောက်အရပ်တွင် ကာဆီးထား၏၊ ဤသို့ စိမ်းစို ညို့မှိုင်းသည့် တောင်တံတိုင်းကြီးများနှင့် ဂင်္ဂါမြစ်တို့ ဝိုင်းပတ်ထားသည့် မဇ္ဈိမဒေသ၌ ကောသလ, မဂဓ, သက္က, ကောလိယ,စသော တိုင်းကြီး တိုင်းငယ်တို့သည် အသီးသီးပင် တိုင်းရှင် ပြည်ရှင်ဘုရင်မင်းတို့ဖြင့် အုပ်ချုပ်နေသော အခါ ဖြစ်လေသည်၊ ထိုစဉ်က မင်းတို့သည် သက်ဦးဆံပိုင် အာဏာပိုင် ပဒေသရာဇ်မင်းတို့ ဖြစ်လေသည်၊ တောင်ငါးလုံး ဝိုင်းကာသည့် မဂဓတိုင်း၏ဌာနီ ရာဇဂြိုဟ်ပြည်၌ အဇာတသတ် ဘုရင်မင်းမြတ် သည် စိုးစံနေသောအခါ ဖြစ်လေသည်။

အဇာတသတ်မင်းသည် ဝေဒေဟီမိဖုရားကြီးမှ ဖွားမြင်သော သားတော်ဖြစ်၏၊ မိမိ၏ဖခင် သူတော်စင်ပုဂ္ဂိုလ်ကြီး ဖြစ်သော သေနိယ မည်သည့် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံသတ်ဖြတ်ပြီး နန်းရပ်ထီးဖြူကို ရယူသိမ်းပိုက်ခဲ့လေသည်၊ ထို့ကြောင့် မဇ္ဈိမ ဒေသတွင် အဇာတသတ်မင်းသည် အဖသတ်သားအဖြစ် လူသိ များခဲ့သူဖြစ်လေသည်၊ နောင်သောအခါ အသက်အရွယ် ထောက်လာပြီး လောကလူ့ဘဝကိုလည်း ရေလည်စွာ ထိတွေ့ နားလည်ခဲ့လေပြီ၊ ဆုပ်ကိုင်ပြ၍ မရကောင်းသည့် ချစ်ခြင်း မေတ္တာ၏ ပမာနကိုလည်း ကောင်းစွာ နားလည်သိမြင်ခဲ့လေပြီ ဖြစ်၏၊ စည်းစိမ်ဥစ္စာ တန်ခိုးအာဏာ ဟူသည်လည်း လူ့လောက လူ့ဘဝတွင် အချိန်များနှင့်အတူ ရောနှည်းဆုံးပါးနေပါလား, ဟူသော အသိကိုလည်း ရခဲ့လေပြီ။

ရမက်လောဘဇော တက်ကြွ၍ တိုက်ခိုက်သတ်ဖြတ် လုယူ ခဲ့သော တန်ခိုးအာဏာသည် မိမိရင်တွင်းရှိ ရမက်လောဘ၏ မတိုင်းဆနိုင်သော ပမာနဖြင့် နှိုင်းယှဉ်ပါက မြူမျှပင်မရှိချေ၊ သည်တော့လည်း ပြင်းပြစွာ မွတ်သိပ်လျက်ရှိသော ဇောရမက် တို့သည် မီးလျှံသို့ပင် ဖြာတက်လျက်ရှိနေ၏၊ ဖြစ်လေ့ ဖြစ်ထ သဘာဝနှင့် ဖြင်လျက် ရှိနေသည်ကား မိမိရရှိသော တန်ခိုး အာဏာ စည်းစိမ်ဥစ္စာသည် မိမိလိုလား တောင့်တသော စည်းစိမ် ဥစ္စာတန်ခိုးအာဏာနှင့် မနှိုင်းယှဉ်သာချေ၊ အဇာတသတ်မင်း သည် ဤသို့ပင် လူသားတို့၏ အနှစ် မူလ ဖြစ်သော အနန္တသယ တဏှာလောဘ၏ သဘာဝကို သိမြင်ခဲ့လေသည်၊ သည်တော့ လည်း တချိန်ကတက်ကြွခဲ့သော ငါလွှမ်းမိုးသည့် မာန် မာန

တို့သည် နည်းပါးလာလေသည်၊ ဘဝကို အသိဉာဏ်နှင့် ယှဉ်၍ ဆင်ခြင်စဉ်းစားမိသောအခါ အဇာတသတ်မင်းသည် ဆင်းစပြုသော ဒီရေကဲ့သို့ သိမ်မွေ့ တည်ငြိမ်သူတယောက် ဖြစ်လာလေတော့သည်။

* * *

# ၂

# အဇာတသတ်ဘုရင်၏

# ညီလာသဘင်

မိုးတိမ်ကင်းသည့် ကောင်းကင်ပြင်သည် ကြည်စင်လှ၏၊ ပြာလဲ့သော ကောင်းကင်ပြင်တွင် ဖြူလွလွတိမ်မျှင်တိမ်တန်းတို့မျှ မရှိချေ၊ ဤသို့ ကောင်းကင်ပြင်ကြီး မွတ်မွတ်စင်၍ ပြာပြာ ကြည်သောအခါ၌ ကုမုဒြာကြာတို့သည် ဖူးပွင့်ကြပြီဖြစ်၏၊ မိုးလေးလတို့ ကုန်ဆုံးသော်လည်း ကြွင်းရစ်သည့် မိုးသက်နှံ့ လေးများနှင့် ကုမုဒြာကြာရနံ့တို့သည် လေရူးတွင် မြူးကြွစွာ သင်းပျံ့လျက် ရှိလေသည်။

ရှေးဟောင်းအိန္ဒိယသား ဗြဟ္မဏဆရာကြီးများက ဤသို့သော ကုမုဒြာကြာ ပွင့်ဖူးသည့် မိုးရာသီအဆုံး တန်ဆောင်မုန်းလ အခါတွင် တိမ်စင်ကောင်းကင်၌ နက္ခတ်ပေါင်းစုံသည်ဟု ဆိုထား ကြလေသည်၊ နှစ်,ဥတု,လ,တို့၏ပြည့်ရာ တဆယ့်ငါးရက်မြောက် ဥပုသ်ဖြစ်သော တန်ဆောင်မုန်း လပြည့်နေ့ ညဉ့်၏ ကောင်း ကင်သည် နက္ခတ်တာရာ ဂြိုဟ်ကမ္ဘာတို့ ထွန်းပစုံညီသောအခါ ဖြစ်၏၊ ငွေစင်ရောင်ကြွသည့် လမင်းစန္ဒာသည် ပြာကြည်သော ကောင်းကင်တွင် ဘင့်တယ်စွာ စမ္ပာယ်လျက်ရှိလေသည်၊ ရွှန်းမြ ဝင်းဖိတ်သည့် အေးကြည်သော လရောင်ရိပ်သည် ကမ္ဘာကြီးကို

ထွေးပိုက်ထား၏၊ ဝင်းဝင်းအိသည့် လပြည့်ဝန်းကို နက္ခတ်တာရာတို့သည် ခြံရံခစားကာ ကောင်းကင်တွင် ညီလာခံသဘင် ဆင်ယင်လျက် ရှိသည်။

ဤသို့ ကောင်းကင်၌ နက္ခတ်တာရာဂြိုဟ်ကမ္ဘာတို့ လမင်းကို ဝင်းရံခစားနေသကဲ့သို့ပင် ရာဇဂြိုဟ်ပြည်ရှင် ဘုရင် အဇာတသတ်သည် ထိုလပြည့်နေ့ညဉ့်၌ မင်းအမတ်ပေါင်း ခြံရံလျက် မြတ်သော နန်းပြာသာဒ်ထက်၌ စံနေလျက်ရှိစဉ်ဖြစ်၏၊ အဇာတသတ်မင်းသည် သဘာဝလောက၏ ဆွတ်ပျံ့ဘွယ်ရာ သာယာမှု၌ နှစ်မျောကာ ရင်တွင်းဝယ်ကြည်နူးမှုများ ငြိမ့်ငြိမ့်ဖြာလျက် ရှိလေသည်၊ ဤကဲ့သို့ အလွန်လျှင် တင့်တယ်သာယာသော ညဉ့်မျိုး၌ ဘာသာဝါဒ ဂိုဏ်းခေါင်းဆောင် သမဏ ဗြာဟ္မဏ တို့နှင့် တရားဓမ္မ အယူအဆများ နှီးနှော မေးမြန်းရပါမူ ကောင်းမြတ်အံ့ဟု တွေးမိလေသည်၊ သို့သော် ရာဇဂြိုဟ်မြို့တွင် ဆရာအမည်ခံပြီး ဘုရားအဖြစ်နှင့် အသီးသီးနေကြသော ဂိုဏ်း ဆရာကြီးတို့သည် များစွာပင် ရှိလေသည်၊ ထိုဂိုဏ်းဆရာကြီး တို့သည် တဦးနှင့်တဦး အယူဝါဒ အကျင့်အကြံတို့ တူညီကြသည် မဟုတ်ချေ၊ ခြားနားကြ၏၊ အချို့ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် ကြ၏၊ ထို့ကြောင့် အဇာတသတ်မင်းသည် မည်သည့်ဂိုဏ်းဆရာကို ဆည်းကပ်ရမူ ကောင်းလေအံ့ဟု မဝေခွဲနိုင်အောင် ဖြစ်နေလေ သည်၊ သည်တော့ မိမိရှေ့မှောက်တွင် ခစားနေကြသော မင်းအမတ်များကို သတိမူမိလေ၏၊ ဤအမတ်တို့သည် အတွေး အမြင် ကြီးကျယ်သူတို့ဖြစ်၏၊ အဆင်ခြင်ဉာဏ် အသိပညာလည်း ရှိကြလေသည်၊ ထိုမင်းအမတ်တို့ကို မေးမြန်းပြီး ၎င်းတို့ တင်လျှောက်သည်၌ မိမိဆန္ဒနှင့် သင့်လျှော်ကောင်းမြတ်သည်ဟု

ထင်မြင်သော ဂိုဏ်းဆရာကို ဆည်းကပ်ရမှု ကောင်းပေမည်ဟု တွေးမိလေသည်၊ ထိုအခါ ဝေဒေဟီမိဖုရား၏သား မာဂဓတိုင်းရှင်ဘုရင် အဇာတသတ်သည် အမတ်တို့အား ဤသို့မိန့်တော်မူလေသည်။

> “အချင်းတို့ လသာသောညဥ့်သည် မွေ့လျော်ဖွယ်ကောင်းစွတကား။ အချင်းတို့ လသာသောညဥ့်သည် အလှန်လှပစွတကား။ အချင်းတို့ သသာလောညဥ့်သည် ရှုချင်ဖွယ် ကောင်းစွတကား။ အချင်းတို့ လသာသော ညဥ့်သည် ကြည်နူးဖွယ် ကောင်းစွတကား။ အချင်းတို့ လသာသော ညဥ့်သည် မှတ်သားဖွယ် ကောင်းလေစွတကား။ အချင်းတို့ ယခု အဘယ်မည်သော သမဏ ဗြဟ္မဏကို ငါတို့ ဆည်းကပ်ရပါကုန်အံ့နည်း၊ အဘယ်သမဏ ဗြဟ္မဏကို ဆည်းကပ်ရပါလျှင် ငါတို့၏စိတ်သည် ကြည်လင်ရပါအံ့နည်း”

အဇာတသတ်မင်းက ဤသို့ မိန့်ဆိုကျူးရင့်သည်ရှိသော် နန်းပြာသာဒ်တခုလုံး အတန်ကြာအောင်ပင် ငြိမ်ဆိတ်သွား၏၊ ဤအရာ၌ သင့်လျော်ရာရာကို မင်းမြတ်အား အကြံပေးလျှောက်ထားရမည်ဖြစ်လေသည်၊ မင်းမြတ်၏ဆန္ဒသည် မည်သည့်ဂိုဏ်းဆရာကို ညွှတ်မှန်းလည်း မမှန်းဆနိုင်ချေ၊ မိမိတို့ဆည်းကပ်လိုက်နာ ကျင့်သုံးသော ဆရာဘုရားတို့ကို ဆည်းကပ်ရန် လျှောက်ထားလိုကြသည်၊ အဇာတသတ်မင်းကဲ့သို့ မာဂဓတိုင်းရှင်

ဘုရင်တပါး ဆည်းကပ်ကိုးကွယ်သော ဆရာ၏ဂိုဏ်းနှင့် အယူဝါဒသည် ရာဇဂြိုဟ်တခိုတွင်အလွန်ပင်ကျော်ကြား ထင်ပေါ်မည် ဖြစ်လေသည်။

မင်းအမတ် တယောက်သည် ဦးစွာပင် မာဂဓတိုင်းရှင် အဇာတသတ်မင်းအား ဤသို့လျှောက်တင်လေသည်။

"မင်းမြတ် ဤပူရဏကဿပသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်းပြည့်စုံ၏၊ ဂိုဏ်းဆရာလည်းဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တီထွင်သူဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏၊ ရဟန်းဝါရင့်၏၊ ရဟန်းသက်ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏၊ မင်းမြတ်သည် ထိုပူရဏကဿပကို ဆည်းကပ်တော်မူပါ၊ ပူရဏကဿပကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏"

မင်းအမတ်က ဤသို့လျှောက်တင်သော် ညီလာခံသဘင်ရှိ အခြားသော အမတ်များသည် ထိုပူရဏကဿပ၏ တပည့် ဒါယကာဖြစ်သော အမတ်ကို ဝိုင်းပြီး ကြည့်ကြလေသည်၊ အဇာတသတ်မင်းကား နည်းနည်းမျှ လှုပ်ရှားစိတ်ဝင်စားသော အမူအရာကို မပြချေ၊ ဆိတ်ဆိတ်သာလျှင် မည်သို့မျှ မိန့်တော်မမူပဲ စံနေလျက်ရှိလေသည်။

ထိုအခါ အခြားသော မင်းအမတ်တယောက်သည် ဝေဒေဟီမိဖုရား၏သား မာဂဓတိုင်းရှင် ဘုရင် အဇာတသတ်မင်းအား ဤသို့ လျှောက်ထားလေသည်။

"မင်းမြတ် မက္ခလိဂေါသာလ, ဟူသည် မင်းမြတ်ကြားသိတော်မူပါလိမ့်မည်၊ ဤမက္ခလိဂေါသာလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံပါ၏၊ များပြားကြီးမားသော ဂိုဏ်းအဖွဲ့အစည်းနှင့်လည်း ပြည့်စုံပါ၏၊ ထိုဂိုဏ်းဆရာလည်းဖြစ်ပါသည်၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တီထွင်သူ ဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထား၏၊ ရဟန်းဝါရင့်၏၊ရဟန်းသက်ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏၊ မင်းမြတ်သည် ထိုမက္ခလိဂေါသာလကို ဆည်းကပ်တော်မူပါ၊ အသျှင်မြတ် ပက္ခလိဂေါသာလကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏"

ဝေဒေဟီမိဖုရား၏သား မာဂဓတိုင်းရှင် ဘုရင် အဇာတသတ်သည် မက္ခလိဂေါသာလ၏ တပည့်အမတ်ကြီးကို ဝေ့ကာကြည့်တော်မူလိုက်သည်၊ မက္ခလိဂေါသာလဟူသည် သူ့အဖို့ သစ်ဆန်းသော သမဏကြီး တဦးမဟုတ်ပါချေ။

အခြားသော မင်း အမတ်များသည် မက္ခလိဂေါသာလ၏ တပည့် အမတ်ကို စိတ်တွင်းမှ ကြိတ်ပြီးပြုံးကြလေသည်။

မင်းအမတ်တယောက်သည် မဝန့်မရဲနှင့် ဖြတ်ကနဲ မော့ကြည့်ပြီး အဇာတသတ်မင်း၏ အမူအရာကို အကဲခတ်လိုက်လေသည်၊ ထိုနောက် ဤသို့လျှောက်တင်လေသည်။

"မင်းမြတ် ဤအဇိတကေသကမ္ဗလသည် ယခု ရာဇဂြိုဟ်မြို့တွင်ရှိပါ၏၊ ထင်ရှားကျော်ဇောသူ သူတော်စင်ကြီးတဦး ဖြစ်ပါ၏၊ များစွာသော တပည့်အပေါင်းရှိသည့် ဂိုဏ်းဆရာကြီးလည်း ဖြစ်၏၊ များစွာသော တပည့်အပေါင်းတို့၏ မှီခိုအားထားရာလည်း ဖြစ်ပါသည်၊ လူအပေါင်းတို့ကလည်း သူတော်ကောင်းဟု သမုတ်ထားသူ ဖြစ်ပါသည်၊ ရဟန်းသက်ရှည်၍ ရဟန်းဝါရင့်သူလည်း ဖြစ်ပါ၏၊ အရွယ်၏အဆုံးသို့ ရောက်နေသူလည်းဖြစ်၏၊ မင်းမြတ်သည် အဇိတကေသကမ္ဗလ ကို ဆည်းကပ်တော်မူပါ၊ အဇိတကေသကမ္ဗလကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါသည်။"

ဤသို့ လျှောက်သော်လည်း မဂဓတိုင်းရှင် ဘုရင် အဇာတသတ်သည် ဆိတ်ဆိတ်သာလျှင်နေ၏၊ ထိုအခါ ပကုဓကစ္စာယန၏ တပည့်သာဝကဖြစ်သော အမတ်ကြီးသည် ဤသို့ လျှောက်တင်ပြန်လေသည်။

"မင်းမြတ် ဤပကုဓကစ္စာယနသည် အဆုံးအရွယ်သို့လည်း ရောက်လျက်ရှိ၏၊ ရဟန်းဝါရင့်၍ ရဟန်းသက်လည်းရှည်သူဖြစ်ပါ၏၊ ရှေးဆရာ အဆက်ဆက်ကိုလည်း မှီပါ၏၊ ကိုယ်ပိုင်ဂိုဏ်းရှိ၍ ဂိုဏ်းဆရာလည်း ဖြစ်ပါ၏၊ တပည့်အပေါင်းနှင့်လည်း ပြည့်စုံသူဖြစ်၏၊ ကိုယ်ပိုင် အယူဝါဒ တီထွင်သူဖြစ်၏၊ ထို့ကြောင့် ကျော်စောထင်ရှားသူ သူတော်စင်ကြီးတဦး ဖြစ်၏၊

ရာဇဂြိုဟ် ပြည်သားပြည်သူ အများစုတို့ကလည်း သူတော်ကောင်းဟု သတ်မှတ်ထားသူ ဖြစ်ပါသည်၊ မင်းမြတ်သည် အသျှင် ပကုဓကစ္စာယနကို ဆည်းကပ်တော်မူပါ၊ ပကုဓကစ္စာယနကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏”

အဇာတသတ်မင်းသည် ပင့်သက်ကို ဖြေးလေးစွာရှိုက်လိုက်မိသည်၊ ဤဆရာ သမဏတို့၌ သူ့အနေနှင့် လုံးဝစိတ်ဆန္ဒမရှိချေ။

မိမိ၏ မိဘဘိုးဘွားစဉ်ဆက် ဆည်းကပ်ကိုးကွယ်လာသော ဆရာကြီး သဉ္စယကို မင်းမြတ် လိုလားအံ့ဟု သဉ္စယဗေလဋ္ဌပုတ္တ၏ တပည့်တဦးဖြစ်သော မင်းအမတ်သည် တွေးမိ၏၊ စင်စစ် သဉ္စယသည် ရာဇဂြိုဟ်တခို၌ ထင်ရှားကျော်ကြားလူသိများသော ဂိုဏ်းဆရာကြီးတဦး ဖြစ်လေသည်။

“မင်းမြတ် ဗေလဋ္ဌ၏ သားဖြစ်သော သဉ္စယသည် ရာဇဂြိုဟ်သား ရာဇဂြိုဟ်သူအများတို့ ကိုးကွယ်ဆည်းကပ်သော ဆရာသမဏတပါး ဖြစ်ပါသည်၊ ထင်ရှားကျော်ကြားသည့် ပညာရှိ တပည့်အပေါင်းနှင့်လည်း ပြည့်စုံပါ၏၊ ဂိုဏ်းဆရာဖြစ်၍ အယူဝါဒ တီထွင်ဟောပြောနေသူလည်း ဖြစ်ပါ၏၊ အသိဉာဏ် အမြင်ပညာ လွန်စွာကြီးမားသူ ဖြစ်ပါသည်၊ အရွယ်ဝုဍ္ဎိ အဆုံးသို့ ရောက်သူဖြစ်ပြီး ရဟန်းဝါရင့်၍ ရဟန်းသက်ကြာမြင့်သူဖြစ်ပါသည်၊ မင်းမြတ်သည် ထိုသဉ္စယဗေလဋ္ဌပုတ္တကို ဆည်းကပ်တော်မူပါ၊ သဉ္စယဗေလဋ္ဌပုတ္တကို

ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် အယူအမြင်
ကြည်လင်တန်ရာပါ၏။"

လျှောက်တင်သော မင်းအမတ်ကို အဇာတသတ်မင်းသည် တွေ့ပြီးကြည့်လိုက်၏၊ သဥ္စယသည် ရာဇဂြိုဟ်၌ အသိညာဏ် အရာတွင် ကြီးမားသူအဖြစ် ကျော်ကြားသူဖြစ်၏၊ ရာဇဂြိုဟ်၏ အထက်တန်းစား အများစုတို့၏ ကိုးကွယ် ဆည်းကပ်ခြင်းကို ခံယူရသူလည်းဖြစ်သည်၊ သို့သော် သဥ္စယ၏ ဝါဒ အယူအဆကို အဇာတသတ်မင်းသည် နာယူဘူးလေသည်၊ သူ့အနေဖြင့် ရေရေ ရာရာ မရှိပဲ ရင်မောဖွယ်ရာ ကောင်းလေစွဟု ယူဆထားခဲ့ လေသည်၊ သို့ကြောင့်ပင် မည်သို့မျှ ပြန်လည် မိန့်ကြားခြင်း မပြုပဲ ဆိတ်ဆိတ်ပင် နေတော်မူလိုက်လေသည်။

မင်းအမတ်တို့ကား လွန်စွာပင် အကြံအိုက်လျက် ရှိကြလေ သည်၊ မိမိတို့ယုံကြည် ဆည်းကပ်ရာ အယူဝါဒ တီထွင်ဟော ပြောသူ ဂိုဏ်းဆရာကြီးတို့ကို အသီးသီးလျှောက်တင်ကြခဲ့လေပြီ၊ သို့သော် မင်းမြတ်သည် မည်သည့်ပုဂ္ဂိုလ်ကိုမျှ လိုလားမှုမပြချေ၊ ရာဇဂြိုဟ်ရှိ ထင်ရှား ကျော်ကြားသော ဂိုဏ်းဆရာ သမဏတို့ သည်လည်း ကုန်သလောက် ရှိလေပြီ ဖြစ်၏။

နိဂဏ္ဌဂိုဏ်းဝင် နိဂဏ္ဌနာဋပုတ္တ၏ တပည့်သာဝကဖြစ်သော အမတ်ကြီးသည်ကား ရင်ထည်းမှ ကြိတ်ပြီး ဝမ်းသာလျက်ရှိ၏၊ ရာဇဂြိုဟ်ရှိ ထင်ရှားသူဆရာကြီးတို့ကို လျှောက်တင်ခဲ့သည်မှာ သူ၏ဆရာဇိနဘုရား နိဂဏ္ဌနာဋပုတ္တ တဦးသာလျှင် ကျန်တော့ သည်၊ ဘုရင်မင်းမြတ်သည် ကေန်ကေ နိဂဏ္ဌနာဋပုတ္တကို ဆည်းကပ်လိုခြင်းသာ ဖြစ်မည်ဟုလည်း တွက်ထားလိုက်၏၊ ယခုလို အချိန်အခါဆိုလျှင် အသျှင်ကောင်း နိဂဏ္ဌနာဋပုတ္တသည်

သဲသောင်လွင်ပြင်၌ *'ပဋ္ဌာတပ'အကျင့်မြတ်ဖြင့် ကံဟောင်းတို့ကို ကင်းစင်ပပြောက်စေလျက် ကံသစ်တို့ကို ပိတ်ပင်တားဆီးလျက် ရှိနေလေမည်ဖြစ်သည်။ *( ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု ပဋ္ဌမတွဲ စာမျက်နှာ ၁၇၉-တွင် ကြည့်ယူပါ။)

နိဂဏ္ဌနာဋပုတ္တ၏ တပည့်အမတ်ကြီးသည် ဤသို့ အဇာတသတ်မင်းအား လျှောက်ထားလေသည်။

"ဝေဒေဟီမိဖုရား၏သားမဂဓတိုင်းရှင်အဇာတသတ် အရှင်မင်းမြတ်ဘုရား၊ မဇ္ဈိမတခိုတွင် အကျွန်ုပ်တို့၏ အရှင် နိဂဏ္ဌနာဋပုတ္တသည် အယူဝါဒ၌ လွန်စွာမှု ကျွမ်းကျင် လိမ္မာပါသည်ဘုရား၊ နိဂဏ္ဌဂိုဏ်းဟူသည် အထူးဆိုဖွယ်မရှိ ထင်ရှားကျော်ကြားလှပါသည်ဘုရား၊ နိဂဏ္ဌအရှင်မြတ်ကို အများပြည်သူတို့က သူတော်ကောင်းဟု သမုတ်ပါသည်ဘုရား၊ တဏှာရာဂကို အကြွင်းမဲ့ နှိမ်နင်းတားဆီး အောင်မြင်သဖြင့် ဇိန ဟူသော အမည်ကို ရရှိပါသည်ဘုရား၊ လွန်လေပြီ ဖြစ်သော ဆရာသွာပနာထ၏ အယူကို လက်ခံဟော ကြားသူဖြစ်ပါသည်ဘုရား၊ ဆရာစဉ်ဆက်ခံယူလာသော အယူဝါဒနှင့် ရဟန်းသက် ရဟန်းဝါ ရှည်ကြာမြင့်သူ ဖြစ်ပါသည်ဘုရား၊ အရှင်မင်းမြတ်သည် ထိုနိဂဏ္ဌနာဋ ပုတ္တကို ဆည်းကပ်တော်မူပါဘုရား၊ ခတ္တိယနွယ်ဝင် မင်းမျိုးဖြစ်သော နိဂဏ္ဌနာဋပုတ္တကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်ဝင်းပပါလိမ့်မည်ဘုရား"

---

* ပဋ္ဌာတပ၊
ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု ပဋ္ဌမတွဲစာမျက်နှာ ၁၇၉ တွင်ကြည့်ယူပါ။

အဇာတသတ်မင်းသည် မဇ္ဈိမဒေသတွင် ကျော်ကြားထင်ရှားသော နိဂဏ္ဌနာဋ္ဌပုတ္တ၏ အယူဝါဒကို ကောင်းစွာသိလေသည်၊ မိမိ၏ မင်းအမတ်အချို့နှင့် သီဟစစ်သူကြီးတို့သည် နိဂဏ္ဌနာဋ္ဌပုတ္တ၏ တပည့်ဒါယကာများ ဖြစ်ကြလေသည်၊ အချို့သော သူဌေး သူကြွယ်တို့သည် နိဂဏ္ဌနာဋ္ဌပုတ္တကို ဆည်းကပ်သူတို့ ဖြစ်ကြလေသည်၊ သို့သော် မိမိသည်ကား နိဂဏ္ဌတို့၏ အယူဝါဒကို လက်မခံနိုင်ချေ၊ နိဂဏ္ဌတို့သည် အတိတ်ဘဝမှ ကံများကို ဟောပြောယူဆသူတို့ ဖြစ်ကြလေသည်၊ လူ့ဘဝလောကတွင် လူသားတိုင်း ကိုယ်လက်ငင်း ဒိဋ္ဌ အလုပ်လုပ်မှ အစားအစာ အဝတ်အထည်တို့ကို ရရှိ စားသုံးနိုင်ကြလေသည်၊ မိမိကိုယ်တိုင်ပင်လျှင် အတိတ်ဘဝမှ အကြောင်းကံကို ယုံစားပြီး နေခဲ့မိပါက ဤနန်းရပ်ထီးဖြူကို ရကောင်းမှ ရပေမည်၊ မိမိကိုယ်တိုင် မိမိဖခင်ကို သတ်ဖြတ် လုယူခဲ့သဖြင့် ယနေ့ မဟာရာဇာတပါး ဖြစ်နေလေပြီ ဖြစ်၏၊ အဇာတသတ်မင်းသည် ဤသို့ ရေရေရာရာ မဟုတ်သည်ကို လူ့ဘဝအတွက် ပဓာန အကြောင်းတရားအဖြစ် ယူဆသည်ကို မနှစ်သက်ပေ၊ ထို့ကြောင့်ပင် မည်သို့မျှ မိန့်တော်မမူပဲ ငြိမ်သက်စွာပင် နေတော်မူလိုက်လေသည်။

မင်းနှင့်အမတ်တို့ ရှိနေသော်လည်း နန်းပြာသာဒ် တခုလုံးသည် ငြိမ်သက်လျက် ရှိ၏၊ မင်းအမတ်တို့သည်လည်း မည်သို့မျှ မလျှောက်တင်နိုင်ဖွမ်းတော့ချေ၊ အဇာတသတ်မင်း၏ မနီးမဝေးတွင် ခစားနေသော နိဂဏ္ဌ၏တပည့် သီဟစစ်သူကြီးပင်လျှင် အဇာတသတ်မင်းအား နားမလည်နိုင်သလို ကြည့်နေမိလေသည်။

အဇာတသတ်မင်းသည် ဤကဲ့သို့ လွန်စွာမှ သာယာကြည်နူး ဖွယ်ရာနှင့် ပြည့်စုံသည့် အသရေရှိသောညဉ့်၌ သမဏ ဗြဟ္မဏ တို့ကို ဆည်းကပ်လိုသည်ဟု မိန့်ဆို ကျူးရင့်တော်မူလေသည်၊ သို့သော်လည်း ရာဇဂြိုဟ်ရှိ အားလုံးသော ထင်ပေါ်ကျော်ကြား သည့် သမဏ ဗြဟ္မဏများကို လျှောက်တင်သော်လည်း မင်းမြတ်သည် မည်သို့မျှ မိန့်တော်မမူ၊ စိတ်ညွတ်ခြင်းလည်း လုံးဝရှိဟန် မတူချေ၊ ကျော်ကြားပါသည်ဆိုသော ရာဇဂြိုဟ်ရှိ သမဏ ဗြဟ္မဏတို့ကား ကုန်လေပြီ ဖြစ်၏၊ မည်သည့်သမဏကို ပြညွှန်ရအံ့နည်း၊ မင်းအမတ်တို့သည် နောက်ထပ် ပြညွှန်း လျှောက်တင်သင့်သော သမဏ ဗြဟ္မဏ တစုံတဦးကိုမျှ မတွေ့မိ တော့ချေ၊ မင်း၏ အလိုဆန္ဒကား သိနိုင်ခက်ခဲလွန်းလေစွ တကား၊ ရေ၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်ကို ကြည့်သော အားဖြင့် သိနိုင်သော်လည်း၊ မင်း၏ အလိုဆန္ဒကိုကား သိနိုင်ရန် မည်သည်ကို ရှုဆင်ခြင်ပါအံ့နည်း။

အဇာတသတ်မင်းသည် မိမိရှေ့မှောက်တွင် ခစားနေကြသော မင်းအမတ် အားလုံးသော ကျွန်အမှုလုပ် ပရိသတ်ကို တဦးစီ ကြည့်တော်မူလေသည်၊ မိမိ၏အနီးတွင် ထိုင်လျက်ခစားနေသော အဘယမင်းသား မွေးစားသည့် ဆေးသမားဇီဝကကို သတိမူမိ သည်၊ ဇီဝကသည် မိမိနှင့် အသက်အရွယ်ခြင်း ကွာလှသည် မဟုတ်ချေ၊ ဇီဝကသည် ဆေးအတတ်ကို ကျွမ်းကျင်သလို အသိ ဉာဏ် ဗဟုသုတ အရာ၌လည်း နှံ့စပ်လိမ်မာသူ ဖြစ်သည်၊ အခြားအခြားသော မင်းအမတ်များသည် အသီးသီးပင် မိမိတို့၏ ဆည်းကပ်ရာ ဆရာများကို လျှောက်တင်သော်လည်း ဇီဝက

ကား ဘာမျှ မလျှောက်တင်ချေ၊ ဤညီလာသဘင်၌ ဇီဝက သည် ငြိမ်သက်လျှလေသည်၊ အဇာတသတ်ဘုရင်သည် ဇီဝက အား ဤသို့ မိန့်တော်မူလိုက်လေသည်။

"အချင်းဇီဝက သင်သည် ငြိမ်သက်လှပါသကား၊ အဘယ်ကြောင့် ဆိတ်ဆိတ်နေဘိသနည်း၊ သင်၏ အသိအလိမ္မာဉာဏ်တွင် လျှောက်တင်ဖွယ်ရာ မရှိပါသလော"

အားလုံးသော မင်းအမတ်ပရိတ်သတ်အပေါင်းသည် ဇီဝက ကို ဝိုင်းပြီး ကြည့်လိုက်ကြလေသည်။

"မင်းမြတ်- အကျွန်ုပ်၏ အသိဉာဏ်၌ အလင်းတန်ဆောင် ရှိပါသည်ဘုရား၊ ထိုအလင်းတန်ဆောင်သည် အကျွန်ုပ်ဘဝအတွက် ထွန်းပလျက်ရှိသော်လည်း အရှင်မင်းမြတ်အဖို့ ထွန်းလင်းကောင်းမှ ထွန်းလင်းပါလိမ့်မည်၊ အကျွန်ုပ်ဘဝတွင် ချမ်းမြေ့ဖွယ်ရာ ဖြစ်သော်လည်း အရှင်မင်းမြတ်အဖို့ ကြည်လင်ကောင်းမှ ကြည်လင်ပါလိမ့်မည်၊ သို့အတွက် အကျွန်ုပ် ဆိတ်ဆိတ်သာလျှင် နေပါသည် မင်းမြတ်"

"အချင်း ဇီဝက - ထိုသင်ဆိုသော အလင်းတန်ဆောင်သည် သင်ဇီဝက တဦးထည်းအတွက် သက်သက်သာ ထွန်းပပါသလော"

"အကျွန်ုပ် တဦးထည်းအတွက်မျှသာ မဟုတ်ပါဘုရား၊ ပညာဉာဏ်နှင့်ပြည့်စုံသည့် အားလုံးသောလူသားသတ္တဝါများအတွက်ပါ ဘုရား၊ ယုံကြည်မှုသဒ္ဓါတရားဖြင့် ဆည်းကပ်ပါက ငြိမ်းချမ်းလွတ်မြောက်မှုအလင်းတန်ဆောင်သည် ထွန်းပသည်သာ ဖြစ်ပါသည် မင်းမြတ်"

"သို့ဖြစ်လျှင် လျှောက်တင်ပါ ဇီဝက၊ သင်ဆိုသောထိုအလင်းတန်ဆောင်သည် ငါတို့၏စိတ်ကို ကြည်လင်တန်ရာပါလိမ့်မည်၊ ငါတို့အတွက်လည်း အလင်းတန်ဆောင် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်"

"မင်းမြတ် ပူဇော်အထူးကို ခံတော်မူထိုက်သောအလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဗုဒ္ဓမြတ်စွာသည် တထောင့်နှစ်ရာ ငါးကျိတ်ရှိသော များစွာသော ရဟန်းသံဃာတို့နှင့်အတူ အကျွန်ုပ်တို့၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူပါသည်၊ ထိုမြတ်စွာဘုရား၏ကောင်းသောကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့ထွက်ပါသည်။

ထိုဗုဒ္ဓမြတ်စွာသည် ပူဇော်အထူးကို ခံယူတော်မူထိုက်သောကြောင့် အရဟံ, မည်တော်မူ၏။ အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် မှန်စွာ သိတော်မူသောကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ, မည်တော်မူ၏။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော် မူသောကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န, မည်တော်မူ၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော ကြောင့်လည်း သုဂတ မည်တော်မူ၏။ လောကကို ပညာဖြင့် သိတော်မူသောကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။ ဆုံးမထိုက်သူကိုဆုံးမ တတ်သည့်အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသောကြောင့်လည်း အနုတ္တရော ပုရိသ ဓမ္မသာရထိ မည်တော်မူ၏။ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသောကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။ သစ္စာလေးပါးကို သိစေတော် မူသော ကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။ ဘုန်းတန်ခိုးကြီး တော် မူသောကြောင့်လည်း ဘဂဝါ မည်တော်မူ၏။ ဗုဒ္ဓ မြတ်စွာ၏ ကောင်းသတင်းသည် လူအများတွင် ဤသို့ပြန့်နှံ့ ကျော်စော ပါသည်၊ မင်းမြတ်သည် ထို ဗုဒ္ဓကို ဆည်းကပ်လိုသော စေတနာသဒ္ဓါ ရှိပါက ဆည်းကပ်တော်မူပါ၊ ဗုဒ္ဓကိုဆည်းကပ်ပါက မင်းမြတ်၏ စိတ်သည် ကြည်လင်တန့်ကောင်းပါ၏။"

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် တွေပြီး စဉ်းစား နေမိသည်၊ ဗုဒ္ဓဟူသောအမည်သည် သူ့စိတ်အစဉ်ကို အတော်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားမိသည်။

"အချင်း ဇီဝက သင်သည် ရဟန်းဂေါတမကို ဆိုသည် မဟုတ်လော"

"မှန်ပါသည် မင်းမြတ် အကျွန်ုပ်သည် သကျ သာကီယနွယ် ဗုဒ္ဓ ဂေါတမကို ရည်ညွှန်းပြီးဆိုပါသည် မင်းမြတ်"

အဇာတသတ်မင်းသည် ကျေနပ်စွာ ခေါင်းကို တဆတ်ဆတ် ညိမ့်တော်မူလေသည်၊ ရဟန်း ဂေါတမကို သူအတော်ပင် စိတ်ဝင်စားလေသည်၊ တွေ့မြင် သိရှိခြင်းလည်း ရှိခဲ့လေသည်၊ သို့သော် ရဟန်း ဂေါတမ၏ အယူဝါဒကိုကား ကောင်းစွာ မသိချေ၊ ထိုသို့ပင် ဖြစ်သော်လည်း ရဟန်း ဂေါတမသည် သူ့ဘဝနှင့် အနည်းအပါးဆိုသလို တစိတ်တပိုင်း ဆက်စပ် ခဲ့လေသည်။

မိမိ၏ ဖခမည်းတော် ဗိမ္ဗိသာရ မင်းကြီးသည် ရဟန်း ဂေါတမကို ဆည်းကပ် ကိုးကွယ်သူ ဖြစ်လေသည်၊ ရဟန်း ဂေါတမ ဟောကြားပြဆိုသော အယူအဆ အကျင့်များကို လိုက်နာ ယုံကြည် ကျင့်သုံးသူတဦး ဖြစ်လေသည်၊ ရဟန်း ဂေါတမသည် သမ္မာသမ္ဗုဒ္ဓ မဖြစ်မီက ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံ လှည့်လည်လေ့ ရှိခဲ့သည်၊ ထိုစဉ်ကပင် ခမည်းတော် ဗိမ္ဗိသာရသည် ရဟန်း ဂေါတမကို ကြည်ညို တွယ်တာသူ ဖြစ်လေသည်၊ မည်မျှ ကြည်ညိုပါသနည်းဟု ဆိုမူ ဗိုလ်ပါအပေါင်းနှင့် စည်းစိမ် ဥစ္စာ နန်းရပ်ထီးဖြူကို ပေးလှူ ခဲ့သည်ဟု နန်းတွင်းမှ တဆင့်စကား ကြားဘူးခဲ့လေသည်၊ နောင်အခါ ထိုအကြောင်း မှန်သည်ကို သိရလေသည်၊ ဤသို့ပင် ကြီးကျယ် ခမ်းနားသော အာဏာတန်ခိုး ပြီးပြည့်စုံသည့် စည်းစိမ် ဥစ္စာကို ပေးလှူသော်လည်း ရဟန်း ဂေါတမသည် လက်ခံတော်မမူပဲ ငြင်းပယ်ခဲ့လေသည်။

ထိုစဉ်က ရဟန်းဂေါတမသည် ဤကဲ့သို့ မိန့်ကြားလိုက်သည် ဟုလည်း ကြားသိခဲ့ရလေသည်။

"မိမိသည် လောကနှင့်ဘဝတွင် ကာမတို့၌ အပြစ်နှင့် ဆိုးညစ်ခြင်းကို မြင်၍ ကာမ,ကိလေသာမှ ထွက်မြောက်ခြင်းကို ဘေးကင်းငြိမ်းအေးသော အားဖြင့် ရှုမြင်လျက်၊ တဏှာ, ကာမ, ကိလေသာ ငြိမ်းရာနိဗ္ဗာန်သို့ ရှေးရှုဦးတည်လျက် တရားအား ထုတ်ရန် သွားပါအံ့၊ ဤတရားအားထုတ်ခြင်းအမှု၌သာ မိမိ၏ စိတ်သည် နှစ်သက် မွေ့လျော်ပါ၏"။ (၄၂၇-ပ-၂၀) ပဗ္ဗဇ္ဇာ သုတ် မဟာဝဂ်-သုတ္တနိပါတ်။

ရဟန်းဂေါတမသည် မိမိထက် အသက်အားဖြင့် အနည်း ငယ်ကြီးသူ ဖြစ်လေသည်၊ အယူဝါဒတီထွင် ဟောပြောသူတို့ တွင် အသက်အားဖြင့် ငယ်ရွယ်သူ ရဟန်းတပါး ဖြစ်သည်၊ ရဟန်းဂေါတမ၏ နေရပ်ဇာတိသည် ကောသလတိုင်းတွင် ပါဝင်သော ဟိမဝန္တာတောင်နံပါးမှ ဖြောင့်ဖြောင့်သွားလျှင် ရောက်နိုင်သော သက္ကတိုင်းငယ်မှ ဖြစ်လေသည်၊ ၎င်းသည် ကပိလဝတ်တိုင်းပြည်နှင့် နန်းရပ်ထီးဖြူ သားမယားတို့ကို စွန့်ပယ်ကာ ရဟန်းဘောင်သို့ ဝင်ရောက်ပြီး တောထွက်ခဲ့သူ ဖြစ်လေသည်၊ ၎င်း၏တရား ကျင့်ဖော် လက်ဦးမဆွ ပုဂ္ဂိုလ်များ ကား ကာလာမအနွယ်၌ ဖြစ်သော အာဠာရ ရသေ့နှင့် ရာမ၏ သား ဥဒကတို့ ဖြစ်ကြလေသည်၊ ထို့နောက် မဂဓတိုင်း၏ ဥရုဝေလတော သေနာနိဂုံး၌ ကမ္မဋ္ဌာန်းတရားများကို ပြင်းပြင်း ထန်ထန် ကျင့်သုံးခဲ့သည်ဟု ဆိုကြလေသည်၊ ရဟန်းဂေါတမ သည် နောင်သောအခါ ဥရုဝေလတောနေ ရဇ္ဇရာမြစ်၏ကမ်းနား ဖြစ်သော ဗောဓိပင်ရင်း၌ သစ္စာလေးပါး အလုံးစုံသော တရား များကို ကောင်းစွာ သိမြင်တော်မူလျက် 'သမ္မာသမ္ဗုဒ္ဓ'အဖြစ် သို့ ရောက်တော်မူလေသည်၊ ရဟန်းဂေါတမ၏ အကြောင်း

ရပ်ကို မိမိသိနားလည်သည်မှာ နည်းပါးလှသော်လည်း ဘာသာရေးနယ်ပယ်တွင် ထူးခြားစွာ ဟောပြောသူ သမဏဆရာတဦးဖြစ်လေသည်၊ ရဟန်းဂေါတမ၏ အယူသို့ လိုက်နာပြီး ဘိက္ခုရဟန်းအဖြစ် ဝင်ရောက်သွားသော ရာဇဂြိုဟ်မြို့သားတို့သည် များလှ၏၊ ယခုအခါ ရဟန်းဂေါတမသည် ဘိက္ခုရဟန်းများစွာနှင့် သိုက်ဝန်းစွာ ရှိနေလေသည်။

မိမိ အလွန်လိုလား တပ်မက်ခဲ့သော ထီးနန်းစည်းစိမ်ကို ပေးလှူပါလျက် ရဟန်းဂေါတမသည် ငြင်းပယ်ခဲ့လေသည်၊ ဤသည်ကား မိမိနှင့်မိမိဘဝအဖို့ ဆန်းပြား ထူးခြား လှလေသည်၊ ဤလိုသာယာချမ်းမြေ့ဖွယ်ကောင်းသော ကြည်နူးဘွယ်ညဥ့်မျိုး၌ ရဟန်းဂေါတမနှင့် တွေ့ဆုံရမူ ကောင်းပေမည်ဟု တွေးတောမိလေသည်၊ ထိုအခါ အဇာတသတ်မင်းသည် ရဟန်းဂေါတမနှင့် တွေ့ဆုံရန် စိတ်တွင်းမှ ဆုံးဖြတ်လိုက်လေသည်။

"အချင်းဇီဝက သို့ဖြစ်လျှင် ဆင်ယာဥ်တို့ကို ပြင်စေလော့၊ ယခု မကြာမီပင် ငါတို့သည် ရဟန်းဂေါတမနှင့်တပည့် ဘိက္ခုများရှိရာ သရက်ဥယျာဥ်သို့ သွားကုန်အံ့"

"မင်းမြတ် ကောင်းပါပြီ"

ဇီဝကသည် အဇာတသတ်မင်းအား လျှောက်ထားပြီး ပြုဖွယ်ကိစ္စများအတွက် ပြာသာဒ်ထက်မှ ဆင်းသက်ခဲ့လေသည်။

* * *

# ဗုဒ္ဓနှင့် အဇာတသတ်မင်း

ဇီဝကသည် ဆင်ထိန်းယောကျ်ား ဆင်ဦးစီးများနှင့် အမှုလုပ်သားတို့ကို ဆင်မယာဉ် ငါးရာတို့အား ပြင်ဆင်စီမံစေ၏၊ မင်း၏စီးတော်ဆင်ကိုလည်း ကောင်းမွန်သော ကကြိုးတန်းဆာတို့ဖြင့် အတင့်အတယ် ပြုလုပ်ဆင်ယင်စေ၏၊ မင်း၏ စီးတော်ဆင်နှင့် အခြံအရံဆင်မယာဉ် ငါးရာတို့ကို အဆင်သင့် ဖြစ်စေပြီးလျှင် အဇာတသတ်မင်း၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခဲ့လေသည်။ ဇီဝကသည် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းအား–

> "မင်းမြတ် သင်မင်းမြတ်၏ ဆင်ယာဉ်တို့ကို ပြင်ဆင်ပြီးစီးပါပြီ၊ ယခုအခါ၌ သွားရန် အချိန်ကို သင် မင်းမြတ် သိတော်မူပါ၏၊ သွားရန်မှာ သင် မင်းမြတ်၏ အလိုအတိုင်းပင် ဖြစ်ပါသည်"ဟု လျှောက်ထား ကြားသိစေလေသည်။

ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် နှနယ်ပျိုမျစ် ကျစ်လစ် လှပယဉ်ကျေးကြသည့် ငါးရာသော မောင်းမတို့ကို မိန့်ဆိုတော်မူပြီး ဆင်မယာဉ် ငါးရာတို့တွင် တဦးစီ စီးစေတော်မူ၏၊ မီးရှူးတိုင်တို့ကိုလည်း မောင်းမတို့အား တတိုင်စီကိုင်ဆောင်စေ၏၊ မိမိကိုယ်တော်တိုင်ကား စီးတော်ဆင်ထက်တွင် တက်စီးလျက် ခန့်ငြားစွာသာလျှင်

ကြီးမြတ်သော မင်း၏ကျက်သရေဖြင့် ရာဇဂြိုဟ်မှ ထွက်တော်မူလေသည်၊ အဘယမင်းသား မွေးစားသော ဇီဝက၏ သရက်ဥယျာဉ်သို့ ကြွချီတော်မူသော အဇာတသတ်မင်း၏ ခန့်ငြားစွာသော ဆင်ယာဉ်တို့၏ အသရေကား ကြီးကျယ်လှစွာ၏၊ ငါးရာသော မိန်းရှူးတိုင်တို့မှ အလင်းရောင်များသည် ပြာလဲ့ အေးမြသော လင်းပသည့်လရောင်အောက်တွင် ရှုမညီးဖွယ်ရာ ဝင်းဝင်းပြာလျက် ရှိ၏။

အဇာတသတ်မင်း၏ စီးတော်ဆင်သည် သရက်ဥယျာဉ်နားသို့ ရောက်လေပြီဖြစ်၏၊ ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ခြောက်ခြားမိလေသည်၊ ကျယ်ဝန်းစွာသော သရက်ဥယျာဉ်ကြီးကား ငြိမ်သက်လွန်းလှ၏၊ လရောင်အောက်တွင် များစွာသော သရက်ပင်တို့သည် ညို့မှိုင်းအုံ့ဆိုင်းလျက်ရှိ၏၊ လေရှူးတိုးဖြတ်သဖြင့် ရွက်ခြင်း ခတ်သံများ သာလျှင်ရှိ၏၊ တခါတရံ လေရှူးကထန်သဖြင့် သိမ့်သိမ့် သဲသဲ ရင်ထဲဖိုလှိုက်ဖွယ်ရာ လှုပ်ရှားသွားလေသည်၊ အဇာတသတ်မင်းသည် အသဲတွင် တဖြတ်ဖြတ်ခါမျှ ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်း ဖြစ်လျက်ရှိ၏၊ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ကြောက်ရွံ့ ထိတ်သန့် ကြက်သီးမွေးညှင်း ထသည်ဖြစ်၍ မင်း၏ ရာဇဗလ္လင္ကြိုကို အနိုင်နိုင် ဆယ်ကာ အဘယမင်းသား၏ မွေးစားသား ဇီဝကအား-

"အချင်းဇီဝက သင်သည် ငါ့ကို မလှည့်ပတ်သည်မှန်၏လော၊ အချင်းဇီဝက သင်သည် ငါ့ကို မဖြား

ယောင်းသည် မှန်၏လော၊ ဇီဝက သင်သည်လျှို့ဝှက်စွာ ငါ့ကို ရန်သူတို့အား မအပ်နှင်းသည် မှန်ပါ၏လော၊ ဤသရက်ဥယျာဉ်၌ သင်ဆိုသည့်အတိုင်း တထောင့်နှစ်ရာ ငါးကျိပ်မျှရှိသည့် ရဟန်းသံဃာတို့သည် ရှိသည်ဟု သင် ဆိုသည် မဟုတ်ပါလော”

“မင်းမြတ် အကျွန်ုပ်သည် မမှန်သော စကားကို ပြောဆိုခြင်းမဟုတ်ပါ၊ တထောင့်နှစ်ရာ ငါးကျိပ်သော ရဟန်းအပေါင်းသည် အမှန်ပင်ရှိပါသည် မင်းမြတ်”

“ဇီဝက သို့ဖြစ်လျှင် တထောင့်နှစ်ရာ ငါးကျိပ်မျှ ရှိသည့် မြောက်များစွာသော ရဟန်းသံဃာတို့၏ ချေဆတ်သံ ချောင်းဟန့်သံ စကားပြောသံတို့သည် အဘယ်ကြောင့် မဖြစ်ဘိသနည်း၊ ဇီဝက သင်သည် ငါတို့ကို ရန်သူတို့အား မအပ်နှင်းသည် ကေန်မှန်ပါ၏လော”

“မြတ်သောမင်းကြီး သင်မင်းကြီးတို့ကို အကျွန်ုပ် ရန်သူတို့အား မအပ်နှင်းပါ၊ မင်းကြီးကြောက်တော် မမူပါလင့်၊ မင်းကြီးကြောက်တော်မမူပါလင့်၊ ငြိမ်သက်တိတ်ဆိတ်ခြင်းဟူသည် ဗုဒ္ဓမြတ်စွာနှင့် တပည့်ရဟန်းတို့၏ နှစ်သက်ဖွယ်ရာ အင်္ဂါရပ်တခုပါမင်းမြတ်၊ သင့်ကို ကျွန်ုပ် မလှည့်ပတ်ပါ၊ သင်မင်းမြတ်ကို မဖြားယောင်းပါ၊ မင်းမြတ် သင်တို့ကို ရန်သူတို့အား အကျွန်ုပ်မအပ်နှင်းပါ၊ မင်းကြီးရှေ့သို့ကြွတော်မူပါလော့၊ မင်းကြီးရှေ့သို့ ကြွတော်မူပါလော့၊ တန်ဆောင်းဝန်း၌ ဆီမီးတို့သည် တောက်ပလျက်ရှိပါသည် မင်းမြတ် ကြွတော်မူပါ”

ဝေဒေဟီ မိဖုရား၏သား မာဂဓတိုင်းရှင် အဇာတသတ်မင်းသည် မိမိအသက် စည်းစိမ်အတွက် စိုးရိမ်တော် မူမိလေသည်၊ သို့သော် ဇီဝကသည် မည်သည့်အခါမျှ မမှန်သောစကားကို ပြောဆိုသည်ဟု မကြားသိဘူးခဲ့ချေ။

မဂဓတိုင်းရှင် အဇာတသတ် မင်းသည် ဆင်ယာဉ်ဖြင့် သွားနိုင်သမျှသော အရပ်သို့တိုင်အောင် ဆင်ဖြင့်သွားလေသည်၊ ထို့နောက် ဆင်မှသက်ပြီးသော် ခြေလျှင်သာလျှင် သွား၍ တန်ဆောင်းဝန်း၏ တံခါးရှိရာသို့ ချဉ်းကပ်လေသည်၊ အဇာတသတ်မင်းသည် အယူဝါဒများ ဆွေးနွေး ဟောပြောရာ တန်ဆောင်းဝန်းကြီး တခုလုံးကို အံ့သြရှုမောသော စိတ်နှင့် ကြည့်လိုက်မိသည်၊ များလှစွာသော ဘိက္ခု သမဏများကား တန်ဆောင်းကြီးနှင့် ပြည့်လျှံလျက် ရှိလေသည်၊ အချို့သော ဘိက္ခုရဟန်းတို့ကား တန်ဆောင်းဝန်း၏ အပြင်အပ သရက်ပင်တို့၏ အကြား ပင်စည်ရင်းတို့၌ ငြိမ်သက်စွာ ထိုင်လျက်ရှိကြလေသည်၊ ရဟန်း ဂေါတမသည် တရားဓမ္မ ဟောကြားနေစဉ်ဖြစ်ပေမည်၊ မိမိတို့ကသာ ရဟန်းတို့၏ အသံများကို မကြားရသော်လည်း ရဟန်းများကား မိမိတို့၏ ဆင်သံ လူသံများကို စောစွာကပင် ကြားရပေမည်၊ သို့အတွက် အရားဓမ္မ ဟောပြောခြင်းကို ပြီးဆုံးစေပြီး ငြိမ်သက်စွာ တည်ရှိနေကြခြင်းဖြစ်ပေမည်။

အဇာတသတ်မင်းအဖို့ ရဟန်းဂေါတမနှင့် တပည့်ဘိက္ခုများထံသို့ ယခု လာရခြင်းသည် ထူးခြားသလိုပင် ဖြစ်နေ၏၊ မိမိနှင့် မင်းအမတ်များ တန်ဆောင်း တန်ခါးဝသို့ ဝင်သော အခါမှသာလျှင် အချို့သော ဘိက္ခုရဟန်းတို့သည် စောင်းငဲ့

ကြည့်ရှုမျှသာ ကြည့်လေသည်၊ တည်ငြိမ်သော မျက်နှာ သွင်ပြင်တို့သည် နည်းနည်းမျှ လှုပ်ရှားထူးခြားမှု မရှိချေ၊ ရဟန်းဂေါတမသည် ၎င်း၏တပည့် သာဝကများကို အသံ နည်းပါးစေ၍ ငြိမ်သက်စေအောင် ဟောပြော ဆုံးမထား ရာသည်၊ အားလုံးသော ရဟန်းတို့၏ ငြိမ်သက် တည်ကြည်ခြင်း သည် ကြည်နူးဖွယ်ရာ လွန်စွာမှ ကောင်းလေစွတကား,ဟု အဇာတသတ်မင်းသည် ဦးစွာ ပဌမ ကြည်နူးမိလေသည်။

အဇာတသတ်မင်းသည် အခြားသော ထင်ရှား ကျော် ကြားသည့် ပရဗိုဇ်များ, သမဏများ, ဗြာဟ္မဏ ဆရာကြီးများနှင့် တွေ့ဆုံခဲ့ဘူးလေသည်၊ မိမိနှင့် ချေရုံသင်းပင်းများ လာသည်ကို မြင်လျှင် ထိုသူတို့၏ တပည့်သာဝကများသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏၊ လက်များ ကိုယ်ဝတ်များကို မြှောက်လျက် "မင်းကြီး- သင်၏ လာခြင်းသည် ကောင်းပေစွ" ကောင်းသော လာခြင်းဖြင့် မင်းကြီးသည် လာပေ၏" ဟူ၍၎င်း ပြောဆို နှုတ်ဆက်ကြလေသည်၊ အချို့တို့ကလည်း "ဤသို့ လာခြင်း ကောင်းသဖြင့် သင်မင်းကြီးအား ကောင်းမြတ်သော အကျိုးများ တိုးပွားလတ္တံ့' မင်းကြီး သင့်အား အကျွန်ုပ်တို့ဖြင့် လွန်စွာမှ အကျိုး ရှိပါလိမ့်မည်" ဟုလည်း ဆိုကြလေသည်၊ ဗြာဟ္မဏ များက ဆိုလျှင် "မင်းကြီးအား ရှည်စွာသောအသက် တည်ပါ စေသတည်း' မင်္ဂလာ အပေါင်းသည် မင်းကြီးအား ခညောင်း ပါစေသတည်း"ဟုလည်း နှုတ်ခွန်းဆက် စကားများ ဆိုကြ လေသည်။

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မိမိဘေးနားတွင် ရှိသော အဘယမင်းသား မေးစားသည့် ဇီဝကအား-

"အချင်း ဇီဝက ဗုဒ္ဓမြတ်စွာသည် အဘယ်မှာနည်း"

"မင်းကြီး တန်ဆောင်း၏ အလယ်တိုင်ကိုမှီ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ရဟန်း သံဃာတို့၏ရှေ့၌ ထိုင်နေသော ဤပုဂ္ဂိုလ်သည် ဗုဒ္ဓ ဘုရားပါ မင်းကြီး"

ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းသည် ဗုဒ္ဓမြတ်စွာ၏ အနီးသို့ ရောက်အောင် ရှိသေစွာ ချဉ်းကပ်လေသည်၊ ဗုဒ္ဓမြတ်စွာ၏ အနီးသို့ရောက်သော် လျှော်သောနေရာ၌ စုံရပ်ပြီးလျှင် ရှိသေသမှု လက်အုပ်ချီခြင်းကို ပြုလေသည်၊ ကြည်လင်ဝင်းဖိတ်သည့် ရွှေသား-ရွှေစင်နှစ်အိုင်ကြီးကဲ့သို့ ငြိမ်သက်သိမ်မွေ့စွာ ဆိတ်ဆိတ်နေသော ရဟန်း အပေါင်းတို့ကို ညွတ်နူး ချမ်းမြသည့် စိတ်စေတနာဖြင့် အဖန်ဖန် ကြည့်ရှုပြီး ဤသို့ ဥဒါန်းကျူးရင့်လေသည်။

"ယခုအခါ ရဟန်းအပေါင်းသည် အကြင်ငြိမ်သက် တည်ကြည်ခြင်းနှင့် ပြည့်စုံလှစွာ၏၊ အကျွန်ုပ်၏သား ဥဒယဘဒ္ဒ မင်းသားသည် ဤသို့သော ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း"

ထိုအခါ ဗုဒ္ဓသည် အဇာတသတ်မင်းအား ဤသို့ မိန့်တော်မူလေသည်။

"မင်းကြီး- ချစ်မြတ်နိုးရာသို့ သင်ရောက်သွားလေပြီ"

"အသျှင်ဘုရား ဥဒယဘဒ္ဒမင်းသားကို အကျွန်ုပ်

ချစ်မြတ်နိုးပါ၏၊ အသျှင်ဘုရား ယခုအခါ ရဟန်း အပေါင်းသည် အကြင်ငြိမ်သက် တည်ကြည်ခြင်းနှင့် ပြည့်စုံပါ၏၊ အကျွန်ုပ်၏သား ဥဒယဘဒ္ဒမင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း”

အဇာတသတ်မင်းသည် ဤသို့လျှောက်လေသည်။

မှန်လေသည် မိမိသည် ရင်နှစ်သည်းချာ ချစ်လှစွာသော သားလှရွှေသွေး ဥဒယဘဒ္ဒ မင်းသားလေးကို လွန်စွာမှ မြတ်နိုး ချစ်ကြင်လေသည်၊ ဥဒယဘဒ္ဒ မင်းသားသည် မိမိမှမွေးသည့် မင်းသွေးအနွယ် အစစ်ကလေး ဖြစ်သည်၊ မင်းသားအသွင် မင်းဟန်ပြင်တို့ထက် ပိုမို၍ မင်းမာန်မင်းစိတ် ပြင်းထန်လှသူ ဖြစ်လေသည်၊ ခတ္တိယနွယ်ရိုး မိမိတို့၏ မင်းမျိုး မင်းဆွေတို့ အဝန်းအဝိုင်းတွင် ခက်ထန်သူအဖြစ် ထင်ရှားနေသူဖြစ်သည်၊ ဥဒယဘဒ္ဒမင်းသားကို မိမိ လွန်စွာမှ ချစ်လေသည်၊ မည်၍ မည်မျှ ချစ်ပါသနည်းမူ မိမိ၏ အသည်းနှလုံးမှ တစိမ့်စိမ့် ယိုဖိတ်သည့်များစွာသောချစ်ချင်မေတ္တာဖြင့် တကိုယ်လုံး သိမ့်သိမ့် ငြိမ့်မျှ ချစ်မြတ်နိုးလေသည်၊ မိမိ၏ချစ်မေတ္တာ ပမာနအလျှောက် မိမိ၏ အလိုအာသာနှင့် ကိုက်ညီသော အဖြစ်ကို သားတော် ဥဒယဘဒ္ဒ၌ မတွေ့မြင်ရတိုင်း မည်တမ်း တောင်းတမိသည်သာ ဖြစ်ချေသည်။

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာကို ရှိသေစွာ ရှိခိုးပြီးလျှင် ရဟန်းအပေါင်းကို လက်အုပ်ချီပြီး သင့်လျော်သည့် တခုသောနေရာ၌ ထိုင်လေသည်၊ ထိုနောက် ဗုဒ္ဓမြတ်စွာအား ဤစကားကို လျှောက်ထားလေသည်။

"အသျှင်ဘုရား ပြဿနာမေးရန် အကျွန်ုပ်အား အကယ်၍ မြတ်စွာဘုရား ခွင့်ပြုပါက၊ တစုံတခုသော အကြောင်းအရာကို မြတ်စွာဘုရားအား အကျွန်ုပ် အနည်းငယ်မျှ မေးမြန်းလိုပါသည်"

"မင်းကြီး သင်မေးလိုရာကို မေးလော့"ဟု ဗုဒ္ဓသည် မိန့်ဆို ခွင့်ပေးတော်မူလေသည်။

"အသျှင်ဘုရား ဤလောကလူ့ဘဝတွင် များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏၊ ဤအတတ်သည်တို့ကား ဆင်စီးသူရဲများ, မြင်းစီးသူရဲများ, ရထားစီးသူရဲများ, လေးသည်များ အောင်လံကိုင်များ, စစ်ဆင်သူများ, တဖက်စစ်တပ်သို့ဝင်၍ ဥခေါင်းများကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူများ စစ်၌ ထူးချွန်ကျော်စောသော မင်းသားများ, တဟုန်ထည်းပြေးဝင် စစ်ထိုးနိုင်သူများ, ဆင်ပြောင်ကြီးကဲ့သို့သော သူရဲများ, လွန်စွာရဲရင့်သူများ, ချပ်ဝတ်သူရဲများ။

ကျွန်ယုံတော်များ, ထမင်းချက်သူများ, ဆတ္တာသည်များ, ရေချိုးပေးသူများ, စဖိုသည်များ, ပန်းကုံးသူများ ခဝါသည်များ, ယက်ကန်းသည်များ, ကျူထရံသည်များ, အိုးထိန်းသည်များ, ဂဏန်းတတ်သူများ, လက်ချိုးရေတွက်တတ်သူများ ထိုမှတပါးလည်း ဤနှင့်အလားတူ များစွာသော အတတ်သည်တို့သည် ရှိပါကုန်သေး၏။

ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော အတတ်၏အကျိုးကို မှီ၍ အသက်မွေးပါကုန်၏၊ ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊ ပြည့်ဖြိုးစေပါကုန်၏၊ သားမယားတို့ကို ချမ်းသာစေပါကုန်၏၊ ပြည့်ဖြိုးစေပါကုန်၏၊ အမိ အဖတို့ကို ချမ်းသာ ပြည့်ဖြိုးစေပါကုန်၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာ ပြည့်ဖြိုးစေပါကုန်၏။

အထက်ဘုံ၌ ဖြစ်စေတတ်သော, နတ်ပြည်၌ ဖြစ်စေတတ်သော, ကောင်းကျိုးကို ဖြစ်စေတတ်သော, မွန်မြတ်သောအကျိုးကို ဖြစ်စေတတ်သော အလှူဒါနများကို သမဏ ဗြဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤသို့ ဤအတတ်တို့၏ အကျိုးတရားနှင့်ကဲ့သို့ပင် ယခု မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိမြင်ရသော ကိုယ်တိုင် သိမြင်နိုင်သော ရဟန်းပြုခြင်း၏အကျိုး, ရဟန်းဖြစ်ခြင်း၏အကျိုးကို ပြခြင်းငှာ တတ်စွမ်းနိုင်ပါသလော အသျှင်ဘုရား"

အဇာတသတ်မင်း၏ အမေးပြဿနာကား ရှင်းလင်းတိကျပြတ်သားလှချေသည်၊ လူ့ဘဝ လူ့လောကတွင် များစွာသောလူသားတို့သည် မိမိတို့တတ်ကျွမ်းသည့် အတတ်ပညာဖြင့် မိမိတို့စွမ်းအားရှိသမျှ ဆောင်ရွက်ပြုမူ၍ အသက် မွေးမြူကြလေသည်၊ လူသားသည် မိမိဘဝ ရပ်တည်မှုအတွက် မိမိကိုယ်တိုင် လုပ်ဆောင်ရခြင်းသည် ရိုးလွန်းလှသည့် အမှန်ကန်ဆုံးသော လူမှုရေးရာ ဘဝ၏ သီအိုရီတရပ် ဖြစ်လေသည်။

လောကတွင် မည်သည့် ပြုမှုလုပ်ဆောင်ချက်မဆို ဦးတည်ရည်ရွယ်ချက်ကား ရှိသည်သာ ဖြစ်၏၊ စစ်ပွဲများတိုက်ခိုက်ခြင်းသည် အောင်နိုင်မှုအတွက် ဖြစ်၏၊ လယ်ယာထွန်ယက် လုပ်ကိုင်ခြင်းသည်လည်း အသီးအနှံ ရရှိစားသုံးရန်အတွက် ဖြစ်လေသည်၊ အောင်နိုင် စိုးမိုးမှုအတွက် လယ်ယာထွန်ယက် လုပ်ကိုင်ခြင်း မပြုကြသလို ကောက်ပဲသီးနှံ ရရှိရန်အတွက်လည်း စစ်ပွဲများကို မတိုက်ခိုက်ကြချေ။

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မျက်မှောက် အကျိုးတရားကို သိနားလည်ခံယူထားသူ ဖြစ်ရာသည်၊ သူနားလည်မှတ်ယူထားသော အယူအဆသည် ဒိဋ္ဌဓမ္မ နိယာမသဘာဝ ဖြစ်လေသည်၊ ထိုကြောင့်ပင် ယခု မျက်မှောက်ဘဝ၌ ရဟန်းပြုခြင်း၊ ရဟန်းဖြစ်ရခြင်း၏ အကျိုးတရားကိုရှင်း သိလိုလေသည်၊ ရဟန်းပြုခြင်း၊ ရဟန်းဖြစ်ရခြင်း၏ အကျိုးတရားသည် ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌ပင် ရရှိပါသလော, သို့မဟုတ် သေသည်၏အခြားမဲ့ တမလွန်ဘဝ ဟူသည်၌သာ ရရှိပါသလော ဟူသော အကြောင်းရပ် သဘာဝကိုရှင်း သိလိုခြင်းပင် ဖြစ်လေသည်။

"မင်းကြီး သင်သည် တပါးသော သမဏ ဗြာဟ္မဏတို့အား ဤပြဿနာကို မေးဘူးသည် မဟုတ်လော၊ မေးဘူးသည်ကို မှတ်မိပါသလော"

"မှန်ပါသည် အသျှင်ဘုရား အကျွန်ုပ်သည် တပါးသော သမဏ ဗြာဟ္မဏတို့အား ဤပြဿနာကို မေးဘူးပါ၏၊ မေးဘူးသည်ကိုလည်း မှတ်မိပါသည် ဘုရား"

"မင်းကြီး ထိုသမဏ ဗြာဟ္မဏတို့သည် အဘယ်သို့ ဖြေကြားကုန်သနည်း၊ အကယ်၍ သင့်အား ဝန်မလေးမူ ပြောကြားလော့"

"မြတ်စွာဘုရားဖြစ်စေ- မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်စေ ထိုင်နေသောအရပ်၌ အကျွန်ုပ်အား ဝန်မလေးပါ အသျှင်ဘုရား"

"မင်းကြီး သို့ဖြစ်လျှင် ပြောကြားလော့"

*　*　*

# ဘီစီ ၆-ရာစု အိန္ဒိယ၏ထင်ရှားသော ဂိုဏ်းတို့နှင့် အယူဝါဒများ

ဝေဒေဟိ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓအား မိမိတွေ့ဆုံပြီး မေးမြန်းခဲ့သဖြင့် သိနားလည်ခဲ့ရသော တပည့်အပေါင်းနှင့် ပြည့်စုံသည့် အယူဝါဒ တီထွင်ဟောပြောသူ ဂိုဏ်းဆရာတို့၏ အယူဝါဒများကို ဤသို့ လျှောက်ထား ပြောကြားလေသည်။

“အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် ပူရဏကဿပထံသို့ ချဉ်းကပ်ပါ၏၊ ပူရဏကဿပနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားတို့ကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် ပူရဏကဿပအား ဤပြဿနာကို မေးဘူးပါသည် အသျှင်ဘုရား”

“အကျွန်ုပ်က ဤသို့ မေးသည်ရှိသော် ပူရဏကဿပသည် အကျွန်ုပ်အား ဤစကားများကို ပြောဆိုဟောကြားပါသည်ဘုရား”

## ပူရဏကဿပ၏ အယူဝါဒ။

“မင်းကြီး ဤလောက၌ ပြုသူ ပြုစေသူ, ဖြတ်သူ ဖြတ်စေသူ, နှိပ်စက်သူ နှိပ်စက်စေသူ, ပူဆွေးအောင် ပြုသူ ပြုစေသူ, ပင်ပန်းအောင်ပြုသူ ပြုစေသူ, တုန်လှုပ်သူ တုန်လှုပ်စေသူ, အသက်ကိုသတ်သူ သတ်စေသူ, ခိုးယူသူ ခိုးယူစေသူ, အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ, မြို့ရွာကို တိုက်ခိုက် လုယူသူ တိုက်ခိုက် လုယူစေသူ, တအိမ်ထည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ, ခရီးလမ်း၌ စောင့်၍ လုယက်သူ လုယက်စေသူ, သူ့မယားကို သွားလာသူ သွားလာစေသူ, မမှန်စကားကို ပြောသူ ပြောစေသူ ဤသူတို့သည် ဤအမှုများကို ပြုသော်လည်း မကောင်းမှု ပြုသည်မမည်။

ဤမြေပေါ်ရှိ အားလုံးသော သတ္တဝါတို့ကို သင်တုန်းသွား စက်ဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှု ဖြစ်ခြင်းမရှိ။ ဂင်္ဂါ*မြစ်၏ တောင်ဘက်ကမ်း၌နေသော သူသည်လည်း အသက်ကိုသတ်လျက် သတ်စေလျက်, ဖြတ်လျက် ဖြတ်စေလျက်, နှိပ်စက်လျက် နှိပ်စက် စေလျက် သွားစေကာမူ ထိုအကြောင်းများကြောင့်

* ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း နေသူတို့သည် ရက်စက်ကြမ်းကြုတ် သူတို့ ဖြစ်ကြသည်။

မကောင်းမှုမရှိ မကောင်းမှု ဖြစ်ခြင်းမရှိ၊ ဂင်္ဂါ**မြစ်၏ မြောက်ဘက်ကမ်း၌ နေသောသူသည်လည်း လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားစေကာမူ ထိုအကြောင်းများကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ၊ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ။"

ပူရဏကဿပ၏ အယူအဆဝါဒသည် လူတို့အတွက် သဲထိတ်ဖွယ်ရာ ကောင်းလှလေသည်၊ လောက လူမှုဆက်ဆံရေး၌ ဤသို့သော အယူဝါဒ လွှမ်းမိုးပါက လူသားတို့၏ဘဝသည် ကျောက်ခေတ်မတိုင်မီအချိန် တောကြီးများတွင်းမှ သတ္တဝါများ၏ ဘဝနှင့် ဘာမျှခြားနားမည် မဟုတ်ချေ၊ ထိုစဉ်အခါက ပူရဏကဿပသည် တကယ်ပင် ဤသို့ယူဆဟောပြောခဲ့သည်ကား အမှန်ဖြစ်ပါ၏ဟု ဤသို့ တိကျခိုင်မာစွာ မဆိုနိုင်ချေ၊ သို့သော် ယနေ့ လူ့လောကတွင် ဤသို့သော ပြဿနာများနှင့် စပ်လျဉ်းပြီး ပူရဏ ကဿပကဲ့သို့ ယူဆ ယုံကြည်သူတို့ များစွာ ရှိသည်ကား အမှန်ပင် ဖြစ်လေသည်၊ သို့အတွက် ပူရဏကဿပသည် ဤသို့ ယုံကြည်ခဲ့သည်၊ ဟောခဲ့သည်မှာ ဟုတ်ချေမည်။

ပူရဏကဿပ၏ အယူဝါဒသည် ကံမဲ့ဝါဒ, သို့မဟုတ် အဟေတုကဝါဒ, ဖြစ်လေသည်၊ ပါဠိပိဋကတ် ဒီဃနိကာယ်

** ဂင်္ဂါမြစ် မြောက်ဘက်ကမ်းနေသူတို့သည် သဒ္ဓါတရားနှင့်ပေးလှူခြင်း စသည်တို့ ပြုလုပ်သူတို့ဖြစ်ကြသည်၊

ဗြဟ္မဇာလ သုတ်၌ကား 'အဓိစ္စသမုပ္ပန္နဝါဒ'အဖြစ် ပြဆိုထား၏၊ ဗြဟ္မဇာလသုတ်၌ အဓိစ္စသမုပ္ပန္န ဝါဒကို နှစ်မျိုးပြဆိုထား လေသည်။

"အသညသတ်မည်သော ဗြဟ္မာတို့သည် ပဋိသန္ဓေသညာ ဖြစ်ပေါ်ခြင်းကြောင့် ဗြဟ္မာဘုံမှ စုတေ၍ လူ့ဘုံသို့ ရောက် လာသည် ဟူ၏, လူ့ဘဝမှ ရသေ့ရဟန်းပြုပြီး ပြင်းစွာ, မြဲမြံစွာ အားထုတ်ခြင်း, အဖန်ဖန် အားထုတ်ခြင်းကိုစွဲ၍ စိတ်တည် ကြည်ခြင်းကိုရ၏၊ ယင်းသို့ စိတ်တည်ကြည်လတ်သော် ပဋိသန္ဓေ သညာ ဖြစ်ပေါ်ခြင်းကို အောက်မေ့နိုင်၏၊ ထိုထက်လွန်၍ မအောက်မေ့နိုင်ဟု ဆိုသည်၊ ထိုယောဂီသည် ဤသို့ ယူဆ ဟောဆိုသည် ဆို၏။"

"အတ္တသည်၎င်း, လောကသည်၎င်း အကြောင်းမဲ့ ဖြစ်ပေါ်၏၊ အဘယ်ကြောင့်ဆိုသော် ငါသည် ရှေး၌ မရှိခဲ့ ထိုငါသည် မရှိခဲ့ပဲလျက် ထင်ရှားရှိလာသည်"

ဤသို့ပင် ပဌမဦးစွာ ယူဆသော အကြောင်းမဲ့ အယူဝါဒ ဖြစ်လေသည်။

ဒုတိယ အကြောင်းမဲ့ အယူဝါဒ ဖြစ်ပေါ်ခြင်းကား ဤလောက၌ အချို့သော သမဏသည်၎င်း, ဗြဟ္မဏသည်၎င်း ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုး ကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိထင်မြင်ချက်ကို ဤသို့ဆို၏။

"အတ္တသည်၎င်း, လောကသည်၎င်း အကြောင်းမဲ့ ဖြစ်၏"

အကြောင်းမဲ့ အယူဝါဒ ရှိသူတို့သည် ဤနှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဆို ဟောပြောကြ၏၊ ပူရဏကဿပ၏ အယူဝါဒနှင့် စပ်လျဉ်း၍ မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓအား ဤသို့လျှောက်ထားလေသည်။

"အသျှင်ဘုရား အကျွန်ုပ်သည် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပူရဏကဿပသည် အကျွန်ုပ်အား ဤသို့ ကံမဲ့ဝါဒကို ဖြေကြားပါ၏၊ အသျှင်ဘုရား ဥပမာကား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရှင်း, တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရှင်း, ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပူရဏကဿပသည် အကျွန်ုပ်အား ကံမဲ့ဝါဒကို ဖြေကြား ပါ၏ အသျှင်ဘုရား၊ အကျွန်ုပ်အား ဤသို့အကြံဖြစ်ပါ၏၊ "ငါကဲ့သို့သော မင်းသည်နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏကို ပြစ်တင် မောင်းမဲသင့်သည်ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း"

အသျှင်ဘုရား အကျွန်ုပ်သည် ပူရဏကဿပ ပြောသောစကားကို နှစ်လည်းမနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာ သော်လည်း နှလုံးမသာသောစကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားပဲ နေရာမှထကာ ပြန်လာခဲ့ပါသည် အသျှင်ဘုရား။"

## မက္ခလိဂေါသာလ၏ အယူဝါဒ။

"အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် မက္ခလိဂေါသာလထံသို့ ချည်းကပ်ပါ၏၊ ဂေါသာလနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားများဖြင့် နှုတ်ဆက်ပြောဆိုပါ၏၊ ဝမ်းမြောက် အမှတ်ရဖွယ် စကားတို့ကို ပြီးဆုံးစေပြီး တခုသောနေရာ၌ထိုင်လျက် မက္ခလိဂေါသာလကို ဤပြဿနာ မေးဘူးပါ၏။

"အသျှင်ဘုရား ဤသို့ မေးသည်ရှိသော် မက္ခလိ ဂေါသာလသည် အကျွန်ုပ်အား ဤစကားတို့ကို ပြောဆိုပါသည်။"

"မင်းကြီး သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် မရှိ, အထောက်အပံ့သည်မရှိ အကြောင်းမရှိ အထောက်အပံ့ မရှိပဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏၊ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည်မရှိ, အထောက်အပံ့သည် မရှိ၊ အကြောင်းမရှိ အထောက်အပံ့မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏။

မိမိ ပြုလုပ်မှုသည်မရှိ, သူတပါးတို့ ပြုလုပ်မှုသည်မရှိ, ယောကျ်ားတို့ ပြုလုပ်မှုသည် မရှိ, ခွန်အားသည် မရှိ, လုံ့လသည် မရှိ, ယောကျ်ားတို့ စွမ်းအားသည် မရှိ, ယောကျ်ားတို့ အားထုတ်မှုသည် မရှိ။

အလုံးစုံသော သတ္တဝါ, အလုံးစုံသော သက်ရှူ သတ္တဝါ, အလုံးစုံသော ထင်ရှားဖြစ်သော သတ္တဝါ, အလုံးစုံသော သက်ရှိ အရာတို့သည် အစွမ်းမရှိကုန်,

ခွန်အား မရှိကုန်, လုံ့လ မရှိကုန်, ဖြစ်မြဲအတိုင်း, ဆုံစည်းသည့် အတိုင်း, သဘာဝအတိုင်း အမျိုးမျိုး ဖြစ်ကုန်၏၊ ဇာတ်အထူး ခြောက်မျိုးတို့၌ သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏။

တသန်း လေးသိန်း ခြောက်ထောင့် ခြောက်ရာသော အဓိကသတ္တဝါမျိုးများ, ငါးရာသောကံများ, ငါးပါး သောကံများ, သုံးပါးသောကံများ, ပြည့်သောကံများ, ထက်ဝက်သော ကံများ, ခြောက်ဆယ်နှစ်ပါးသော အကျင့်များ, ခြောက်ဆယ်နှစ်ပါးသော အန္တရကပ်များ, ခြောက်မျိုးသော ဇာတ်အထူးများ, ရှစ်ပါးသော ယောကျ်ားတို့၏ အရွယ်များ, လေးထောင့်ကိုးရာသော အသက်မွေးမှုများ, လေးထောင့်ကိုးရာသောပရိဗိုဇ်များ, လေးထောင့် ' ကိုးရာသော နဂါးတို့၏ နေရာများ, နှစ်ထောင်သော ဣန္ဒြေများ, သုံးထောင်သောငရဲများ, သုံးဆယ့်ခြောက်မျိုးသော မြူဓာတ်များ, ခုနစ်မျိုးသော သညာရှိ ပဋိသန္ဓေများ, ခုနစ်မျိုးသော သညာမဲ့ ပဋိသန္ဓေများ, ခုနစ်မျိုးသော အဆစ်ပဋိသန္ဓေများ, ခုနစ်မျိုးသောနတ်များ, ခုနစ်မျိုးသောလူများ, ခုနစ် မျိုးသော မြေဘုတ်ဘီလူးများ, ခုနစ်ခုသော အိုင် ကြီးများ, ခုနစ်ခုသောအဖုကြီးများ, ခုနစ်ရာသော အဖုငယ်များ,ခုနစ်ခုသောခြောက်ကြီးများ,ခုနစ်ရာသော ချောက်ငယ်များ, ခုနစ်ခုသော အိပ်မက်ကြီးများ, ခုနစ်ရာသော အိပ်မက်ငယ်များ, ရှစ်သန်း လေးသိန်း ကုန်သော မဟာကပ်များ ရှိကုန်၏။

ယင်းမဟာကပ်တို့ပတ်လုံး လူမိုက်ဖြစ်စေ, ပညာရှိဖြစ်စေ တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်၍ ဆင်းရဲကုန်ခြင်းကို ပြုကြလတ္တံ့။ ထိုအတွင်း ဆင်းရဲကုန်ဆုံးခြင်းမရှိ၊ "ငါသည် ဤသီလဖြင့်သော်၎င်း, ဤကျင့်ဝတ်ဖြင့်သော်၎င်း၊ ဤခြိုးခြံမှုဖြင့်သော်၎င်း, ဤအကျင့်အမြတ်ဖြင့်သော်၎င်း၊ မရင့်သေးသော ကံကိုမူလည်း ရင့်စေမည်, ရင့်ပြီးသော ကံကိုမူလည်း တွေ့၍ တွေ့၍ ပျက်စီးစေမည်" ဟု ပြုပြင်နိုင်ခြင်းသည် မရှိ။

ချမ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ဖြစ်၏၊ သံသရာဟူသည် အပိုင်းအခြားပြုထားပြီးဖြစ်၏၊ အတိုးအဆုတ် အလွန်အယုတ်မရှိ၊ ချည်လုံးကို ပစ်လိုက်သော်ချည်ရှိသရွေ့သာပြေးသွားသကဲ့သို့ဤအတူ လူမိုက်ဖြစ်စေ, ပညာရှိဖြစ်စေ တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့"။

ဤသည်ကား ဂေါသာလ၏ အယူဝါဒ ဖြစ်လေသည်၊ ဂေါသာလ၏ အလိုအားဖြင့် လူသားသတ္တဝါတို့သည် တိကျစွာ ရှိနှင့်ပြီးသော ပုံစံအတိုင်း ပြေးသွားကျင်လည် ကုန်ဆုံးရမည် ဖြစ်လေသည်၊ ဂေါသာလသည် ဘာသာရေး နယ်ပယ်သို့ ဝင်စဉ်က ပရိဗိုဇ်အဖြစ်နှင့် ဝင်ရောက်ခဲ့သူ ဖြစ်သည်၊ ပရိဗိုဇ် တဦးအဖြစ်နှင့် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် လှည့်လည် ဟောကြားခဲ့လေသည်၊ ၎င်း၏ ဆရာကား မဟာဝီရ ဖြစ်ပေသည်၊

ဂေါ်သာလ၏ဂိုဏ်းသည် 'အာဇီဝက' ဂိုဏ်းဖြစ်၏၊ အာဇီဝက ဂိုဏ်းသားတို့သည် ထိုစဉ်အခါက နက္ခတ်၊ ဗေဒင် အတတ်တို့ကို လိုက်စား တတ်ကျွမ်းသူတို့ ဖြစ်ကြလေသည်၊ ၎င်းတို့သည် နက္ခတ်ဟောခြင်း၊ ဗေဒင်ဟောခြင်း၊ အကြားအမြင် ပြော ဟော ခြင်းများဖြင့် ပူကျင့် နေထိုင်ကြသူတို့ ဖြစ်ပေသည်။

အဇာတသတ်မင်းသည် မိမိကကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ဂေါ်သာလသည် ၎င်းယူဆ ယုံကြည်ထားသော 'သံသရာမှ စင်ကြယ်ခြင်း အယူဝါဒ' ကို ဟောကြား လေသည်၊ ထို့ကြောင့် အဇာတသတ်မင်းသည် ဂေါ်သာလ အယူကို မနှစ်သက်ခဲ့ချေ၊ အဇာတသတ်မင်းက ဗုဒ္ဓအား လျှောက်သည်မှာ။

"အသျှင်ဘုရား အကျွန်ုပ်သည် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် မက္ခလိဂေါ်သာလသည် အကျွန်ုပ်အား သံသရာမှ စင်ကြယ်ခြင်းကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏"။

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြဟ္မဏကို ပြစ်တင် မောင်းမဲ သင့်သည်ဟု အဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း"ဟု အကြံဖြစ်ပါ၏။

"အသျှင်ဘုရား အကျွန်ုပ်သည် မက္ခလိဂေါ်သာလ ပြောသော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံး မသာသော်လည်း နှလုံးမသာသောစကားကို မပြော

ဆိုပဲ ဂေါသာလ၏ စကားကို မနှာယူမမှတ်သားပဲ နေရာမှထကာ 'ပြန်ခဲ့ပါသည်ဘုရား။"

## အဇိတကေသကမ္ဗလ၏ အယူဝါဒ။

"အသျှင်ဘုရား လူတို့၏ ဆံပင်များဖြင့် ယက်လုပ်အပ်သော ကမ္ဗလာ ခြုံထည်ကြီးကို အမြဲခြုံလွှမ်း ဝတ်ရုံလေ့ရှိသဖြင့် ရာဇဂြိုဟ်၌ အခြားသော ဂိုဏ်းဆရာတို့တက် ကျော်ကြားထင်ရှားသော အဇိတကိုသိပါသည် မဟုတ်လော"။

"အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် ထိုအဇိတကေသ ကမ္ဗလထံသို့ ချဉ်းကပ်ပါ၏၊ အဇိတနှင့်အတူ ဝမ်းမြောက် ဝမ်းသာ ပြောဆိုပါ၏၊ ထို့နောက် အကျွန်ုပ်သည် အဇိတအား ဤပြဿနာကို မေးပါသည် အသျှင်ဘုရား"။

"ဤသို့မေးသည်ရှိသော် အဇိတသည် အကျွန်ုပ်အား ဤစကားတို့ကို ပြောကြားပါသည်ဘုရား"။

"မင်းကြီး ပေးလှူခြင်း၏ အကျိုးတရားသည် မရှိ, ယဇ်ပူဇော်ခြင်း၏ အကျိုးတရားသည် မရှိ, ဟုံးပူဇော်ခြင်း၏ အကျိုးသည်မရှိ, ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ, ဤလောကသည် မရှိ, တပါးသောလောကသည်မရှိ, အမိသည်မရှိ, *အဖသည်မရှိ၊

* အမိ၌ရင်း, အဖ၌ရင်း-ကောင်းစွာပြုခြင်းတို့၏ အကျိုးဝိပါက်မရှိဟု ယူဆသည်။

သည်။) သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရင်း, တပါးသောလောကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ကောင်းသောအကျင့် ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် လောက၌ မရှိကုန်။

ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏၊ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏-ရောက်၏၊ ရေဓာတ်သည် ရေဓာတ် အစုသို့ဆိုက်၏-ရောက်၏၊ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏-ရောက်၏၊ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏-ရောက်၏၊ နာမ်ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏။

သောင်စောင်းလျှင် ငါးခုမြောက် ဖြစ်သော ယောကျ်ားတို့လည်း သူသေကောင်ကို ယူ၍သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေကောင်တို့သည်ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ဖြစ်ကုန်၏၊ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည် 'ပေးလှူခြင်း၏ အကျိုးသည်ရှိ၏' ဟူသော ဝါဒကို ဟောပြောကုန်၏၊ ထိုသူတို့၏စကားသည် အချည်းနှီးဖြစ်၏၊ မှားယွင်း၏၊ ယောင်ယမ်း ပြောဆိုသော စကားဖြစ်၏၊ လူမိုက် ဖြစ်စေ, ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲ ကုန်၏၊ ပျက်စီးကုန်၏၊ သေသည်မှနောက်၌ မရှိကုန်။”

အဇိတ၏ဝါဒသည် သာမန်အားဖြင့် ယေဘုယျ ရှုမြင်ယူဆပါက 'ရုပ်ဝါဒ' ဟုပင် ဆိုရာသည်၊ အမှန်ကား ၎င်း၏ဝါဒကို ရုပ်ဝါဒဟုဆိုက မှန်အံ့မထင်ချေ 'ရုပ်ဝါဒ'ဟု ဆိုနိုင်လောက်အောင် ရုပ်ပဓာနကျသော အယူအဆများ ဘာမျှမပါရှိချေ၊ လူတိုင်းတွေ့မြင်နေသည့်၊ လူတို့၏ မီးနေခန်းနှင့် ခေါင်းကြားအထိသာ လက်ညှိုးထိုးပြ၍၊ ဘာသာတရားဆန်သည့် လူတို့၏ ကိုယ်ကျင့်တရား လူမှုဆက်ဆံရေး ယဉ်ကျေးမှုများကို ဆန့်ကျင်တိုက်ဖျက် ယူဆထားလေသည်၊ ဤသို့ ယူဆသည်မှာလည်း စင်စစ် အံ့သြဖွယ်ရာ မဟုတ်ချေ၊ ထိုစဉ်က အိန္ဒိယ၌ ပေါ်ပေါက်ခဲ့သော 'စာရ်ဝါက Caravaka-'၏ 'တမလွန်ဘဝဟူသည် မရှိ' ဟူသော ရုပ်ဝါဒကို အစဉ်အလာ ခံယူဟောပြောရခြင်းကြောင့် ဖြစ်ပေမည်၊ အဇိတသည် ဗုဒ္ဓခေတ်၌ ထင်ရှားသော ရုပ်ဝါဒီကြီးတဦး ဖြစ်သည်ကား အမှန်ပင် ဖြစ်လေသည်၊ အဇိတ၏ရုပ်ဝါဒသည် ဘီ-စီ-၄-ရာစု တဝိုက်၌ ပေါ်ပေါက်ခဲ့သော ဂရိလူမျိုး'ဒီမိုကရိတပ်စ်နှင့် အေပီကျူရပ်စ်- Democritus and Epicurus.' ဟူသောဆရာတပည့်တို့၏ * ရုပ်ဝါဒနှင့်ကား မတူချေ၊ ဒီမိုကရိတပ်စ် တို့၏ ရုပ်ဝါဒ အယူအဆကား အတော်လေး တိုးတက် ကောင်းမွန်လေသည်။

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် အဇိတကေသကမ္ဗလ၏ အယူအဆကို နှစ်သက်ခဲ့သည် မဟုတ်ချေ၊ ၎င်းက ဗုဒ္ဓအား လျှောက်ထားသည်မှာ။

---

* ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု ပထမတွဲ စာမျက်နှာ ၃-တွင် ကြည့်ပါ။

"အသျှင်ဘုရား ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက်၊ အဇိတသည် အကျွန်ုပ်အား ဤသို့ ပြတ်စဲဝါဒကို ပြောကြားပါသည်ဘုရား၊ ဥပမာ သော်ကား တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေကြားသကဲ့သို့ ဖြစ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါသည်"

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည်ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း"

"အသျှင်ဘုရား အကျွန်ုပ်သည် အဇိတ၏အယူဝါဒကို မနှစ်သက်ခဲ့ပါ၊ သို့သော် ပယ်လည်းမပယ်ခဲ့ပါ၊ အကျွန်ုပ်၏စိတ်နှလုံး မသာယာသော်လည်း မည်သို့သော စကားကိုမျှ မဆိုပဲ၊ နေရာမှ ထပြန်ခဲ့ပါသည် ဘုရား"။

'ဥစ္ဆေဒဝါဒ — ပြတ်စဲအယူအဆ' ကို ဗြဟ္မဇာလသုတ်-ဒီဃနိကာယ်၌ ခုနစ်မျိုးရှိသည်ဟု ပြဆိုထားလေသည်၊ ဦးစွာ ပဌမပြဆိုသော ပြတ်စဲဝါဒ-ဥစ္ဆေဒအယူအဆ သာလျှင် ပဓာန ဖြစ်ပေမည်၊ ၎င်း၌ ဤသို့ ပြဆိုထားလေသည်။

"အချင်း ဤအတ္တသည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဘတို့မှ ပေါက်ဖွား၏၊ ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှ နောက်၌ မဖြစ်, မရှိ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏"။

ဤသည်ကား ဗုဒ္ဓခေတ်က ဥစ္ဆေဒဝါဒသမားတို့ ယူဆကြသော ပဓာနအကြောင်း ဖြစ်လေသည်။ အဇိတ၏ ရုပ်ဝါဒ အယူအဆသည် အေ-ဒီ-၂၀-ရာစု ယနေ့ခေတ်ကာလ ရုပ်ဝါဒနှင့် နှိုင်းယှဉ်လျှင် အာကာသနှင့်မြေပြင်ပမာ ခြားနားကွာဟလှ လေသည်၊ သို့သော် အဇိတသည် အမိအဖတို့ကို ကြွေးမွေးပြုစု လုပ်ကြွေးခြင်းတို့၏ အကျိုးတရားများ, ပေးကမ်းခြင်း, လှူဒါန်း ခြင်း၏ အကျိုးတရားများကို ရှိသည်ဟုမယူဆ လက်မခံသလို ယနေ့ ရုပ်ဝါဒီတို့သည်လည်း လက်ခံကြသည် မဟုတ်ချေ၊ ဤသို့ လက်မခံခြင်းမှာ ၎င်းတို့သည် မည်သို့ရှုမြင် သုံးသပ်ဆင်ခြင်၍ လက်မခံကြသည် ဆိုခြင်းကို မသိနိုင်ချေ၊ လူ့ယဉ်ကြေးမှုရေးရာ အပြာဖြာကို ရုပ်ဓာတ်, ရုပ်သား, ရုပ်သဘာဝ, ရုပ်နိယာမကဲ့သို့ မဟုတ်သဖြင့်, မတူညီသဖြင့်, မကိုက်ညီသဖြင့်, လက်မခံဟု ဆိုခြင်းကား မတိကျ မသေချာလှချေ၊ အစမှအဆုံး အားလုံး သော လူ့လောက၏လူသားတို့ ပြုမူဆက်ဆံကြခြင်းကို လူသား တို့ အကျိုးစီးပွားအတွက် ဟုတ်မဟုတ် လေးနက်စွာ မရှုမြင် မသုံးသပ်ခြင်းကြောင့် ဖြစ်လေသည်၊ လူမှုရေးလောက၏ အရာရာ တိုင်းကို 'ရုပ်ဝါဒ၏ရုပ်ဒဿန' ဖြင့်သာ တိုင်းတာရှုမြင် သုံးသပ် နေပါက 'သိပ္ပံနည်းကျ ရုပ်ဝါဒ' သည် လူ့လောက၌ တာရှည် တွင်ကျယ်နိုင်မည် မဟုတ်ချေ၊ အမှန်ကား လူသားတို့နှင့် လူမှုရေး လောကသည် ရုပ်ဝါဒအလိုကျ 'ရုပ်သဘာဝဓမ္မ' အားလျော်စွာ အစအဆုံး တိတိကျကျ ဖြစ်နေကြသည် မဟုတ်ခြင်းကို အလေးမူ ဂရုပြုသင့်လေသည်။

## ပကုဓကစ္စာယနှ၏ အယူဝါဒ။

"အသျှင်ဘုရား အကျွန်ုပ်သည် တခါက ပကုဓ ကစ္စာယနထံသို့ ချဉ်းကပ်ပြီး ဤပြဿနာကို မေးဘူးပါသည်ဘုရား၊ အသျှင်ဘုရား အကျွန်ုပ်က မေးသည်ရှိသော် ကစ္စာယနသည် အကျွန်ုပ်အား ဤသို့ ပြန်လည်ဖြေကြားပါသည်ဘုရား"။

"မင်းကြီး ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည်မဟုတ်ကုန်, ပြုလုပ်ထားစေသည် မဟုတ်ကုန်, ဖန်ဆင်းထားသည် မဟုတ်ကုန်, ဖန်ဆင်းထားစေသည်မဟုတ်ကုန်, မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှာ, ဆင်းရဲရန်ငှာ, ချမ်းသာဆင်းရဲစေရန်ငှာ မတတ်နိုင်ကုန်၊ ခုနစ်ပါးတို့ဟူသည် အဘယ်နည်း၊ မြေအစု, ရေအစု, မီးအစု, လေအစု, ချမ်းသာ, ဆင်းရဲ,တို့နှင့် ခုနစ်ခုမြောက် အသက်တို့တည်း။

ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်, ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည်မဟုတ်ကုန်, ဖန်ဆင်းထားစေသည် မဟုတ်ကုန်, မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည်

မတုန်လှုပ်ကုန်, မဖောက်ပြန်ကုန်, အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှင်း, ဆင်းရဲရန်ငှင်း, ချမ်းသာ ဆင်းရဲရန်ငှင်း မတတ်နိုင်ကုန်။

ထိုအစုတို့၌ သတ်သူ, သတ်စေသူ, ကြားသူ, ကြားစေသူ, သိသူ, သိစေသူများ မရှိကုန်၊ ထက်စွာသော လက်နက်ဖြင့် ဉခေါင်းကို ဖြတ်စေကာမူ၊ တဦးတယောက်သည် တဦးတယောက်ကို သတ်သည်မမည်၊ လက်နက်သည် ခုနစ်ပါးသော အစုတို့၏အကြား ဟင်းလင်းသို့ ကျရောက်၏"

ပကုဓကစ္စာယန၏ အယူဝါဒကို မည်သို့ သတ်မှတ်နားလည်ရမည် မသိချေ၊ ၎င်း၏ အယူအဆသည် လေးနက်မှုမရှိလှသည့် ပေါ့ရွတ်ရွတ်အနိုင်ဆုံးသော အယူအဆကဲ့သို့ ဖြစ်၏၊ ၎င်းသည် လူမှုရေးရာ ကိုယ်ကျင့်တရားများကို လက်ခံဟန်မရှိချေ၊ ၎င်းအနေဖြင့် လောကကြီးတွင် ရေ, မြေ, လေ, မီး, သုခ, ဒုက္ခ, ဇီဝ, တို့သည်သာလျှင် မဖောက်မပြန် မှန်ကန်တည်မြဲသော တရားများ ဖြစ်ကြလေသည်၊ ဤခုနစ်စုတို့မှတပါး အခြားသော တရားတို့သည် မတည်မြဲသော ဖောက်ပြန်လေ့ရှိသော တရားများသာလျှင် ဖြစ်သည်ဟု ယူဆလေသည်၊ ထို့ကြောင့်ပင် လူတဦးတယောက်ကို ဉခေါင်းဖြတ် သတ်စေသောအခါ လက်နက်သည် ဟင်းလင်းပြင်သို့ ကျရောက်ခြင်းသာ ဖြစ်သည်ဟု ပြောဆိုခြင်း ဖြစ်လေသည်။

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ပကုဓကစ္စာယန၏ အယူအဆကို နှစ်သက်မှု မရှိခဲ့ချေ။

"အသျှင်ဘုရား ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပကုဓကစ္စာယနသည် အကျွန်ုပ်အား အကြောင်းအရာ တပါးဖြင့် အကြောင်းအရာတပါးကို ဖြေကြားပါ၏ အသျှင်ဘုရား၊ သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေကြားသကဲ့သို့ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် အကြောင်းအရာ တပါးကိုသာ ဖြေကြားပါသည် အသျှင်ဘုရား၊ အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏"

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြဟ္မဏကို ပြစ်တင်မောင်းမဲ သင့်သည်ဟု အဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း"

"အသျှင်ဘုရား အကျွန်ုပ်သည် ပကုဓကစ္စာယန ပြောသော စကားကို မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ ထိုသို့ဖြစ်လျက် နှလုံးမသာသော်လည်း နှလုံးမသာသောစကားကို မဆိုမူ၍သာလျှင် နေရာမှထကာ ပြန်ခဲ့ပါသည် အသျှင်ဘုရား"

## နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ။

"အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်၍ နိဂဏ္ဌနာဋပုတ္တနှင့် အတူ၊ ဝမ်းမြောက်ဖွယ်သော အမှတ်ရဖွယ်သော

အသက်ထက်ဆုံး အောင်းမေ့ထိုက်သော စကားတို့ဖြင့် နှုတ်ဆက်ပြောဆို ပြီးဆုံးစေ၍ သင့်လျော်ရာ တခုသော နေရာ၌ ထိုင်ပါ၏၊ ထိုနောက် နိဂဏ္ဌနာဋပုတ္တအား ဤပြဿနာကို မေးဘူးပါ၏"။

"အသျှင်ဘုရား အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော နာဋ၏သား နိဂဏ္ဌသည် အကျွန်ုပ်အား ဤသို့ ပြော ကြားပါသည်ဘုရား"။

"မင်းကြီး ဤလောက၌ နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏၊ မင်းကြီး နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် အဘယ်သို့ စောင့်စည်းသနည်းဟူမူ မင်းကြီး ဤလောက၌ နိဂဏ္ဌသည် အလုံးစုံသော ရေအေးကို တားမြစ်၏၊ မကောင်းမှုကို အလုံးစုံ တားမြစ်၏၊ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် ပယ်ခွာပြီးဖြစ်၏၊ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို တွေ့ပြီး ဖြစ်၏၊ မင်းကြီး ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော ဤနိဂဏ္ဌနာဋပုတ္တသည် အထွတ် အထိပ်သို့ ရောက်သောစိတ်ရှိသူ၊ စောင့်စည်းသောစိတ် ရှိသူ၊ တည်ကြည်သော စိတ်ရှိသူဟု ဆိုအပ်၏"။

"အသျှင်ဘုရား ကိုယ်တိုင်သိမြင်ရသော ရဟန်း ဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား ဤသို့လေးမျိုးသော စောင့်စည်းခြင်းကို ပြောကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကိုမေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရှင်း၊ တောင်ပိန္နဲပင်ကို

မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရင်း ဖြစ်ပါ၏၊ အသျှင်ဘုရား-ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား ဤသို့လေးမျိုးသော စောင့်စည်းခြင်းကို ဖြေကြားပါ၏၊ အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏”။

“ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည်ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း”

“အသျှင်ဘုရား အကျွန်ုပ်သည် နိဂဏ္ဌနာဋပုတ္တ ပြောသော စကားတို့ကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူမမှတ်သားပဲ နေရာမှထကာ ပြန်ခဲ့ပါသည်ဘုရား”။

နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒသည် ‘စတုယာမသံဝရဝါဒ’ ဖြစ်လေသည်၊ ဘီ-စီ-၆-ရာစုတဝိုက်က နာဋပုတ္တ၏ အယူဝါဒတို့သည် အိန္ဒိယပြည် မဇ္ဈိမဒေသတွင် ကျယ်ပြန့်စွာ ပြန့်ပွားတွင်ကျယ်ခဲ့လေသည်၊ ယနေ့အချိန်အထိ အိန္ဒိယ၌ ‘ဂျိန်းအယူဝါဒ Jainism’ အဖြင့်ရှိနေလျက်ပင် ဖြစ်လေသည်၊ဂျိန်းစာပေ သုတ္တများတွင် ၎င်း၏ အမည်သည် ‘မဟာဝီရ’ဟု ပါရှိလေသည်၊ ဗုဒ္ဓဝါဒ စာပေပါဠိ ပိဋကတ်တို့၌ကား နိဂဏ္ဌများကို ‘အဂ္ဂိဝေဿန’ဟု အမည်အနွယ်ကို အစွဲပြုပြီး ခေါ်ဆိုလေ့ရှိသည်ကို တွေ့ရလေသည်၊ နိဂဏ္ဌဂိုဏ်းသားများနှင့် ဗုဒ္ဓတို့ ပြောဆိုဆွေးနွေးခန်းများကို ပိဋကတ်တွင် အတော်များများ တွေ့နိုင်

လေသည်၊ နိဂဏ္ဌနာဋပုတ္တသည် ခတ္တိယနွယ်ဝင် မင်းမျိုးတဦး ပင် ဖြစ်လေသည်၊ ၎င်းသည် နှစ်ပေါင်း ၃၀ တိုင်တိုင် မဇ္ဈိမ ဒေသတဝိုက်တွင် လှည့်လည် တရားဟောပြောပြီး နောက်ဆုံး ပါဝါမြို့၌ ပျံလွန်တော်မူလေသည်၊ ဗုဒ္ဓဝါဒများနှင့် အဓိက ယှဉ်ပြိုင်လျက် ပေါ်ပေါက်ဟောပြောခဲ့သော အယူဝါဒတခု ဖြစ်လေသည်၊ ဤသာမညဖလသုတ်၌ ပါရှိသည်မှာ နိဂဏ္ဌ၏ အယူဝါဒနိဒါန်း အမြွက်မျှပင် ရှိအံ့မထင်ချေ၊ ဂျိန်းသုတ္တများ ကို လေ့လာမှသာလျှင် ၎င်း၏အယူအဆဝါဒကို ကောင်းမွန်စွာ သိနိုင်လေမည် ဖြစ်ပေသည်။

နိဂဏ္ဌဂိုဏ်းသားတို့သည် ၎င်းတို့၏ အယူဝါဒအားလျော်စွာ ကောက်ချက်ယူပါက ၎င်းတို့သည် အတ္တကို အလေးထား ဦးစားပေးလွန်းသော သူတို့ ဖြစ်ကြလေသည်၊ ၎င်းတို့သည် အတိတ်ဘဝ အဆက်ဆက်မှ ရရှိလာသော 'ကမ္မဝိပါက'များကို လည်း ယုံကြည်လက်ခံသူတို့ ဖြစ်၏၊ နိဂဏ္ဌတို့ အလိုအားဖြင့် ၎င်းတို့သည် အတိတ်ဘဝများစွာမှ မကောင်းသောကံများနှင့် ဖြစ်ဆဲဖြစ်လတ္တံ့ မကောင်းသောကံများကို 'ပဉ္စာတပ' အကျင့် များဖြင့် ပယ်ဖျောက်ကြလေသည်။ ထိုစဉ် ဘီ-စီ ၆-ရာစုက အတိတ်ကံ ယုံကြည်သော ဂိုဏ်းသည် ၎င်းတို့၏ နိဂဏ္ဌဂိုဏ်းပင် ဖြစ်လေသည်။

## သဉ္စယဗေလဋ္ဌ ပုတ္တ၏ အယူဝါဒ

''အသျှင်ဘုရား အကျွန်ုပ်သည် အခါတပါး၌ သဉ္စယဗေလဋ္ဌပုတ္တထံသို့ ချဉ်းကပ်ခဲ့ပါသည်၊ သဉ္စယ

ဗေလဋ္ဌပုတ္တကို အသျှင်ဘုရား သိကောင်းသိပါလိမ့်မည်၊ ဤရာဇဂြိုဟ်၌ ကျော်ကြား ထင်ရှားသော ပုဂ္ဂိုလ်ကြီး တဦး ဖြစ်ပါသည်ဘုရား၊ ရာဇဂြိုဟ်ပြည်သားအများတို့ ကိုးကွယ်ဆည်းကပ်ခြင်းကို ခံရသူ ဂိုဏ်းဆရာကြီးတဦး ဖြစ်ပါသည်ဘုရာ"

"အသျှင်ဘုရား အကျွန်ုပ်သည် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားများကို ပြောဆို ပြီးဆုံးစေပြီး တခု သောနေရာ၌ ထိုင်လျက် သဉ္စယဗေလဋ္ဌပုတ္တကို ဤ ပြဿနာ မေးဘူးပါသည် အသျှင်ဘုရား"

"အကျွန်ုပ်က ဤသို့မေးသည်ရှိသော် သဉ္စယသည် အကျွန်ုပ်အား ဤစကားတို့ကို ပြောဆိုပါသည်ဘုရား"။

"မင်းကြီး သင်သည် 'တပါးသော လောက ရှိသလော'ဟု သင် ငါ့ကို မေးသော်၊ တပါးသော လောကရှိသည်ဟု ငါ အယူရှိခဲ့လျှင် 'တပါးသော လောကရှိ၏'ဟု သင့်ကို ငါဖြေရာ၏၊ သို့သော် ဤသို့ ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့ ဟုလည်းငါမယူ၊ ဤသို့ ထိုသို့ အခြားသို့ မဟုတ်ဟုလည်း ငါမယူ၊ ဤသို့ ထိုသို့ အခြားသို့ မဟုတ်သည် မဟုတ် ဟုလည်း ငါမယူ"။

ဤသို့ပင် သဉ္စယဗေလဋ္ဌပုတ္တသည် ၎င်းအား မည်သည့် ပြဿနာကို မေးမေး ဤသို့ပင် မိမိမည်သို့မျှ အယူအဆ မရှိ ကြောင်းကိုသာ ဖြေကြားလေသည်၊ အဇာတသတ်မင်းက သဉ္စယနှင့်စပ်လျဉ်း၍ ဗုဒ္ဓအား လျှောက်သည်မှာ-

"အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ဤသို့ 'ပစ်လွှင့်သောအယူ'ကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရှင်း, တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရှင်း ဤအတူ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ပစ်လွှင့်သော အယူကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏"

"ဤသူကား သမဏ ဗြာဟ္မဏတို့တွင် ပညာအမဲ့ဆုံးဖြစ်၏၊ အတွေဝေဆုံး ဖြစ်၏၊ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် အဘယ့်ကြောင့် ပစ်လွှင့်သော အယူကို ဖြေကြားဘိသနည်း၊ ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏကို ပြစ်တင် မောင်းမဲသင့်သည်ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်းဟု အကြံ ဖြစ်ပါသည်ဘုရား"

"အသျှင်ဘုရား အကျွန်ုပ်သည် သဉ္စယဗေလဋ္ဌပုတ္တ ပြောသော စကားများကို နှစ်လည်း မနှစ်သက်ခဲ့ပါ, ပယ်လည်း မပယ်ခဲ့ပါ, မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံး မသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားတို့ကို မနာယူမမှတ်သားပဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်ဘုရား"။

သဒ္ဓယပေလင္ဒပုတ္တကို မြန်မာဗုဒ္ဓဝါဒီတို့က သိဒ္ဓည်းပရဗိုဇ် အဖြစ်သိထားကြသည်၊ ဒီဃနိကာယ် ဗြဟ္မဇာလသုတ် အလို အားဖြင့် သဉ္စယ၏ဝါဒသည် 'အမရာဝိက္ခေပဝါဒ အဆုံးမရှိ ပစ်လွှင့်သောအယူဝါဒ' ဟု ပြဆိုထားလေသည်၊ သဉ္စယသည် အလွန်စူးယှဉ်ထက်မြက်သော ဝေဘန်ဉာဏ်ရှိ၍ ထင်ရှားသည် ဆို၏၊ နောက်ဆုံး အသိဉာဏ်မြင့်မားလွန်းကား ကိုယ်ကျင့် ဘရားနှင့် ပတ်သက်ရာတို့၌ မမြေကြွားနိုင်သည်ထိ ဖြစ်လာရသည် ဟု ဆိုလေသည်။

ဘီ-စီ ၆-ရာစုအခါ အိန္ဒိယပြည် မြောက်ပိုင်းတွင် ဤဂိုဏ်း ဆရာကြီးများနှင့် ၎င်းတို့၏ အယူဝါဒများသည် ထွန်းကားခဲ့ လေသည်၊ ဤဂိုဏ်း ဆရာကြီးများသည် အားလုံးလိုလိုပင် ဗုဒ္ဓထက် အသက်အရွယ်အားဖြင့် ကြီးရင့်ကြသူတို့ ဖြစ်ကြ လေသည်၊ ၎င်းတို့၏ အယူဝါဒသည် ဗုဒ္ဓ၏ ဝါဒအယူအဆ များနှင့်ယှဉ်လျက် ခေတ်ပြိုင်ပေါ်ပေါက်ခဲ့ကြလေသည်၊ ထိုစဉ်က အိန္ဒိယရှိ အားလုံးသော ဤဂိုဏ်းများနှင့် အခြားသော ဘာသာရေးဂိုဏ်း အသီးသီးတို့သည် အိမ်ရာမထောင်ကြချေ၊ အချို့သော ဂိုဏ်းဆရာတို့သည် တချိန်က အိမ်ထောင်သည်များ ဖြစ်ကြလေသည်၊ ဂိုဏ်းအားလုံးပင် အိမ်ထောင်ရှင်လူဝတ်ကြောင် များထံမှ တောင်းခံစားသောက်ပြီး လှည့်လည် နေထိုင်သူတို့ ဖြစ်ကြလေသည်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုလည်း ရှိကြသူတို့ မဟုတ်ချေ။

ကျွန်ုပ် ယခုရေးသားပြဆိုခဲ့သော ၎င်းတို့၏ အယူဝါဒ များသည် ဗုဒ္ဓစာပေ ပါဠိပိဋကတ်တို့၌ အနည်းအပါး ပါရှိသည် များကို ရေးသားပြဆိုခဲ့ခြင်း ဖြစ်လေသည်၊ ဗုဒ္ဓဝါဒစာပေတို့၌

ပြဆိုထားသော ၎င်းတို့၏ 'အယူအဆဝါဒ'ဆိုသော ဤစကားရပ်တို့သည် မည်မျှ ပြည့်စုံမှန်ကန်သည်၊ သို့မဟုတ် ထိုစဉ်က ဗုဒ္ဓနှင့် ခေတ်ပြိုင် ပေါ်ပေါက် ရပ်တည်ခဲ့သော ဂိုဏ်းဆရာကြီးတို့၏ အယူဝါဒ အဆိုအမိန့်များကို မည်မျှသော အတိုင်းအတာအထိ ကိုယ်စားပြုသည်ကို ကျွန်ုပ်တို့ လုံးဝမသိရချေ၊ ၎င်းတို့၏ အသီးသီးသော အယူဝါဒများကို ယနေ့အချိန်အထိ ခိုင်မာစွာ မသိရသေးချေ၊ ဗုဒ္ဓဝါဒစာပေတို့၌ ဒေသနာဓမ္မအကြောင်းရပ် အားလျော်စွာ အနည်းအပါး ပါရှိသည်များကို ရေးသားပြဆိုရခြင်း ဖြစ်ပေသည်၊ ထိုကြောင့် ဤအလွန် နည်းပါးသည့် ပြဆိုချက်များ ဖတ်ရှုပြီး ၎င်းတို့ကို အလွန့်အလွန် အထင်မသေးသင့်သလို ဖြစ်သင့်သည်ထက် ပို၍လည်း အထင်မကြီးအပ်ချေ။

ဗုဒ္ဓခေတ် ဘီ-စီ ၆-ရာစု အိန္ဒိယ ဘာသာရေးလောက အယူဝါဒရေးရာ နယ်ပယ်မှ အကြောင်းရပ်များကို ဗုဒ္ဓဝါဒစာပေ, ဗြာဟ္မဏစာပေနှင့် ဂျိန်းစာပေတို့၌ လာရှိပြဆိုထားသမျှသာ ယနေ့သိနိုင်လေမည်၊ ထိုထက်ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန်ကား ယဉ်ကျေးမှုအခြေအနေ ခေတ်ကာလ နှစ်ကြာမြင့်မှုများကြောင့် မျှော်လင့်ချက် ကင်းမဲ့လောက်အောင်ပင် ခဲယဉ်းလှပါချေသည်၊ ထိုစဉ်ခေတ်အခါက အယူဝါဒရေးရာနယ်ပယ်တွင် အများဆုံး ရေပန်းစားနေသော 'ဒဿနိကပြဿနာ'တို့ကား 'အသက်သည်ပင်ကိုယ်, ကိုယ်သည်ပင် အသက်လော, အသက်တခြား ကိုယ်တခြားလော, (ဇီဝသည်ပင်အတ္တ- သို့မဟုတ်- အတ္တတခြား ဇီဝတခြား)။ တပါးသောလောကရှိ-မရှိ၊ ကုသိုလ်ကံ-အကုသိုလ်

ကံ၏ အကျိုးဝိပါကများရှိ-မရှိ၊ သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်-မဖြစ် စသောအယူအဆ အဆိုအချေတို့သာလျှင် ဖြစ်၏။

မြန်မာဗုဒ္ဓဝါဒီတို့သည် ပြဆိုရေးသားခဲ့သော ဂိုဏ်းဆရာကြီးများကို 'တိတ္ထိ'ကြီးများအဖြစ် သိနားလည်ထားကြလေသည်၊ ဤသို့ သိနားလည်ထားခြင်းသည် မှန်ကန် သဘာဝကျအံ့ မထင်ချေ၊ သို့သော် ပုဂ္ဂိုလ်ရေးရာ ယူဆနားလည်မှုကား လွတ်လပ်မှုရှိပါသည်၊ သို့သော် သူတောသီတို့အဖို့ကား တဖက်မြင် ယူဆမှုသည် အထောက်အကူ မဖြစ်ချေ၊ အမှန်သိမြင်မှုသည်သာ အကျိုးများနိုင်လေသည်၊ ဤဂိုဏ်းဆရာကြီးတို့နှင့် စပ်လျဉ်းပြီး သိသင့်ရာတို့ကို သိအပ်လှလေသည်၊ ဤနေရာ၌ ကျွန်ုပ်သည် ဤဂိုဏ်းဆရာကြီးတို့၏ အကြောင်းရပ်များကို အကျယ်မရေးတော့ချေ၊ ကျွန်ုပ်ရေးသားခဲ့သည့် "ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု ပဋ္ဌမတွဲ စာမျက်နှာ ၁၅၉-၁၈၁ ထိ 'ဗုဒ္ဓနှင့်ခေတ်ပြိုင်ဂိုဏ်းများ, အခန်းတွင်" အကျယ်ယူလိုသူများ လေ့လာရန် ဖြစ်လေသည်၊ ဤစာအုပ်၌ကား အကြောင်းအရာများ ထပ်ပြီး စာတန်း လေးနေမည်ကို ရှောင်သောအားဖြင့် မရေးသားတော့ပါ။

*　　　*　　　*

# ရဟန်းဖြစ်ခြင်း၏ အကျိုးတရား

"အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်း မေးလျှောက်ပါ၏၊ အသျှင်ဘုရား ဤမျှများစွာသော အတတ်သည် တို့သည် ရှိပါကုန်၏၊ ဤအတတ်သည် တို့ကား 'ဆင်စီး သူရဲများ, မြင်းစီးသူရဲများ, ရထားစီး သူရဲများ, လေးသည်များ, အောင်လံကိုင်များ, စစ်ဆင်သူများ, တဖက်စစ်တပ်သို့ဝင်၍ ဦးခေါင်းများကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူများ, စစ်၌ ထူးချွန် ကျော်စောသော မင်းသားများ, တဟုန်ထည်းပြေးဝင် စစ်ထိုးနိုင်သူများ, ဆင်ပြောင်ကြီးကဲ့သို့သောသူရဲများ,လွန်စွာရဲရင့်သူများ။

ကျွန်ယုံတော်များ, ထမင်းချက်သူများ, ဆတ္တာသည်များ, ရေချိုးပေးသူများ' စဖိုသည်များ, ပန်းကုံးသူများ, ခဝါသည်များ, ယက်ကန်းသည်များ, ကျူထရံသည်များ, အိုးထိန်းသည်များ, ဂဏန်းတတ်သူများ, လက်ချိုးရေတွက်တတ်သူများ ထိုမှတပါးလည်း ဤနှင့်အလားတူများစွာသော အတတ်သည်တို့ ရှိပါကုန်သေး၏၊ ထိုသူတို့သည် မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိမြင်ရသော အတတ်၏ အကျိုးကိုမှီ၍ အသက်မွေးပါကုန်၏။

ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊ အားအင် ပြည့်ဖြိုးစေပါကုန်၏၊ အမိအဖတို့ကို ချမ်းသာစေပါကုန်၏၊ အားအင်ပြည့်ဖြိုးစေပါကုန်၏၊ သားမယားတို့ကို ချမ်းသာ စေပါကုန်၏၊ အားအင် ပြည့်ဖြိုးစေပါကုန်၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေပါကုန်၏၊ အားအင် ပြည့်ဖြိုးစေပါကုန်၏၊ အထက်ဘုံ၌ဖြစ်စေတတ်သော, နတ်ပြည်၌ ဖြစ်စေတတ်သော, ကောင်းကျိုးကို ဖြစ်စေတတ်သော, မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော, အလှူကို သမဏ ဗြာဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤအတတ်တို့၏ အကျိုးနှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်း ဖြစ်ကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသလော အသျှင်ဘုရား”။

ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓအား ဤသို့ပင် မေးလျှောက်လေသည်၊ အဇာတသတ်မင်း၏ အမေးသည် လက်တွေ့ကျ၍ သဘာဝကျလှလေသည်၊ ထိုစဉ်က အိန္ဒိယမှ အခြားသော ဘာသာရေးဂိုဏ်း ခေါင်းဆောင်တို့အားလည်း ဤသို့ပင် မေးလျှောက်ခဲ့လေသည်၊ ဗုဒ္ဓဝါဒစာပေများတွင် ပြဆိုပါရှိသည့် အားလျော်စွာ ဆိုရပါမူ ထိုစဉ်က မည်သည့်ဘာသာရေး အဖွဲ့အစည်းဂိုဏ်းခေါင်းဆောင်မျှ အမေးပြဿနာအား လျော်သော အဖြေကို မပေးနိုင်ခဲ့ချေ၊ ဤသည်ပင် အဇာတသတ်မင်းအဖို့ ဘာသာ အယူဝါဒများ အပေါ် မနှစ်သိမ့်နိုင်သော နှလုံးမတွေ့နိုင်သော အကြောင်းဘချပ် ဖြစ်ခဲ့ချေမည်။

လောကလူတို့နှင့် ခြားနားသော ရဟန်းအဖြစ် ပြုမူနေထိုင်ခြင်းသည် ရေရာခိုင်မာသော အကျိုးတရားမရှိပါက ထိုရဟန်းအဖြစ်သည် အဓိပ္ပာယ်မဲ့ အလကားလုပ်ရပ်သာ ဖြစ်ပေမည်၊ အမှန်ကား ရဟန်းပြုခြင်း-ရဟန်းဖြစ်ခြင်း၏ အကျိုးဝိပါက, အကျိုးတရားသည် ရှိရမည်ဖြစ်သည်၊ သို့မှသာ ရဟန်းပြုခြင်း-ရဟန်းဖြစ်ခြင်းသည် အဓိပ္ပာယ်ရှိပေမည်၊ ဤအရာ၌ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒီဘိက္ခု ရဟန်းတို့နှင့်စပ်လျဉ်း၍ ရဟန်းပြုခြင်း-ရဟန်းဖြစ်ခြင်း၏ အကျိုးတရားရှိ-မရှိ၊ အကယ်၍ ရှိသည်ဆိုပါက မျက်မှောက်ဘဝတွင်ရရှိသော အကျိုးတရားဖြစ်သည်၊ သို့မဟုတ် တမလွန်ဘဝတွင် ရရှိသော အကျိုးတရားသာ ဖြစ်သည်၊ မျက်မှောက် တမလွန် နှစ်မျိုးသော အကျိုးတရားဖြစ်သည် ဆိုခြင်းကို ပြဆိုနိုင်ရပေမည်။

ဤအကြောင်းအရာသည် အဇာတသတ်လို ပြည့်ရှင်မင်းတပါး အဖို့ သိသင့်သိထိုက်လေသည်၊ မိမိနိုင်ငံတော်တွင်း၌ ဘာသာရေးနယ်မှ ပုဂ္ဂိုလ်များကို လူမှုရေး, နိုင်ငံရေး စသည်တို့အရ မည်သို့ သဘောထားရမည်ဆိုခြင်းကား ၎င်းအဖို့ အရေးပါပေသည်၊ အထူးသဖြင့် ၎င်း၏ပုဂ္ဂိုလ်ရေးရာ သဘောထားအဘက်ပိုပြီး သိနားလည်သင့်လေသည်၊ အမှန်ကား ရဟန်းပြုခြင်း ရဟန်းဖြစ်ခြင်း၏ အကျိုးတရားကို ဗုဒ္ဓဝါဒီများ တကယ်တန်း တိကျမှန်ကန်စွာ နားလည်သင့်လေသည်၊ ရဟန်းပြုခြင်း ရဟန်းဖြစ်ခြင်းသည် ဗုဒ္ဓဝါဒ၌ အရေးပါသလို ရဟန်းပြုခြင်း ရဟန်းဖြစ်ခြင်း၏ အကျိုးတရားသည်လည်း ဗုဒ္ဓဝါဒီများအဖို့ သာမက သုတေသီများအတွက်ပါ ပဓာနကြသော အကြောင်းရပ် ဖြစ်လေသည်။

## မျက်မှောက်ဘဝ၌ ရှေးဦးစွာရအပ်သော ရဟန်းဖြစ်ရခြင်း၏ အကျိုး

မဂဓတိုင်းရှင် အဇာတသတ်မင်းက မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ရခြင်း၏ အကျိုးကို မေးလျှောက်သောအခါ ဗုဒ္ဓသည် အဇာတသတ်မင်းအား ဤသို့ပြန်လည် မေးတော်မူပြီး ဖြေဆိုတော်မူလေသည်။

"မင်းကြီး သင်၏ အမေးကို ဖြေဆိုခြင်းငှာ တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင်ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလော့၊ မင်းကြီး ငါဘုရားဆိုမည့် ထိုအရာကို အဘယ်သို့ ထင်မြင်ယူဆသနည်း"

"မင်းကြီး သင်၏ ဤတိုင်းပြည်၌ ရှေးဦးစွာထလေ့ရှိသော, နောက်မှ အိပ်လေ့ရှိသော, အဘယ်ကို ပြုရအံ့နည်းဟု အသင့်နာခံလေ့ရှိသော, နှစ်ခြိုက်ဖွယ်ကိုပြုလေ့ရှိသော, ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော, မျက်နှာရိပ်ကို ကြည့်လေ့ရှိသော အမှုလုပ် ကျွန်ယောကျ်ားသည် သင်မင်းကြီးအားရှိရာ၏၊ ထိုသူသည် ဤသို့ အကြံဖြင့်တွေးဆရာ၏"

"အချင်းတို့ ကောင်းမှုတို့၏ လားရာ၊ ကောင်းမှုတို့၏ အကျိုးသည် အံ့ဘွယ် ရှိပါပေစွတကား၊ မပြဘူးမြဲ ဖြစ်ပါပေစွတကား၊ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် လူပင်တည်း၊ ငါသည်လည်း လူပင်တည်း၊ သို့သော် ဝေဒေဟီ မိဖုရား၏သား

မဂဓတိုင်းရှင် အဇာတသတ်မင်းသည်ကား ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာနတ်ကဲ့သို့ ခံစားပျော်ရွှင်ရ၏၊ ငါမူကား ရှေးဦးစွာ ထလေ့ရှိသော, နောက်မှ အိပ်လေ့ရှိသော, အဘယ်ကို ပြုရအံ့နည်းဟု နာခံလေ့ရှိသော,နှစ်မြို့က်ဖွယ်ကို ပြုလေ့ရှိသော, ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော,မျက်နှာရိပ်ကို ကြည့်လေ့ရှိသော,ထိုမင်း၏ အမှုလုပ်ကျွန်ဖြစ်၏၊ ငါသည် ကောင်းမှုတို့ကို ပြုရမူ ထိုမင်းကဲ့သို့ ဖြစ်ရာ၏၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီး လျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”ဟု အကြံဖြစ်ရာ၏။

“မင်းကြီး ထိုသူသည် နောင်အခါ၌ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်၍ လူ့ဘောင် မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော်၊ကိုယ်ဖြင့် စောင့်စည်းလျက်နေရာ၏၊ နှုတ်ဖြင့် စောင့်စည်းလျက်နေရာ၏၊ စိတ်ဖြင့် စောင့် စည်းလျက်နေရာ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကာ၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက်နေရာ၏၊ ထိုအကြောင်း အရာကို သင့်အား မင်းချင်းယောကျ်ားတို့သည် ဤသို့ လျှောက်ကြားကုန်ရာ၏”

“မင်းမြတ် သိတော်မူပါလော့၊ ရှေးဦးစွာ ထလေ့ ရှိသော၊ နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့ နည်းဟု နာခံလေ့ရှိသော နှစ်မြို့က်ဖွယ်ကိုပြုလေ့ရှိသော, ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော, မျက်နှာရိပ်ကို ကြည့်လေ့

ရှိသော, သင်မင်းမြတ်၏ အမှုလုပ် ကျွန်ယောကျ်ား
သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော
အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့
ဝင်ရောက်ပါ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော်၊
ကိုယ်ဖြင့် စောင့်စည်းလျက်နေပါ၏၊ နှုတ်ဖြင့်စောင့်စည်း
လျက်နေပါ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊
အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့
လျော်လျက်နေပါ၏ဟု လျှောက်ကြားကုန်ရာ၏”

“မင်းကြီး-ဤအရာ၌ သင်သည် အသို့ပြုမည်နည်း”။
အဇာတသတ်မင်းသည် ဗုဒ္ဓအား မည်သို့ ပြန်လည်လျှောက်
တင်ရမည်ကို မသိချေ၊ လူ့လောက လူ့ဘဝ၌ လူအဖြစ်တွင်
ထိုသူသည် မိမိ၏အမှုလုပ် ကျွန်ယောကျ်ားဖြစ်သည်ကား
မှန်ပါ၏၊ သို့သော် ယခုကဲ့သို့ ရဟန်းအဖြစ် ရဟန်းဘောင်
ရဟန်းဘဝသို့ ဝင်ရောက်သွားသောအခါ မိမိနှင့် မည်သို့မျှ
မပတ်သက်တော့ချေ၊ လူ့ဘဝ လူအဖြစ်သည်သာ မိမိနှင့်
သက်ဆိုင်ပြီး ရဟန်းဘဝရဟန်းအဖြစ်၌ကား မိမိနှင့် မည်သို့မျှ
မသက်ဆိုင်ချေ၊ အမှန်ကား ရဟန်းဘဝ ရဟန်းအဖြစ်သည်
လူ့ဘဝလူအဖြစ်နှင့် လုံးဝပင် ခြားနားလေသည်။

“အသျှင်ဘုရား ဤအရာ၌ မြတ်စွာဘုရားသာလျှင်
အကြီးအမှူး ဖြစ်ပါ၏”။

အဇာတသတ်မင်းသည် ဗုဒ္ဓအား ဤသို့ပင် ပြန်လည်
လျှောက်ထားလေသည်။

“မင်းကြီး ပင်းချင်းယောကျ်ားတို့က လျှောက်ကြား
သော် သင်သည် ဤသို့ ဆိုသင့်ပါမည်လော၊ “အချင်းတို့

တိုယောက်ျားသည် ငါ့ထံပြန်လာစေလော့၊ ရှေးဦးစွာ ထလေ့ရှိသော, နောက်မှအိပ်လေ့ရှိသော, အဘယ်ကို ပြုရအံ့နည်းဟု နာခံလေ့ရှိသော, နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော, ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော, မျက်နှာရိပ်ကို ကြည့်လေ့ရှိသော, အမှုလုပ်ကျွန်ပင် တဖန်ဖြစ်စေလော့” ဟု ဆိုသင့်ပါမည်လော”။

“ဤသို့မဆိုသင့်ပါ အသျှင်ဘုရား၊ စင်စစ်သော်ကား အကျွန်ုပ်တို့ကပင် ထိုသူ့ကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ ထိုင်ရန်နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့် အညီ စောင့်ရှောက် ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏” ဟု အဇာတသတ်မင်းသည် ဤသို့ လျှောက်လေသည်။

“မင်းကြီး ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော မရှိသလော”။

“အသျှင်ဘုရား ဤသို့ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည်ကေန်ရှိပါ၏”။

“မင်းကြီး ဤကား ငါသည်သင့်အား ရှေးဦးစွာ မျက်မှောက်ဘဝ၌ပင် ပြအပ်သည် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း”

ဗုဒ္ဓသည် အဇာတသတ်မင်းအား ဤသို့ပင် ဟောကြားတော်မူလေသည်၊ အဇာတသတ်မင်းသည် ဗုဒ္ဓ ဤမျှ ဟောရုံမျှဖြင့် ၎င်းသိလိုသော ရဟန်းဖြစ်ကျိုးအတွက် ကျေနပ်နှစ်သိမ့်အံ့ မထင်ချေ၊ ဤမျှမကသော အကျိုးတရားများ ရှိသင့်သည်ဟု ယူဆလေသည်၊ ထို့ကြောင့်ပင် ဗုဒ္ဓအား ဤသို့ ပြန်လည်လျှောက်ထားလေသည်။

## နှစ်ကြိမ်မြောက်
## မျက်မှောက်ဘဝ၌ ရအပ်သော ရဟန်းဖြစ်ကျိုး

"အသျှင်ဘုရား ဤအတူ တပါးလည်းဖြစ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြခြင်းငှာ တတ်နိုင်ပါသေးသလော"။

"မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင်လျှင် ပြန်၍မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကိုဖြေလော့၊ မင်းကြီး ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤတိုင်းပြည်၌ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော အိမ်ရှင် လယ်သမားယောကျ်ားသည် သင့်အားရှိရာ၏၊ ထိုသူသည် ဤသို့ အကြံဖြစ်ရာ၏"

"အချင်းတို့ ကောင်းမှုတို့၏လားရာ ကောင်းမှုတို့၏ အကျိုးသည် အံ့ဘွယ် ရှိပါပေတကား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ ဝေဒေဟီမိဖုရား၏သား မဂဓ တိုင်းရှင် အဇာတသတ် မင်းသည်လည်း လူပင်တည်း၊

ငါသည်လည်း လူပင်တည်း၊ သို့ရာတွင် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် ဤအဇာတသတ်မင်းသည် ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ နတ်ကဲ့သို့ ပျော်ရွှင်စံစားရ၏၊ ငါမူကား ထိုမင်း၏ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော အိမ်ရှင်လယ်သမား ယောကျ်ားဖြစ်၏၊ ငါသည် ကောင်းမှုတို့ကိုပြုရမူ ထိုမင်းကဲ့သို့ ဖြစ်ရာ၏၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွဟု အကြံဖြစ်ရာ၏”

“မင်းကြီး ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကိုစွန့်၍ ဖြစ်စေ၊ များသောဥစ္စာစုကိုစွန့်၍ ဖြစ်စေ၊ နည်းသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ၊ များသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ၊ ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ အစာအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေရာ၏၊ ထိုအကြောင်းအရာကို သင့်အား မင်းချင်းယောကျ်ားတို့သည် ဤသို့ လျှောက်ကြားကုန်ရာ၏”။

“မင်းမြတ် သိတော်မူပါလော့၊ အသျှင်မင်းမြတ်၏ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေ

တတ်သော, အိမ်ရှင်လယ်သမား ယောကျ်ားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့်စောင့်စည်းလျက် နေပါ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကား ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေပါ၏-ဟု လျှောက်ကြားကုန်ရာ၏”။

“မင်းကြီး မင်းချင်းတို့က ထိုသို့လျှောက်ကြားသော အခါ သင်သည် ဤသို့ ဆိုသင့်ပါမည်လော၊ အချင်းတို့ ထိုယောကျ်ားသည် ငါ့ထံ ပြန်လာစေလော့၊ အခွန်ကို ထမ်းဆောင်သော, ဥစ္စာစုကို တိုးပွားစေတတ်သော, အိမ်ရှင်လယ်သမားပင် တဖန် ဖြစ်စေလော့ဟု ဆိုသင့်ပါမည်လော”။

“အသျှင်ဘုရား ဤသို့ မဆိုသင့်ပါ၊ စင်စစ်သော် အကျွန်ုပ်တို့ကပင် ထိုသူ့ကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ ထိုင်ရန်နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်း, ဆွမ်း,ကျောင်း, သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူ့အား တရားနှင့် အညီ စောင့်ရှောက် ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏”။

အဇာတသတ်မင်းက ဤသို့ လျှောက်ထားလေသော်၊ ဗုဒ္ဓသည် အဇာတသတ်မင်းအား ဤကဲ့သို့ မေးတော်မူလေသည်။

"မင်းကြီး ထိုအရာကို အဘယ်သို့ထင်သနည်း၊ ဤသို့ဖြစ်ခဲ့သော်၊ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော၊ မရှိသလော"။

"ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ဧကန်ရှိပါ၏ အသျှင်ဘုရား"။

"မင်းကြီး ဤကား ငါသည်သင့်အား နှစ်ကြိမ်မြောက် ပြအပ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း"။

ဗုဒ္ဓသည် အဇာတသတ်မင်းအား လောကလူ့ဘဝ၏ လူမှုရေးနယ်ပယ်မှ လုံးဝကင်းရှင်းလွတ်လပ်သော ပုဂ္ဂိုလ်၏အဖြစ်ကို ရဟန်းဖြစ်ခြင်း၏ မျက်မှောက်အကျိုးတရားအဖြစ် ဟောကြားတော်မူလေသည်၊ ဤကား မျက်မှောက်ဘဝ ရရှိအပ်သော အကျိုးတရား ဖြစ်သည်မှာ အထူးဆိုဖွယ်ပင် မလိုချေ၊ လောကလူမှုရေးမှ ကင်းသော, ရှင်းသော, လွတ်သော ရဟန်းဘဝ၏ အဖြစ်သည် မျက်မှောက်ရရှိသော အကျိုးတရားဖြစ်သည်ကား ထင်ရှားလှပါသည်။

သို့သော် ဤအကျိုးတရားမျှဖြင့် ရဟန်း၏ဘဝသည် အဓိပ္ပာယ် ပြီးပြည့်စုံသည်မဟုတ်ချေ၊ ရဟန်းဘဝ၏ အနေအထား အသွင်အပြင်သာ ဖြစ်လေသည်၊ ဤသာမညဖလသုတ်၌ မျက်မှောက်ဘဝ ရရှိအပ်သော ရဟန်းဖြစ်ကျိုးအဖြစ် ပြဆိုထား၏၊ ဤသို့ ပြဆိုထားခြင်းသည် ရဟန်းဘဝ ရဟန်းအဖြစ်၏ အမိုက ပဓာနကျသည့် အနှစ်အသားဖြစ်သော အကျိုးတို့ကို

သိနားလည်ရန် အမြွက်မျှ ပြဆိုထားခြင်း ဖြစ်ပေမည်၊ အမှန်ကား ယခုပြဆိုသည့် အကျိုးတရားတို့ထက် ပို၍ ကောင်းမြတ်လွန်ကဲသော အကျိုးတရားတို့သည် ရဟန်းဘဝ ရဟန်းအဖြစ်၌ ရှိလေသည်၊ ထိုအကျိုးတရားတို့သည်သာ ဗုဒ္ဓဝါဒီ ဘိက္ခု ရဟန်းဘဝ ရဟန်းအဖြစ်၏ မူလအဓိက အနှစ်သာရတို့ ဖြစ်လေသည်၊ ထိုအကျိုးတရားတို့ သည်သာလျှင် ရဟန်းဘဝ ရဟန်းအဖြစ်၏ လုံးဝဥဿုံ ပြီးပြည့်စုံသော အကျိုးတရားတို့ ဖြစ်လေသည်။

## သာ၍မွန်မြတ်သော ရဟန်းဖြစ်ကျိုး

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓ နှစ်ကြိမ်မြောက် ပြအပ်သော ရဟန်းဖြစ်ကျိုးကိုလည်း ကျေနပ်သည်မဟုတ်ချေ၊ ဤသည်တို့ကား လောကလူ့ဘဝမှ ကင်းလွတ်သော အကျိုး တရားများ ဖြစ်သည်ကို ၎င်းသိလေသည်၊ အမှန်ကား အဇာတသတ်မင်းသည် ဤသည်များထက် ပို၍သာလွန်သော ရဟန်းဖြစ်ကျိုးကို သိလိုရင်းသာ ဖြစ်လေသည်၊ ထို့ကြောင့်လည်း အဇာတသတ်မင်းသည် ဗုဒ္ဓအား ဤသို့ ပြန်လည် လျှောက် ထားလေသည်။

"အသျှင်ဘုရား ကိုယ်တိုင်သိမြင်ရသော ဤရဟန်း ဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်း ဖြစ်သော, သာ၍ မွန်မြတ်သည်လည်း ဖြစ်သော, တပါးလည်း ဖြစ်သော, မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော

ရဟန်းဖြစ်ကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသေးသလော”။

“မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟော ကြားအံ့”။

“ကောင်းပါပြီ အသျှင်ဘုရား”။

ဤသို့ပင် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓအား ဝန်ခံလေသည်၊ ထိုအခါ ဗုဒ္ဓ သည် မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဤတရားတို့ကို ဟောတော်မူလေသည်။

“မင်းကြီး ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံး စုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’နှင့် ပြည့်စုံတော် မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လောကကို သိတော်မူသော, ဆုံးမထိုက်သူကို ဆုံးမ တတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော, နတ်လူ တို့၏ဆရာဖြစ်တော်မူသော, သစ္စာလေးပါး တရားတို့ကို သိစေတော်မူသော, ဘုန်းတန်ခိုး ကြီးတော်မူသော, မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော, မာရ်နတ် နှင့်တကွသော, ဗြဟ္မာနှင့်တကွသော, ဤလောကကိုရင်း၊ သမဏ ဗြာဟ္မဏတို့နှင့်တကွသော, မင်းများလူများနှင့် တကွသော, သတ္တဝါအပေါင်းတို့ကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော် မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း,

အလယ်၏ ကောင်းခြင်း, အဆုံး၏ ကောင်းခြင်းရှိသော, အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော, စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏"

"မင်းကြီး ထိုတရားတော်ကို သူကြွယ်သည်ဖြစ်စေ, သူကြွယ်သားသည်ဖြစ်စေ, အခြားဇာတ် တမျိုးမျိုး၌ ဖြစ်သောသူသည်ဖြစ်စေ ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ယုံကြည်မှုကိုရသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏"

"လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာ မြူထရာလမ်းကြောင်း ဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သော အကျင့်ကို စင်စစ် ပြည့်စုံစွာ, စင်စစ် စင်ကြယ်စွာ, ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှာ မလွယ်၊ ငါသည် ဆံမုတ်ဆိပ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ပင်ရောက်ရမူ ကောင်းလေစွ' ဟု ဆင်ခြင်၏"

"မင်းကြီး ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ဖြစ်စေ, များသောဥစ္စာစုကို စွန့်၍ ဖြစ်စေ, နည်းသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ, များသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိပ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ရောက်၏"

"မင်းကြီး ထိုသူသည် ဤသို့ဝင်ရောက်ပြီးသော် 'ပါတိမောက္ခ သံဝရသီလ' ကို စောင့်ထိန်းလျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့်ပြည့်စုံသည် ဖြစ်၍ စင်ကြယ်သော အသက်မွေးမှု ရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေတို့၌ ပိတ်ထားသောတံခါး ရှိ၏၊ စားဖွယ်၌ အတိုင်းအရှည်ကို သိ၏၊ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏"။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအယူအဆတို့သည်၎င်း၊ ဗုဒ္ဓ၏ ဓမ္မဝိနယသာသနာသည်၎င်း၊ ဗုဒ္ဓ၏ဘိက္ခုသံဃာ အဖွဲ့ကြီးသည်၎င်း၊ မည်သို့သော သဘောသဘာဝတို့နှင့် အတိပြီးသည်ကို သိနားလည်သင့်လေသည်၊ ဗုဒ္ဓသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည် ဆိုခြင်းကို အမြွက်မျှပင် ပီပြင်အောင် ပြဆိုနိုင်စွမ်းသော အသိဉာဏ် ကျွန်ုပ်တို့တွင် မရှိပါချေ၊ ဇီဝက အဇာတသတ်မင်းအား လျှောက်တင်သကဲ့သို့ ကျွန်ုပ်တို့ ယေဘုယျ သိနားလည်နိုင်လေသည်၊ မဟာလူသား ဗုဒ္ဓသည် အတုမရှိ ကြီးမြတ်တော်မူသော အာဇာနည် ပုဂ္ဂိုလ်ဖြစ်လေသည်။

ဗုဒ္ဓဝါဒအယူအဆများသည် ကြီးကျယ်များပြား နက်ရှိုင်းလှ၏၊ သို့သော် ဗုဒ္ဓဝါဒကို ပြဆိုပါဟုဆိုပါက ကျွန်ုပ်တို့သည် 'သစ္စာလေးပါး' ကိုပင် ပြဆိုရပေမည်၊ မှန်လေသည် 'စတုသစ္စဝိနိမုတ္တော ဓမ္မော နာမနတ္ထိ' သစ္စာလေးပါးမှ ကင်းလွတ်သော

တရားမည်သည်မရှိ' ဟူသော ဗုဒ္ဓဝါဒဆိုရိုးကဲ့သို့ပင် ဗုဒ္ဓဝါဒကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ပြညွှန်းရလျှင် သစ္စာလေးပါးသာလျှင် ဖြစ်လေသည်၊ သစ္စာလေးပါးသည် ဗုဒ္ဓပွင့်သစ်စ သဗ္ဗညုအဖြစ်၌ အစဦး ဟောတော်မူသော ဓမ္မစကြာဒေသနာ၏ အဓိကပင်မ ဖြစ်သလို အားလုံးသော ဗုဒ္ဓဓမ္မဝိနယတို့၏ အဆီအနှစ်လည်း ဖြစ်လေသည်။

ဗုဒ္ဓ၏ဓမ္မဝိနယ သာသနာတော်သည် သိက္ခာစဉ်ရှိ၏၊ ကျင့်စဉ်ရှိ၏၊ လုပ်ငန်းစဉ်ရှိ၏၊ ကိလေသာ ပြွမ်းတီးသော ပုဂ္ဂိုလ်တို့မှလည်း သာသနာတော်သည် စင်ကြယ်၏၊ အကျင့်မြတ်ကို မကျင့်သည့် ပုဂ္ဂိုလ်များကို သာသနာတော်သည် လက်ခံသည် မဟုတ်ချေ၊ ဓမ္မဝိနယ သာသနာတော်၌ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓါန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရား,စသော ရတနာဂုဏ်ရည်တို့နှင့် ပြီးပြည့်စုံလေသည်၊ ထို့ကြောင့်လည်း ဓမ္မဝိနယသာသနာတော်သည် လွတ်မြောက်မှု ဟူသော 'ဝိမုတ္တိ'အရသာနှင့် သင်းထုံပြည့်စုံခြင်း ဖြစ်လေသည်။

အိန္ဒိယတွင် ဘီ-စီ ၆ ရာစုတဝိုက်က ပေါ်ပေါက်ခဲ့သော ဘာသာရေးအသင်းအဖွဲ့ ဂိုဏ်းအားလုံးတို့သည် လူတန်းစားခွဲခြားမှုမရှိကြချေ၊ ထိုစဉ်က အိန္ဒိယ၏လူမှုရေးနယ်ပယ်တွင် ဇာတ်ခွဲခြားသော အလေ့အထသည် လွန်စွာ ကြီးမားလေသည်၊ ဗြဟ္မဏနွယ်ဝင် ပုဏ္ဏားတို့သည် မိမိတို့ကိုယ်ကို ဗြဟ္မာကြီး၏ ခံတွင်းမှ ပေါက်ဖွားသူများဟုဆိုကာ မြင့်မြတ်စင်ကြယ်သူများ အဖြစ် ပြုမူခဲ့ကြလေသည်၊ အခြားသော ဗြဟ္မဏဂေါဒိ မဟုတ်သူများကို ဗြဟ္မာကြီး၏ခြေဖမိုးမှ ဖွားသည်ဟုဆိုကာ ယုတ်နိမ့်

သူများဟု သတ်မှတ်ယူဆလေသည်၊ ထိုစဉ်အခါက ဇာတ်ခွဲခြားမှုများ၏ ပြင်းထန်သော ဂယက်အသွင်များကို နိကာယ်ပါဠိပိဋကတ်တို့တွင် တွေ့နိုင်လေသည်၊ ဤသို့သော အချိန်အခါ၌ ဘာသာရေးနယ်၏ ဇာတ်ခွဲခြားမှုကို လက်မခံသည်မှာ အယူဝါဒတီတွင်သူ ခေါင်းဆောင်များကို ချီးကြူးသင့်လေသည်၊ ဇာတ်ခွဲခြားမှုနှင့် လူတန်းစား ခွဲခြားမှုသည် ဘာသာရေးအယူအမြင်၌ လုံးဝပင် အဓိပ္ပာယ်မရှိချေ။

# ဘိက္ခုသံဃာ့အဖွဲ့ကြီးနှင့် ကွန်မြူနစ်သီအိုရီ

ဗုဒ္ဓသည်လည်း မိမိ၏ဘိက္ခုသံဃာအဖွဲ့ကြီးကို ဇာတ်ခွဲခြားမှု လူတန်းစားခွဲခြားမှုမပြုဘဲ လက်ခံ ဖွဲ့စည်းခဲ့လေသည်၊ မင်းညီမင်းသား သူဌေးသူကြွယ်များသည်ရင်း, လယ်သမားကုန်သည်များနှင့် သူဆင်းရဲ ကျေးကျွန်များသည်ရင်း, ဘိက္ခုသံဃာအဖြစ်၌ 'သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းများ' ဟူသော အမည်နာမကို အားလုံးအတူတူပင် ရရှိခံယူကြရလေသည်၊ ဤသို့ ဘိက္ခုသံဃာ့အဖွဲ့ကို ဖွဲ့စည်းခဲ့သဖြင့် "ဗုဒ္ဓသည် ကွန်မြူနစ်သဘောသဘာဝကို ကျင့်သုံးခဲ့သည်၊ ဘိက္ခုသံဃာ့အဖွဲ့ကြီးကို ကွန်မြူနစ်သီအိုရီဖြင့် ဖွဲ့စည်းခဲ့သည်" ဟု၍ ဘာသာဝါဒနှင့် နိုင်ငံရေးအယူအဆကို ဟပ်စပ်၍ အကျိုးအမြတ်လိုချင်သူတို့က ဆိုကောင်းဆိုကြပေမည်။

ဤသို့ဆိုခြင်း ယူဆခြင်းသည် ဖြစ်နိုင်၏ မဖြစ်နိုင်၏ ဟူသည်ကို ဗုဒ္ဓဝါဒီများ စဉ်းစားဆင်ခြင်ကြည့်ပါက သိနိုင်လေသည်၊ အမှန်ကား ဤသို့ ယူဆခြင်းသည် လုံးဝမဖြစ်နိုင်ချေ၊ ဗုဒ္ဓဝါဒသည် လောကမှ ကင်းလွတ်သည်၊ လောကမှ ခွာနေသော လောကုတ္တရာ အယူအဆဝါဒ ဖြစ်လေသည်။

'ကွန်မြူနစ်ဝါဒ Communism'သည် 'ကားလ်မာ့က်စ်-Karl Marx' ပြုစုစီရင်ခဲ့သော ဝါဒဖြစ်လေသည် မာ့က်စ်သည် မိမိ၏ အတတ် အသိပညာများ အားလျော်စွာ ကျေးတော

ဆင်ခြင် ကြံဆ သုံးသပ်ရာမှ ကမ္ဘာ့လူဆင်းရဲ အများစုတို့အတွက် ပေါက်ဖွားလာသော ဝါဒဖြစ်လေသည်၊ လောကလူသားတို့အတွက် လောကီ လူမှုရေး, စီးပွားရေး, နိုင်ငံရေးများကိုဖွင့်ဆိုပြ ညွှန်သောဝါဒဖြစ်လေသည်၊ 'တသီးပုဂ္ဂလ ကိုယ်ပိုင်ပစ္စည်းဟူ၍ မရှိရပဲ အစိုးရက ထိန်းသိမ်းစီမံပေးသည့် စီးပွားရေး, စနစ်ဝါဒ, အယူအဆရှိသော ဝါဒလမ်းစဉ်ကို ကွန်မြူနစ်ဝါဒ' ဖြစ်သည်ဟု ကျွန်ုပ်တို့ နားလည်လေသည်။

ဘိက္ခုသံဃာ အဖွဲ့အစည်း၏ ဘဝသွင်ပြင်ကို ယေဘုယျ ကြည့်ပါက 'ကွန်မြန်သီအိုရီ- Commune theory' နှင့် တူညီသည်ဟုလည်း ဆိုကောင်း ဆိုကြပေမည်၊ ဤသို့ ယူဆခြင်းကား အပေါ်ယံရှုပ်ပြီး ရှုမြင်သုံးသပ်ရာမှ ကြံစည်ယူဆခြင်း ဖြစ်လေသည်၊ ကွန်မြန် အဖွဲ့အစည်းများသည် စီးပွားရေး လူမှုရေး စသည်တို့တွင် အားလုံးညီမျှစွာ ရရှိခံစားနိုင်အောင် အလုပ်ကို စုပေါင်း လုပ်စေရန်နှင့် အကျိုးအမြတ်ကို စုပေါင်း ခံစားစေနိုင်ရန် စုစည်းပေးထားသော အဖွဲ့အစည်းများ ဖြစ်ကြသည်၊ ပုဂ္ဂလိကပိုင်ပစ္စည်းကို ခွင့်မပြုပဲ စုပေါင်းပိုင်ဆိုင်, စုပေါင်းလုပ်ကိုင်ပြီး စုပေါင်းညီညာစွာ ခံစားနိုင်ကြ၏၊ ဥပမာအားဖြင့် ကွန်မြူနစ် တရုပ်ပြည်မှ 'ကွန်မြန်- Commune' တောင်သူ လယ်သမား အုပ်စုများကို ကြည့်ပြီး နားလည်နိုင်လေသည်။

ဗုဒ္ဓ၏ဘိက္ခုသံဃာအဖွဲ့သည် ပစ္စည်းပိုင်ဆိုင်မှုဟူ၍ အများပိုင် ပုဂ္ဂလိကပိုင် စသည်ဖြင့် ပြောပလောက်အောင် မရှိချေ၊ ဗုဒ္ဓခေတ် ဘိက္ခုရဟန်းများသည် မရှိမဖြစ်သည့် အလွန်နည်းပါးသော သပိတ်သင်္ကန်း စသည့် ပစ္စည်းမျှသာ ရှိကြလေသည်၊ ဗုဒ္ဓ၏ သာသနာခေတ်နှောင်းပိုင်း၌ ပေါပေါက်လာသော သံဃာ

အများပိုင် 'ဝိဟာရများ' အာဝါသများ, ရေချိုးအိမ်, စည်းဝေးရာဇရပ်, စသည်တို့သည်လည်း နေထိုင် သီတင်းသုံး၍ လောကုတ္တရာတရား ပွားများကျင့်သုံးရန် အထောက်အကူဖြစ်ရုံမျှသာ ဖြစ်လေသည်၊ ဘိက္ခုသံဃာတို့သည် အနည်းငယ်သော သင်္ကန်း ဆွမ်း ကျောင်း အသုံးအဆောင်တို့၌ လုံးဝပင်တပ်မက်တွယ်တာသော စိတ်မရှိရချေ၊ အကယ်၍ တွယ်တာမှုရှိပါက မရှိစေရန် ပွားများ ကျင့်သုံးရလေသည်၊ ဘိက္ခုသံဃာတစ်ဦးခြင်းသည်ရှင်း, ဘိက္ခုသံဃာ အဖွဲ့ကြီးသည်ရှင်း, တဏှာလောဘ အပါအဝင် ကိလေသာတရား သံယောဇဉ်တရားများကိုယုံကြည်သက်ဝင်၍ ထက်သန်သော စေတနာသဒ္ဓါဖြင့် ကင်းစင်ပြတ်ငြိမ်းအောင် ကျင့်သုံး ပွားများသူတို့ ဖြစ်လေသည်။

ကွန်မြူနစ် အဖွဲ့များကား စိတ်စေတနာ ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ၊ တဏှာလောဘ ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ၊ ဒေါသရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ၊ ကြပ်မတ်စွာ ဖွဲ့စည်းထားသော အဖွဲ့၏ စံနစ်စည်းကမ်းအတိုင်း အချိန်မှန် အလုပ်လုပ်၍ ပေးသမျှ ကြွေးသမျှနှင့် စားသောက်နေထိုင်ရလေသည်၊ အကယ်၍ အလွန့်အလွန် ပြင်းပြသော လောဘ, ဒေါသများ ရှိစေကာမူ တင်းကြပ်သော စည်းကမ်းများ စံနစ်များဖြင့် ထိန်းချုပ် ထားလေသည်။

အရှေ့နှင့် အနောက်ကဲ့သို့ ဘိက္ခုသံဃာ့အဖွဲ့နှင့်ကား လွန်စွာမှ ခြားနားလှလေသည်။

ရဟန်းအဖြစ်နှင့် မေ့ဝိနယသာသနာသို့ ဝင်ရောက်သောသသည် ရဟန်းဖြစ်သည်နှင့်အတူ သိက္ခာပုဒ်များကို စောင့်ထိန်းခြင်းဟူသော 'ပါတိမောက္ခသံဝရသီလ'နှင့် ပြည့်စုံစေလျက်

နေရသူဖြစ်လေသည်၊ ထို့ပြင် ကိုယ်, နှုတ်, နှလုံး သုံးပါးတို့ဖြင့် အကုသိုလ်တရားများမှ ရှောင်ကျဉ်ခြင်းဟူသော အာစာရသီလ နှင့်လည်း ပြည့်စုံရ၏၊ 'ကျက်စားရာ ဂေါစရ' ဟူသည်ကား အဋ္ဌကထာဆရာတို့၏ အလိုအားဖြင့် ပြည့်တန်ဆာမ, လင်သေ မုတ်ဆိုးမ, အပျိုကြီး,ရဟန်းမိန်းမ,ပဏ္ဍုက်ဟူသော ဤဂေါစရ ငါးပါးကို ကျဉ်ရှောင် ဆောက်တည်ခြင်းဟု ပြဆိုထားလေ သည်၊ ဤစကားရပ်များသည် ရဟန်း၏ကျက်စားရာ ဂေါစရ ကို ပြီးပြည့်စုံ ပေါ်လွင်အောင် ပြဆိုမထားချေ၊ ယူဆဖွင့်ဆိုမှု ကျဉ်းမြောင်းပြီး တဖက်သတ်ကျသကဲ့သို့ ဖြစ်လေသည်။ ဗုဒ္ဓ သာသနာ၏ နှောင်းပိုင်း ရဟန်းဘုန်းကြီးတို့၏ အဆိုများဟု ဆိုက ဆိုကောင်းဆိုနိုင်လေသည်။

ရဟန်းသည် ရွာနိဂုံး စသည်တို့၌ လူတို့နှင့် နီးကပ် ရောပြွမ်း လျက်လည်း မနေသင့်ချေ၊ တကိုယ်ထည်း တောသို့နေပါကလည်း မုတ်ဆိုးများ, သားကောင်ဖမ်းဆီး သတ်ဖြတ်သူများ, လူဆိုး တောပုန်းများ စသည်တို့နှင့်လည်း ပေါင်းသင်းမနေအပ်ချေ၊ ဆွမ်းရပ်ရန် ရွာနိဂုံးတို့နှင့်လည်း မဝေးလွန်း၊ တောခေါင်ခေါင် အရပ်ဒေသမဟုတ်ပဲ နေထိုင်၍ တရားကျင့်သုံးရန် သင့်လျော် သော နေရာဌာန စသည့်ကောင်းမွန် သင့်မြတ်ခြင်းကိုပင် ဆိုလို ခြင်း ဖြစ်ပေမည်။

သာရိပုတ္တသုတ်-အဋ္ဌကဝဂ် - သုတ္တနိပါတ်-၏ အလိုအရ၊ ကုသိုလ်ကို ရှာမှီးလေ့ရှိသော ရဟန်းသည် ကောင်းမြတ်သော စေတနာသဒ္ဓါတရား ရှိသည့် ရဟန်းမိန်းမ, သာမဏေမ, ဥပါ သကာ ဥပါသိကာမတို့နှင့် ဟောပြောဆက်ဆံခြင်းကို ခွင့်ပြု လေသည်။

ရဟန်းသည် မိမိ၏ သန္တာန်၌ဖြစ်သော ရာဂ စသည် ကိလေသာကို သတိပဋ္ဌာန်စသည့် အကျင့်မြတ်များဖြင့် ငြိမ်းစေရ၏၊ တပါးသော မိစ္ဆာအကျင့်ဖြင့် ငြိမ်းအေးမှုကို မရှာမှီးရချေ၊ ဤသို့ ငြိမ်းအေးပြီးသော ရဟန်းအား အတ္တဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အယူတို့မရှိချေ၊ ရဟန်းသည် လျှပ်ပေါ်သူမဖြစ်ရာ၊ ရှာသူတို့၏ စကားမှ နားကို ပိတ်ပင် တားဆီးထားရ၏၊ ရသာရုံ စသည်တို့၌လည်း မက်မောမှု မရှိရချေ၊ လောက၌ တစုံတခုကိုမျှလည်း မြတ်နိုးသူမဖြစ်ရချေ၊ ရဟန်းသည် အသံတိတ်ဆိတ်ကုန်သော နေရာ အိပ်ရာတို့၌ နေရာ၏၊ အနာရောဂါဟူသော အတွေ့ဖြင့် တွေ့သောအခါ မည်သည့် အကြောင်းကြောင့်မျှ ငိုကြွေးခြင်းကို မပြုရ၊ ဘဝတို့ကိုလည်း တောင်းတသူ မဖြစ်ရချေ၊ ထမင်း အဖျော် ခဲဖွယ် အဝတ် တို့ကို ရသည်ရှိသော် သိုမှီးမှုမပြုရ၊ အကယ်၍ မရသော်လည်း စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်ရချေ၊ ရဟန်းသည် စိယ်သဘောထားအားဖြင့်လည်း မိမိကိုယ်ကို မြင့်မြတ်သူဟူ၍ရင်း, ယုတ်နိမ့်သူဟူ၍ရင်း, တူညီသူဟူ၍ရင်း မထင်မှတ်ရ၊ ထို့ပြင် များစွာသော အခြင်းအရာတို့ဖြင့် ပြည့်စုံသူဟူ၍လည်း မိမိကိုယ်ကို မထင်မှတ် မယူဆရချေ။ (တုဝဋကသုတ် အဋ္ဌကထာ သုတ္တနိပါတ။)

အောက်မေ့ခြင်း 'သတိ'နှင့် ဆင်ခြင်ခြင်း 'သမ္ပဇဉ်'တရားတို့သည် ရဟန်းအား အရေးပါ ပဓာန ကျလှလေသည်၊ ဥပမာ သစ်ပင်သည် အခက်အရွက်နှင့် ပြည့်စုံပါမှ ထိုသစ်ပင်၏ အပွေးသည်ရင်း, အခေါက်သည်ရင်း, အကာသည်ရင်း, အနှစ်သည်ရင်း ပြည့်စုံခြင်းသို့ရောက်၏၊ထို့အတူပင် သတိသမ္ပဇဉ်နှင့် ပြည့်စုံသော ရဟန်းအား ဟိရိဩတ္တပ္ပသည် အကြောင်းပြည့်စုံ၏၊ ဟိရိဩတ္တပ္ပ

ရှိလတ်သော် ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသောရဟန်းအား ဣန္ဒြိယ သံဝရသည်အကြောင်းပြည့်စုံ၏၊ဣန္ဒြိယသံဝရရှိလတ်သော်ဣန္ဒြိယ သံဝရနှင့်ပြည့်စုံသော ရဟန်းအား အကျင့်သီလသည်အကြောင်း ပြည့်စုံ၏၊ အကျင့်သီလ ရှိလတ်သော် အကျင့်သီလ ပြည့်စုံသော ရဟန်းအား သမ္မာသမာဓိသည် အကြောင်းပြည့်စုံ၏၊ သမ္မာ သမာဓိ ရှိလတ်သော် သမ္မာသမာဓိနှင့် ပြည့်စုံသော ရဟန်းအား ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' သည် အကြောင်း ပြည့်စုံ၏၊ 'ယထာဘူတဉာဏဒဿန' ရှိလတ်သော် ယထာဘူတဉာဏဒဿနနှင့် ပြည့်စုံသော ရဟန်းအား 'ငြီးငွေ့မှု- နိဗ္ဗိဒါဉာဏ်' နှင့် 'တပ်ခြင်းကင်းမှု-ဝိရာဂဉာဏ်' သည် အကြောင်း ပြည့်စုံ၏၊ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်ရှိလတ်သော် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်နှင့် ပြည့်စုံသော ရဟန်းအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော 'ပစ္စဝေက္ခဏာဉာဏ်အမြင်' 'ဝိမုတ္တိဉာဏ ဒဿန' သည် အကြောင်းပြီးပြည့်စုံလေသည်။

ဤဩ ကျွန်ုပ်ရေးသား ပြဆိုခဲ့သည်တို့မှာ ဗုဒ္ဓဝါဒီ ဘိက္ခု ရဟန်းတပါး၏ဘဝ အနေအထားကို ပါဠိပိဋကတ်တို့အလို အဆို အခြားလျော်စွာ ပြဆိုခဲ့ခြင်းဖြစ်ပေသည်၊ အမှန်စင်စစ် ကျွန်ုပ်တို့ စဉ်းစား ဝေဘန်ပါက ရဟန်းအဖြစ် ရဟန်းဘဝသည် မည်မျှ ခဲယဉ်းသည်ကို သိနားလည်နိုင်လေသည်၊ ဤမျှ ခဲယဉ်းသော ရဟန်းအဖြစ်ကို တော်ရုံလျော်ရုံ စေတနာ သဒ္ဓါတရားတို့ဖြင့် ပြုမှုနိုင်စွမ်းသည် မဟုတ်ချေ၊ အသိဉာဏ် အဆင်အခြင်နှင့် ဗုဒ္ဓ-ဗုဒ္ဓ၏ ဓမ္မဝိနယတို့တွင် သဒ္ဓါယုံကြည်မှုသည် နှစ်သက်စွာနှင့် အသဲနှလုံးထဲမှ လိုက်လှဲစွာ ဖြစ်ပေါ်၍ အသိဉာဏ် စေတနာ ရှိရမည်ဖြစ်၏၊ သစ္စာလေးပါးကို ထိုးထွင်း သိမြင်နိုင်ရန်အတွက်

စေတနာ, သဒ္ဓါ, ဝီရိယ များသည် သာမန်မျှနှင့် မဖြစ်ချေ၊ ဥပမာ–'မိမိကိုယ်၌ အရေ အကြော အရိုးမျှသာကြွင်းသော်လည်း ကြွင်းစေ၊ အသားအသွေးတို့သည် ခန်းခြောက်သော်လည်း ခန်းခြောက်စေ၊ ယောကျ်ားတို့အားစွမ်း, ယောကျ်ားတို့ ဝီရိယ, ယောကျ်ားတို့၏ လုံ့လဖြင့်ရအပ်ရောက်အပ်သော တရား 'ဝိမုတ္တိဉာဏဒဿန' သို့မရပဲ မရောက်ပဲ ဝီရိယ ဆုတ်နစ်ခြင်းသည် မဖြစ်စေအံ့၊ ရပ်တန့်ခြင်းသည် မဖြစ်စေအံ့' ဤသို့သော လုံ့လ ဇွဲသတ္တိ ခိုင်မာစွာရှိရလေသည်၊ ဤမျှ ခဲယဉ်းသော ရဟန်းအဖြစ်သို့ ဝင်ရောက်ခြင်းသည် လောကမျက်စိနှင့်ကြည့်-ကြည့် လောကုတ္တရာ အမြင်နှင့် ရှု-ရှု ကြီးမားသော စွန့်စားမှုကြီးတခုသာ ဖြစ်လေသည်၊ အမှန်ကား မှန်ကန်သော အသိ ရည်ရွယ်ချက်များ စွန့်လွှတ်မှုများနှင့် ပီပြင်သော ဘိက္ခုရဟန်းအဖြစ် ဝင်ရောက်ပြုမူခြင်းသည် ယောကျ်ား အာဇာနီတို့သာ ပြုစွမ်းနိုင်သည်ဟု ကျွန်ုပ်ယူဆမိလေသည်။

ဤသို့ ဆိုသဖြင့် ဗုဒ္ဓဝါဒီများနှင့် လေ့လာသူတို့သည် လက်ခံကောင်းမှ လက်ခံကြပေမည်၊ အဘယ့်ကြောင့်ဟုဆိုသော် ယနေ့ခေတ်အခါကာလတွင် 'ဒုလ္လဘ ရဟန်းအဖြစ်' (ခနတဖြုတ်ရက်ပိုင်းနှင့် ဝတ်ရသော ရဟန်းအဖြစ်) အသက်နှစ်ဆယ်ပြည့်ပြီးသော မြန်မာပြည်နေ ယောကျ်ားတိုင်းပင် ခဲယဉ်းမှု လုံးဝမရှိပဲ ရရှိနေကြ၏၊ ဝတ်ချင်သည့်အချိန်တွင် ဝတ်၍ ထွက်လိုသည့်အချိန်တွင် ထွက်နိုင်၏၊ ဤနေရာ၌ ကျွန်ုပ်တို့ စဉ်းစားသင့်သည်ကား ဒုလ္လဘရဟန်းဝတ်ကြခြင်းသည် 'ဗုဒ္ဓဝါဒ အယူအဆအားလျော်သလော' သို့မဟုတ် 'ဗုဒ္ဓဝါဒယဉ်ကျေးမှု အရလော'ဟု စဉ်းစားသင့်လေသည်၊ ကျွန်ုပ် ဆိုလိုသည်ကား

ဒုလ္လဘရဟန်း ဝတ်ခြင်းသည် ဗုဒ္ဓဝါဒအယူအဆနှင့် ကိုက်ညီသင့်လျော်ပါသလော ထိုသို့မဟုတ် ဗုဒ္ဓဝါဒီတို့ ပြုလေ့ရှိသောဘာသာရေး ယဉ်ကျေးမှုလုပ်ရပ်လောဟု စဉ်းစားဝေဘန်ရန်ကိုဆိုလိုခြင်းဖြစ်သည်၊ ဤလုပ်ရပ်၏ အကျိုးအပြစ်ကိုလည်း ဝေဘန်ဆန်းစစ်ရပေမည်၊ သို့သော် ဤနေရာ၌ ဤအကြောင်းရပ်ကိုအသာ ထားခဲ့ပါသည်၊ ကျွန်ုပ်ပြဆိုခဲ့သော ရဟန်းပြုသည့်အရည်အသွေး ရဟန်းအဖြစ် ရဟန်းဘဝ စသည်တို့၌ ဤဒုလ္လဘရဟန်းအဖြစ်နှင့် လုံးဝပင်စပ်ဟပ်ယှဉ်တွဲ၍ မသုံးသပ်ရန်, မယူဆရန် လေးနက်စွာ တိုက်တွန်းလိုက်ပါသည်၊ ကျွန်ုပ်ရေးသားခဲ့သောစာအုပ်စာတန်းများ၌ပါသည့် ရဟန်းနှင့် အကြောင်းအရာတို့သည်လည်း ဒုလ္လဘရဟန်းကို မရည်ညွှန်းခဲ့ပါ၊ ဤနေရာဤစာတန်းများ၌ ဒုလ္လဘရဟန်းပြုခြင်းသည် သင့်မသင့်၊ ဗုဒ္ဓ၏အလို အယူအဆနှင့် လျော်ညီ-မညီ၊ ဘိက္ခုသံဃာ့ အဖွဲ့အစည်းနှင့် သင့်-မသင့်၊ ဗုဒ္ဓဝါဒအတွက် အကျိုးများ-မများ၊ ပြုသူပုဂ္ဂိုလ်အတွက်လည်း အကျိုး ရှိ-မရှိ၊ ဗုဒ္ဓဝါဒ ယဉ်ကျေးမှုအရလည်း လုပ်သင့်-မလုပ်သင့်၊ စသည် အကြောင်းများကိုမရေးသေးပါ နောင်အခွင့်အခါ ကြုံဆုံမှသာ ရေးသားပြဆိုပါမည်။

ရဟန်းပြုခြင်း ရဟန်းဖြစ်ခြင်းနှင့် အကျင့်မြတ် 'ဗြဟ္မစရိယ' များကို ဆောက်တည် ပွားစည်းကျင့်သုံး နေထိုင်ခြင်းသည် မည်သည့်ရည်ရွယ်ချက် ရှိသနည်း၊ မည်သို့သော ဦးတည်ရည်မှန်းချက်ပန်းတိုင်ရှိသနည်းဟု ကျွန်ုပ်တို့ သိနားလည်သင့်လေသည်၊ ဤအကြောင်းရပ်၏ အဖြေကို ကျွန်ုပ်တတ်သိနားလည်သည်များအား ရေးသား တင်ပြမည့်အစား ဗုဒ္ဓ

သက်တော်ထင်ရှားရှိစဉ် အသျှင်မဟာ ကောဋ္ဌိက မေးသည်၌ အသျှင်သာရိပုတြာ ဖြေသည်များကို ပြဆိုလိုက်ပါသည်။

"ငါ့သျှင် သာရိပုတြာ ပစ္စုပ္ပန်၌ရင်း, တမလွန်တို့၌ရင်း, မိမိခံစားရမည့် အထူးထူးသော ကံတို့ကို မိမိ အလိုအကျ မိမိ ဆန္ဒအတိုင်း ဖြစ်စေရန် မြတ်စွာဘုရား၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသည် မဟုတ်ဟု သင်ဆိုဘိ၏၊ အသို့ဖြစ်လျှင် အဘယ်အကျိုးငှာ မြတ်စွာ ဘုရား၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေ သနည်း။"

"ငါ့သျှင် မသိရသေး, မမြင်ရသေး, မရောက်ရသေး, မျက်မှောက်မပြုရသေး, ထိုးထွင်း၍ မသိရသေးသော တရားတို့ကို သိနိုင်ရန်, မြင်နိုင်ရန်, ရောက်နိုင်ရန်, မျက်မှောက်ပြုနိုင်ရန်, ထိုးထွင်း၍ သိနိုင်ရန် မြတ်စွာ ဘုရား အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါ၏။"

"ငါ့သျှင် ထိုတရားကား အဘယ်ပါနည်း။"

"ငါ့သျှင် ဤကား 'ဒုက္ခ' တည်းဟု မသိမမြင်မရောက် ရသေး, မျက်မှောက်မပြုရသေး, ထိုးထွင်း၍မသိရသေး, ဤကား 'ဒုက္ခဖြစ်ကြောင်း' တည်းဟု မသိ မမြင် မရောက် ရသေး, မျက်မှောက်မပြုရသေး, ထိုးထွင်း၍မသိရသေး, ဤကား 'ဒုက္ခချုပ်ရာ' တည်းဟု မသိ မမြင် မရောက် ရသေး, မျက်မှောက်မပြုရသေး, ထိုးထွင်း၍မသိရသေး, ဤကား 'ဒုက္ခချုပ်ရာသို့ ရောက်ကြောင်းအကျင့်တည်းဟု

မသိ မမြင် မရောက်ရသေး, မျက်မှောက် မပြုရသေး, ထိုးထွင်း၍မသိရသေး ဤတရားတို့ကို သိနိုင်ရန်, မြင်နိုင်ရန်, ရောက်နိုင်ရန်, မျက်မှောက်ပြုနိုင်ရန်, ထိုးထွင်း၍ သိနိုင်ရန် မြတ်စွာဘုရား၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါ၏။” (ကောဋ္ဌိကသုတ်- နဝကနိပါတ်- အင်္ဂုတ္တိုရ်နှင့်အခြား သုတ်များ။)

ဤသည်တို့ကား အလွန်မှန်ကန်လှသည့် ရဟန်း၏ ဦးတည်ရည်ရွယ်ချက် ဖြစ်လေသည်၊ ကျွန်ုပ်တို့ ရဟန်းပြုခြင်း, ရဟန်းဖြစ်ခြင်းသည် သေသည်၏အခြားမဲ့ နောင်တမလွန် ဘဝဟူသည်တို့အတွက် လုံးဝပင် ရည်စူးချက် မျှော်လင့်ချက်မရှိချေ၊ မိမိ၏ ဤဘဝ ဤကိုယ်မှ သေသည်မှနောက် နောက်ဘဝနောက်ကိုယ်အတွက် ကောင်းမွန်သာယာဘွယ် အကျိုးတရားအဖြစ်များကို လိုလားတမ်းတ၍ တဏှာရမက်ဖြင့် ဘိက္ခုရဟန်းပြုခြင်းသည် လွန်စွာမှ မလျော်ကန် မသင့်မြတ်ချေ၊ အစဉ်အလာအရ သတ်မှတ် ယူဆ နားလည်ထားသည်၌ လူသားတယောက်၏ သေသည်မှ နောက်တမလွန်တွင် အလွန်မက်မောဘွယ်ရာကောင်းသော ကောင်းကင်ဘုံ ကောင်းကင်နန်းနှင့် နတ်ပြည် ဗြဟ္မာ့ပြည်များရှိသလို အလွန်ကြောက်ဖွယ်ရာ ကောင်းလှသည့် ငရဲဘုံ ငရဲခန်းများလည်း ရှိလေသည်၊ ဤအရာများသည် ရဟန်းအတွက် ဘာမျှ အဓိပ္ပာယ်မရှိချေ၊ စင်စစ် ရဟန်းသည် မျက်မှောက်ဘဝ, နောက်ဘဝ, နောင်ဘဝ အထွေထွေ စသည်တို့ကို လုံးဝမစဉ်းစားပဲ အကယ်၍ရှိနေသော ‘ဘဝတဏှာ- ဘဝ၌ တပ်မက် တွယ်တာမှု’ကိုပင် နည်းပါး

ငြိမ်းအေးအောင် ပွားများ ကျင့်သုံးသူဖြစ်လေသည်၊ မိမိ၏ မျက်မှောက်ဘဝ ခန္ဓာငါးပါး ပေါင်းစပ် ဖွဲ့စည်းထားသော ပုဂ္ဂိုလ်အဖြစ်တွင် ခန္ဓာငါးပါး အာရုံတရားများနှင့် စပ်လျဉ်း ဖြစ်လေ့ရှိသော မကောင်းမှုများမှ ရှောင်ကြဉ်နေထိုင်ရလေသည်၊ 'ဝိမုတ္တိဉာဏ် သံယောဇဉ် ကိလေသာတရားများမှ လွတ်မြောက်သော အသိဉာဏ်' ကို မျက်မှောက်ပြု ရရှိနိုင်ရန် စောင့်စည်းပွားများ ကျင့်သုံးသူဖြစ်လေသည်၊ ဤသို့အကျင့်မြတ်များကို ကျင့်သုံး နေခြင်းသည်လည်း မျက်မှောက် အကျိုးခံစားပွားအတွက်သာ ဖြစ်လေသည်။

* * *

# သီလတရားများ ဘီ·စီ-၆-ရာစု

## စူဠသီလများ

ဗုဒ္ဓသည် မဂဓတိုင်းရှင် အဇာတသတ်မင်းအား ရဟန်းများ ပြည့်စုံဆောက်တည်နေသော သီလများကို ဟောကြားတော်မူလေဟည်။

"မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် အကျင့်သီလနှင့် ပြည့်စုံနေသနည်း၊ မင်းကြီး ဤလောက၌ ရဟန်းသည် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကိုချထားပြီး ဖြစ်၏၊ လက်နက်ကိုချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားလျက်နေ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မမြတ်သောအကျင့်ကိုပယ်၍ မြတ်သော အကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မမှန်ပြောခြင်းကိုပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သောစကားခြင်း ဆက်စပ်စေ၏၊ တည်သောစကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ဂုံးစကားကိုပယ်၍ ဂုံးစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ ဤသူတို့နှင့် ကွဲပြားခြင်းငှာ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ထိုသူတို့နှင့် ကွဲပြားခြင်းငှာ ဤသူတို့ထံ၌ မပြောတတ်၊ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကိုပြုသော စကားကို ဆိုလေ့ရှိ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ကြမ်းသောစကားကို ပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆို၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ပြိန်ဖျင်းသောစကားကို ပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ ဘရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့်

စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အခါ၌ အကြောင်းနှင့် တကွသော, အပိုင်းအခြားရှိသော, အစီးအပွားနှင့် စပ်သော, မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ ရှိ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထိုရဟန်းသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သာသနာ၏ အနှောက်အယှက် ဖြစ်သော ကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ပန်းပန်ခြင်း, နံ့သာခြယ်ခြင်း, နံ့သာပြောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သောနေရာ, မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ အသားစိမ်းကို ခံယူခြင်းမှ ရှောင်းကြဉ်၏၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင် ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက်, ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင်, နွား, မြင်း, မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်နှင့်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ် တိုင်းတာစဉ်းလဲခြင်းမှ ရှောင့်ကြဉ်၏၊ တံစိုးယူခြင်း,

လှည့်ဖြားခြင်း, အတုပြု၍ လိမ်ခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ဖျက်ဆီးခြင်း, ခိုးပြတိုက်ခြင်းမှရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း"။

## မဇ္ဈိမသီလ

"မင်းကြီး ထို့ပြင်လည်း အချို့သော အသျှင် သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းပြုလျက် နေကြ၏၊ ဤမျိုးစေ့တို့ကား အမြစ်မျိုးစေ့, ပင်စည်မျိုးစေ့, အဆစ်မျိုးစေ့, အညွန့်မျိုးစေ့, အစေ့ မျိုးစေ့တို့တည်း၊ ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင် အချို့သော အသျှင် သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော သိုမှီးသုံးဆောင်ခြင်းကို ပြုလျက် နေကြ၏၊ ထမင်းကို သိုမှီကြ၏၊ အဖျော်ကို သိုမှီကြ၏၊ အဝတ်ကို သိုမှီကြ၏၊ ယာဉ်ကို သိုမှီကျ၏၊ အိပ်ရာကို သိုမှီကြ၏၊ နံ့သာကို သိုမှီကြ၏၊ စားသုံးဖွယ်ကို သိုမှီခြင်းတို့တည်း၊ ရဟန်းသည် ဤသို့သော သိုမှီခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင် အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် သာသနာ၏ အနှောင့်အယှက်ဖြစ်သော ကြည့်ခြင်းကို ကြည့်လျက်နေကြ၏၊ ကခြင်း, သီခြင်း, တီးခြင်း, သဘင်ပွဲ, စာဟောပွဲ, လက်ဝါးတီးပွဲ, ကြေးနင်းခွက်ခွင်း စည်တီးပွဲ, စည်တီးပွဲ, ပန်းချီပြပွဲ, သံလုံးကစားပွဲ, ဝါးထောင်၍ ကစားပွဲ, အရိုးဆေးပွဲ, ဆင်တိုက်ပွဲ, မြင်းတိုက်ပွဲ, ကျွဲတိုက်ပွဲ, နွားတိုက်ပွဲ, ဆိတ်တိုက်ပွဲ, သိုးတိုက်ပွဲ, ကြက်တိုက်ပွဲ, ငုံးတိုက်ပွဲ, တုတ်သိုင်းပွဲ, လက်ဝှေ့ထိုးပွဲ, လက်ပန်းလုံးပွဲ, စစ်ထိုးပွဲ, စစ်သည်စစ်ဆေးပွဲ, စစ်ဆင်ပွဲ, စစ်အင်ကျင်းပွဲတို့တည်း၊ ရဟန်းသည် ဤသို့ သာသနာ၏ အနှောက်အယှက်ဖြစ်သော ကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မေ့လျော့ကြောင်း ဖြစ်သော လောင်းကစားခြင်းကို ပြုလျက် နေကြကုန်၏၊ ဤသည်တို့ကား ရှစ်ကွက်ကျား ကစားခြင်း, ဆယ်ကွက်ကျား ကစားခြင်း, ကောင်းကင်ကျား ကစားခြင်း, ဖိုးလမင်းကျား ကစားခြင်း, ဇယ်တောက်ကစားခြင်း, အန်ကစားခြင်း, ကျည်းသားရိုက်ကစားခြင်း, စုတ်ခတ်ရေးကစားခြင်း, ဂေါ်လီကစားခြင်း, ပီပီမှုတ်ကစားခြင်း, ထွန်ယက်ဖြင့်ကစားခြင်း, ဂွမ်းထိုးကစားခြင်း, စကြာဖြင့်ကစား

ခြင်း, ခြင်ခွက်ယယ်ဖြင့် ကစားခြင်း, ရထားငယ်ဖြင့် ကစားခြင်း, လေးငယ်ဖြင့် ကစားခြင်း, အက္ခရာဝှက် ကစားခြင်း, စိတ်အကြံဖော်တမ်း ကစားခြင်း, ကျိုး ယောင်ကန်းယောင်ပြု၍ ကစားခြင်းတို့တည်း၊ ရဟန်း သည် ဤသို့သော လောင်းကစားခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာကို သုံးစွဲခြင်းပြုလျက် နေကြ၏၊ ဤသည်တို့ကား မြင့်လွန်းသောနေရာ၊ အခြေ၌ သားရဲရုပ် စသည်ဖြင့် လုပ်ဆန်းကျယ်သော ပလ္လင်, မွေးရှည် ကော်ဇောကြီး, ဆန်းကြယ်သော သားမွေးအခင်း, ပန်းပြောက်ချယ် သားမွေးအခင်း, လဲသွပ်အခင်း, ရုပ်ပုံချယ်သားမွေးအခင်း, နှစ်ဖက်မွေးရှိအခင်း, တဖက် မွေးရှိအခင်း, ရွှေချည်ထိုးအခင်း, ပိုးချည်အခင်း, သားမွေးခင်းကြီး, ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထား ခင်းနှီး, သစ်နက်ရေအခင်း, ဝံပိုင်ရေအခင်း, မျက်နှာ ကျက်နှင့် အုံးနှီးနှစ်ဖက်ရှိ နေရာတို့တည်း၊ ရဟန်းသည် ဤသို့မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့ သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော လိမ်းခြယ်ခြင်း

ဆင်ယင်ခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား နံ့သာဖြင့်ပွတ်သပ်ခြင်း, ဆီဖြင့် ဆုပ်နယ်ခြင်း, နံ့သာဖြင့် ရေချိုးခြင်း, ကိုယ်ခန္ဓာ ကြီးထွားလုပရန် ပြုမူခြင်း, မှန်ကြည့်ခြင်း, မျက်စဉ်းဆေးခြယ်ခြင်း, ပန်းပန်ခြင်း, နံ့သာခြယ်ခြင်း, နံ့သာပြောင်းလိမ်းကျံခြင်း, မျက်နှာကို ခြယ်ခြင်း, လိမ်းကျံခြင်း, လက်ဝတ်တန်ဆာဆင်ခြင်း, သျှောင်ထုံးခြင်း, လက်ကိုင်ထုတ် ဆောင်ခြင်း, ကျည် ထောက် လွယ်ခြင်း, သန်လျက်ဆောင်ခြင်း, ထီးကို ဆောင်းခြင်း, ဆန်းကျယ်သော ဖိနပ်ကိုစီးခြင်း, သင်းကျစ် ဖွဲ့ခြင်း, ပတ္တမြားဆံကျင် ထိုးခြင်း, သားမြီးယပ် ဆောင်ခြင်း, အမြိတ်ရှည် ဝတ်ဖြူတို့ကို ဝတ်ခြင်းတို့ တည်း၊ ရဟန်းသည် ဤသို့ လိမ်းခြယ်ဆင်ယင်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလ ပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့ သစ္စာလေးပါးသိမြင်ရန် သိမြင်ကြောင်းတို့မှ ဖီလာဆန့်ကျင်သော စကားတို့ကို ပြောလျက်နေကြ၏၊ ဤသည်တို့ကား မင်းနှင့်စပ်သော စကား, ခိုးသူနှင့်စပ်သောစကား, အမတ်ကြီးနှင့်စပ်သော စကား, စစ်သည်နှင့်စပ်သောစကား, ကြောက်ဖွယ်နှင့် စပ်သောစကား, စစ်ထိုးခြင်းနှင့် စပ်သောစကား, စားဖွယ်နှင့် စပ်သောစကား, သောက်ဖွယ်နှင့် စပ်သော စကား, အဝတ်နှင့်စပ်သောစကား, အိပ်ရာနှင့်စပ်သော

စကား, ပန်းနှင့် စပ်သောစကား, နို့သာနှင့် စပ်သော စကား, ဆွေမျိုးနှင့်စပ်သောစကား, ယာဉ်နှင့်စပ်သော စကား, ရွာနှင့်စပ်သောစကား, နိဂုံးနှင့်စပ်သောစကား, မြို့နှင့်စပ်သောစကား, နယ်နှင့်စပ်သောစကား, မိန်းမနှင့် စပ်သော စကား, ယောကျ်ားနှင့် စပ်သော စကား, သူရဲကောင်းနှင့် စပ်သော စကား, လမ်းနှင့် စပ်သော စကား, ရေဆိပ်နှင့်စပ်သော စကား, သေလွန်သူနှင့် စပ်သောစကား, အထွေထွေနှင့် စပ်သော စကား, လောကနှင့် စပ်သော စကား, သမုဒ္ဒရာနှင့် စပ်သော စကား, ကြီးပွားခြင်း- ဆုတ်ယုတ်ခြင်းနှင့် စပ်သော စကားတို့တည်း၊ ရဟန်းသည် ဤသို့ ဖီလာစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင် သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော အငြင်းစကားကိုပြော လျက်နေကြ၏,ဤသည်တို့ကား သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မ ဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယကို အသို့သိနိုင်အံ့နည်း၊ သင့်သည် မှားသော အကျင့် ရှိသူဖြစ်၏၊ ငါသည် မှန်သောအကျင့် ရှိသူ ဖြစ်၏၊ ငါ၏စကားသည် စေ့စပ်၏၊ သင်၏စကားသည် မစေ့စပ်၊ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်၏ ကြာ မြင့်စွာ လေ့လာထားသော စကားသည် သင့်ဆီသို့

ပြန့်လှည့်၍ တည်လေပြီ၊ သင့်အယူဉ်ရှိသော အပြစ်ကို ငါတင်ပြ၍ သင်အရေနိမ့်ပြီ၊ ငါတင်ပြသော အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း ယခုပင် ဖြေရှင်းလော့၊ ရဟန်းသည် ဤသို့သော အငြင်းစကား ပြောခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား မင်းတို့၏, အမတ်ကြီးတို့၏, မင်းမျိုးတို့၏, ပုဏ္ဏားတို့၏, သူကြွယ်တို့၏, လုလင်ပျိုတို့၏, ဤအရပ်မှသွားလော့, ထိုအရပ်မှလာလော့, ဤသည်ကို ဆောင်သွားလော့, ဤသည်ကို ဆောင်ခဲ့လော့ ဟူသော အမှုတို့တည်း၊ ရဟန်းသည် ဤသို့ တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းတို့မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် လာဘ်သပ်ပကာ အလိုငှာ အံ့ဘွယ်လည်းဖြစ်စေကုန်၏၊ မြှောက်ပင့်၍လည်း ပြော ဆိုကုန်၏၊ အရိပ်အခြည်လည်း ပြုကုန်၏၊ အတင်း

အကြုပ်လည်းပြုကုန်၏၊ လာဘ်ဖြင့်လာဘ်ကိုလည်း ရှာမှီးကုန်၏၊ ရဟန်းသည် ဤသို့သော ပြုမူပြောဆိုခြင်းတို့မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း"။

## မဟာသီလ

"မင်းကြီး အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော အတတ်တို့ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အင်္ဂကျမ်း, နိမိတ်ကျမ်း, ဥပ္ပါတကျမ်း, (မိုးကြိုးခြင်း သက်တန့်ပေါက်ခြင်း စသည်တို့၏ အကျိုးအပြစ်ကို ပြဆိုသော အတတ်ကျမ်း) အိပ်မက်ကျမ်း, လက္ခဏာကျမ်း, ကြွက်ကိုက်ဟောကျမ်း, မီးပူဇော်ခြင်း, ယောက်မဖြင့်ပူဇော်ခြင်း, ဖွဲဖြင့်ပူဇော်ခြင်း, ဆန်ကွဲဖြင့်ပူဇော်ခြင်း, ဆန်ဖြင့်ပူဇော်ခြင်း, ထောပတ်ဖြင့် ပူဇော်ခြင်း, ဆီဖြင့်ပူဇော်ခြင်း, ခံတွင်းဖြင့် ပူဇော်ခြင်း, သွေးဖြင့် ပူဇော်ခြင်း၊ အင်္ဂဝိဇ္ဇာအတတ်, မြေကြန်အတတ်, မင်းမှုရေးရာအတတ်, ဘေးငြိမ်းခြင်းကို ပြုသောအတတ်, ဘုတ်တစ္ဆေအတတ်, မြေအိမ်၌ သင်ယူရသောအတတ်, မြွေအတတ်, အဆိပ်အတတ်, ကင်းမြီးကောက်အတတ်, ကြွက်ခဲနာကုအတတ်, ငှက်သံအတတ်, ကျီးသံအတတ်, အသက်ဟောအတတ်, မြှားလွှဲအတတ်, သားမြည်သံအတတ်, ရဟန်း

သည် မှားသော အသက်မွေးမှုဖြစ်သည့် ဤသို့သော အတတ်များဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှုဖြစ်သော ဤသို့သောအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား ကျောက်မျက်လက္ခဏာ, အဝတ်အထည်လက္ခဏာ, တုတ်တောင်ဝှေး လက္ခဏာ, ဓားလက္ခဏာ, သန်လျက် လက္ခဏာ, မြှားလက္ခဏာ, လေးလက္ခဏာ, အခြား လက်နက်လက္ခဏာ, မိန်းမလက္ခဏာ, ယောကျ်ား လက္ခဏာ, သတို့သား လက္ခဏာ, သတို့သမီး လက္ခဏာ, ကျွန်ယောကျ်ား လက္ခဏာ, ကျွန်မိန်းမလက္ခဏာ, ဆင် လက္ခဏာ, မြင်းလက္ခဏာ, ကျွဲလက္ခဏာ, နွားလား လက္ခဏာ, နွားလက္ခဏာ, ဆိတ်လက္ခဏာ, သိုးလက္ခဏာ ကြက်လက္ခဏာ, ငုံးလက္ခဏာ, ဖွတ်လက္ခဏာ, သမင် ဒရယ် လက္ခဏာ, လိပ်လက္ခဏာ, သားကောင်လက္ခဏာ, ရဟန်းသည် မှားသောအသက်မွေးမှုဖြစ်သော ဤသို့ သော အတတ်များဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော

အတတ်များဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား မင်းတို့စစ်ထွက်လတ္တံ့၊ မင်းတို့ စစ်ပြန်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ်တက်လတ္တံ့၊ ပြည်ပမင်းတို့ စစ်ဆုတ်လတ္တံ့၊ ပြည်ပမင်းတို့ စစ်တက်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ်ဆုတ်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ်အောင်လတ္တံ့၊ ပြည်ပမင်းတို့ စစ်ရှုံးလတ္တံ့၊ ပြည်ပမင်းတို့ စစ်အောင်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ်ရှုံးလတ္တံ့၊ ဤမင်း စစ်ရှုံးလတ္တံ့၊ ဤမင်း စစ်နိုင်လတ္တံ့ ရဟန်းသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော အသက်မွေးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထို့ပြင် အချို့သော သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ပြီး ဤသို့မှားသော အသက်မွေးမှုဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား လကြတ်လတ္တံ့၊ နေကြတ်လတ္တံ့၊ နက္ခတ်ကြတ်လတ္တံ့၊ လနေတို့ လမ်းမှန်သွားလတ္တံ့၊ လနေတို့ လမ်းလွဲသွားလတ္တံ့၊ နက္ခတ်တို့ လမ်းမှန်သွားလတ္တံ့၊ နက္ခတ်တို့ လမ်းလွဲသွားလတ္တံ့၊ ဥက္ကာကျလတ္တံ့၊ ကျိတ်ထွက်လတ္တံ့၊ လျှင်လျှပ်လတ္တံ့၊ မိုးကြိုးထင်လတ္တံ့၊ လ-နေနက္ခတ်တို့သက်ခြင်း တက်ခြင်း သက်ခြင်း မှေးမှိန်ခြင်း တောက်ပခြင်း ဖြစ်လတ္တံ့၊ လကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နေကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်ကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လ-နေတို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊

လ-နေတို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့, နက္ခတ်တို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့, ဥက္ကာကျခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့, ကျိတ်ထွက်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့, လျှင်လျှပ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့, မိုးကြိုးထစ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့,လ-နေနက္ခတ်တို့ တက်ခြင်း သက်ခြင်း မှေးမှိန်ခြင်း တောက်ပခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ ရဟန်းသည် ဤသို့မှားယွင်းသော အသက်မွေးမှုဖြစ်သော အတတ်များဖြင့် အသက်မွေးခြင်းမှလည်း ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထို့ပြင် အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့မှားသော အသက်မွေးမှုဖြစ်သော အတတ်များဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား– မိုးကောင်းလတ္တံ့, မိုးခေါင်လတ္တံ့, ဝပြောလတ္တံ့, ခေါင်းပါးလတ္တံ့, ငြိမ်းချမ်းလတ္တံ့, ဘေးများလတ္တံ့, ရောဂါများလတ္တံ့, ရောဂါကင်းလတ္တံ့, လက်ချိုးရေခြင်းအတတ်, ဂဏန်းအတတ်, သင်္ချာအတတ်, ကဗျာအတတ်, လောကာယတကျမ်းအတတ်, ရဟန်းသည် ဤသို့မှားသော အသက်မွေးမှုဖြစ်သော အတတ်များဖြင့် အသက်မွေးခြင်းမှလည်း ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထိုပြင် အချို့သော အသျှင်သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့မှားသော အသက်မွေးမှု ဖြစ်သော အတတ်များဖြင့် အသက်မွေးကြ၏၊ ဤသည် တို့ကား သတို့သမီးဆောင်ယူ၍ ထိမ်းမြားပေးခြင်း၊ သတို့သမီးပေး၍ ထိမ်းမြားခြင်း၊ စေ့စပ်ပေးခြင်း၊ ကွာရှင်းပေးခြင်း၊ ဥစ္စာသိမ်းဆီးစေခြင်း၊ ဥစ္စာဖြန့်ဖြူး စေခြင်း၊ ကျက်သရေတိုးစေခြင်း၊ ကျက်သရေ ယုတ်စေ ခြင်း၊ ကိုယ်ဝန်မတည်မြဲသည်ကို တည်မြဲစေခြင်း၊ လျှာ ခိုင်စေခြင်း၊ မေးခိုင်စေခြင်း၊ လက်ဟန့်မန္တာန်စုတ်ခြင်း၊ နားပင်းမန္တာန်စုတ်ခြင်း၊ မှန်၌ နတ်သွင်း၍မေးခြင်း၊ သတို့သမီး၌ နတ်သွင်း၍မေးခြင်း၊ နတ်မေးခြင်း၊ နေကို လုပ်ကျွေးခြင်း၊ ဗြဟ္မာကို လုပ်ကျွေးခြင်း၊ ခံတွင်းမှ မီးတောက်စေခြင်း၊ သီရိနတ်သမီးကို ပင့်ခေါ်စေခြင်း ရဟန်းသည် ဤသို့မှားသော အသက်မွေးမှုဖြစ်သော အတတ်များဖြင့် အသက်မွေးခြင်းမှလည်း ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မင်းကြီး ထိုပြင် အချို့သော အသျှင်သမဏ ဗြာဟ္မဏ တို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့ မှားသော အသက်မွေးမှု ဖြစ်သော အတတ်များဖြင့် အသက်မွေးကြ၏၊ ဤသည် တို့ကား နတ်ကိုးခြင်း၊ တောင်းဆုပြည့်၍ နတ်ပူဇော် ခြင်း၊ ဘုတ်တစ္ဆေအတတ်ကို လေ့ကျင့်ခြင်း၊ မြေအိမ်၌ နေ၍ သင်အပ်သောအတတ်ကို လေ့ကျင့်ခြင်း၊ ပဏ္ဍုက်

ကို ယောကျ်ားဖြစ်စေခြင်း, ယောကျ်ားကို ပဏ္ဍုက် ဖြစ်စေခြင်း, မြေကြွန်အတတ်ကို လေ့ကျင့်ခြင်း, ဆောက်လုပ်မည့်မြေရာ၌ အစီအရင်ပြုခြင်း, ခံတွင်း ဆေးခြင်း, ရေချိုးစေခြင်း, မီးပူဇော်ခြင်း, ပျို့အံ စေခြင်း, ဝမ်းသက်စေခြင်း, သလိပ်သည်းခြေ စသည့် ဒေါသတို့ကို အထက်သို့ လှန်စေခြင်း, အောက်သို့ လျှောစေခြင်း, ဦးခေါင်းမှထွက်စေခြင်း, နားဆီချက် ခြင်း, မျက်စဉ်းဆီချက်ခြင်း, နှာနှတ်ခြင်း, ထက်သော မျက်စဉ်းဆေးဖော်ခြင်း, အေးသော မျက်စဉ်းဆေး ဖော်ခြင်း, တိမ်သလာကို ဆေးကုခြင်း, ခွဲစိတ်ကုသခြင်း, သူငယ်နာ ဆေးကုခြင်း, မူလဆေးတို့ကို ပေးခြင်း, အနာ ဆေးတို့ကို ကပ်ခြင်း, ခွာခြင်း ရဟန်းသည် ဤသို့ မှားသော အတတ်ဖြင့် အသက်မွေးခြင်းတို့မှလည်း ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလ ပေတည်း။

မင်းကြီး စင်စစ်မုကား ဤသို့ သီလနှင့်ပြည့်စုံသော ထိုရဟန်းသည် ယင်းသို့ သီလစောင့်ထိမ်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးတို့ကို မတွေ့မြင်ရ၊ မင်းကြီး အဘိသိက်သွန်းပြီးသော ရန်သူကိုပယ်ပြီး သောမင်းသည် ရန်သူနှင့်စပ်၍ မည်သည့် အကြောင်း ကြောင့်မျှ ဘေးကို မတွေ့မြင်ရသကဲ့သို့ ဤအတူ ဤသို့ သီလနှင့်ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိမ်းခြင်း နှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကိုမတွေ့ မြင်ရ၊ ထိုရဟန်းသည် ဤသီလအစုနှင့် ပြည့်စုံပြီး

> မြတ်သောသူ ဖြစ်၍၊ မိမိသန္တာန်၌ အပြစ်ကင်းစင်ခြင်း ဟူသော ချမ်းသာကို ခံစား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် သီလနှင့်ပြည့်စုံသူ ဖြစ်၏”။

ပြဆိုရေးသားခဲ့သည်တို့ကား ဗုဒ္ဓခေတ် ဘိက္ခုရဟန်းများ ရှောင်ကြဉ်စောင့်ထိန်းခဲ့သော သီလတရားများပင် ဖြစ်လေသည်၊ ဤသို့ ရှည်လျားများပြားစွာသော သီလတရားများကို ဖတ်ရသည်မှာ စိတ်မောစရာ ဖြစ်ကောင်း ဖြစ်ပေမည်၊ ဤအကြောင်းကို တွေးမိသဖြင့် အကျဉ်းရုံးပြီး ရေးသားပြဆိုမည်ဟု ကျွန်ုပ် တွေးမိပါသေး၏၊ သို့သော် ပြည့်စုံတိကျစွာ ရေးသားပြဆိုသင့်သည်ဟု ကျွန်ုပ် နားလည်မိပေသည်။

အဘယ့်ကြောင့်ဆိုသော် ဤသို့ ပြည့်စုံစွာ ပြဆိုမှသာလျှင် ဖတ်ရှုလေ့လာသူတို့သည် ဘီ-စီ-၆-ရာစု ဗုဒ္ဓနှင့်ခေတ်ပြိုင် ဘာသာရေးလောက၏ အခြေအနေကို အများဆုံးမှန်ကန်စွာ သိမြင်တွေးယူနိုင်မည် ဖြစ်ပေသည်၊ သို့မှသာ ထိုစဉ်က အိန္ဒိယ၏ ဘာသာရေးပုဂ္ဂိုလ်ဂိုဏ်းတို့၏ သဘာဝ အမှန်ကို နားလည်မည် ဖြစ်သည်၊ ထို့ကြောင့်ပင် ပြည့်စုံစွာ ရေးသားပြဆိုလိုက်ခြင်း ဖြစ်ပေသည်။

စူဠသီလ၌ ရဟန်းများရှောင်ကြဉ်အပ်သော အသေးအမွှား ကဏ္ဍလေးများကို ပြဆိုထားလေသည်၊ အထူးအားဖြင့် စိတ်ဝင်စားဘွယ်ရာ ကောင်းသည်တို့မှာ အသားစိမ်း, ကောက်စိမ်း စသည်များကို ခံယူခြင်း စသော အကြောင်းရပ်တို့ ဖြစ်လေသည်၊ ထိုစဉ်က အိန္ဒိယ၏ ဘာသာရေးလောကမှ အချို့သော သမဏ ဗြာဟ္မဏတို့သည် ကောက်စပါးများ အသားစိမ်းများ

ကိုပါ တောင်းခံစားသောက်ကြောင်း သိနိုင်လေသည်၊ ကျွန်အဖြစ် မိန်းမ-ယောကျ်ား, မိန်းမပျို, မိန်းမအိုတို့မှစပြီး ကြက်, ဝက်, နွား, မြင်း, ဆိတ်, သိုး, ဆင် စသည်တို့ကိုပါ ပေးလှူပါက ခံယူသောသူများရှိကြောင်း သိနိုင်လေသည်၊ ဤအကြောင်းတို့သည် ထိုစဉ်က ဘာသာရေးနယ်မှ ဗြာဟ္မဏဆရာကြီးများ၏ အပြုအမူတို့ ဖြစ်ပေမည်၊ ဤအကြောင်းရပ်တို့ကို ယနေ့အမြင်ဖြင့်ကြည့်ပါက ဖြစ်နိုင်ကောင်းသည်ဟု ထင်ကောင်းမှ ထင်ပေလိမ့်မည်၊ သို့သော် စူဠသီလပါ အကြောင်းရပ်တို့သည် ထိုစဉ်က သမဏ ဗြာဟ္မဏ အချို့တို့ ကျင့်သုံးပြုမူလျက် ရှိသောကြောင့်သာ ဗုဒ္ဓသည် မိမိ၏တပည့် သာဝကဘိက္ခုရဟန်းတို့ကို ရှောင်ကြဉ်စေရန် ဟောကြားခဲ့ခြင်း ဖြစ်လေသည်။

မဇ္ဈိမသီလတွင် ပါသောအကြောင်းရပ်တို့၌ ဘိက္ခုရဟန်းတို့သည် အပင်များ, မျိုးစေ့များကို မဖျက်ဆီးရချေ၊ အိန္ဒိယ၌ ထိုစဉ်က လူအများသည် သစ်ပင် ပန်းမာလ် စသည်တို့၌ အသက်ဇီဝ ရှိသည်ဟု ယုံကြည်ကြလေသည်၊ ထိုယုံကြည်မှု သဘာဝ ကျနသည်-မကျသည် ဟူခြင်းကား ဤနေရာ၌ အရေးမပါ၊ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓသည် လူတို့၏ ယုံကြည်ယူဆမှုကို မဆန့်ကျင်စေပဲ ရဟန်းတို့အား လိုက်နာ ရှောင်ကြဉ်ခဲ့လေသည်၊ နိဂဏ္ဌနာဋပုတ္တ (မဟာဝီရ)နှင့် ၎င်း၏ဂိုဏ်းသားတို့သည် သစ်ပင် ပန်းမာလ်စသည်တို့၌ ဇီဝ, အတ္တ ရှိသည်ဟု အယူသည်းကြသူများ ဖြစ်ကြလေသည်၊ ဥပမာ (ဝသူပနာယိကက္ခန္ဓက-မဟာဝါ ပါဠိတော်၌) ရာဇဂြိုဟ် ပြည်သူပြည်သား အများတို့သည် မိုးရာသီတွင် စိမ်းစိမ်းစိုသော မြက်သစ်ပင်တို့ကိုနင်း၍ ခရီးလှည့်လည်သော ရဟန်းတို့အား ကဲ့ရဲ့ရှုတ်ချ ကြလေသည်၊

ထိုသူတို့သည် မျက်သစ်ပင်တို့၌ ဇီဝိတိန္ဒြေရှိသည်ဟု ယုံကြည်သူတို့ ဖြစ်လေသည်၊ ဤမဇ္ဈိမသီလ၌ ပြဆိုထားသည်များကို လေ့လာခြင်းဖြင့် ယနေ့ခေတ်၌ ယဉ်ကျေးမှု အထောက်အထား အစအနမျှ မရသေးသော ဘီ-စီ-၆-ရာစု အိန္ဒိယ၏ ယဉ်ကျေးမှုတို့ကို လေ့လာနိုင်လေသည်၊ ထို့ပြင် ထိုခေတ်ဘာသာရေးနယ်မှ ပုဂ္ဂိုလ်တို့၏ အယူအဆရေးရာ၌ စကားအဆိုအခြေများ ပြောဟန်, ဆိုဟန်များကိုလည်း သိနားလည် နိုင်လေသည်။

မဟာသီလ၌ ပြဆိုထားသော အတတ်တို့ကား စိတ်ဝင်စားဖွယ်ရာ ကောင်းလေသည်၊ မြန်မာနိုင်ငံ၏ လောကီအတတ်ပညာများ၏ မူလပင်မ အဓိကတို့ပင် ဖြစ်သော လောကီအတတ်တို့ ဖြစ်ကြသည်၊ ဤလောကီအတတ်ပညာများမှပင် မြန်မာနိုင်ငံ၏ လောကီပညာရပ်များ ဖွားသစ်ခဲ့ရခြင်း ဖြစ်ပေသည်၊ ဤ၌ နိုင်ငံတော်ရေးရာဖြစ်သော ပြည်ပိုင်မင်းတို့၏ စစ်ရေးအခြေအနေများကိုပါ အတတ်ဟောသော အသိဉာဏ်များရှိသည်မှာ ကျွန်ုပ်တို့ စိတ်ဝင်စားမိပေသည်၊ ထိုစဉ်က မင်းသားများ ပြည်ပိုင်မင်းများသည် ဤသို့ အတတ်ဟောနိုင်သော သမဏ ဗြာဟ္မဏများဖြင့် ကင်းကွာနိုင်သူတို့ မဟုတ်ချေ၊ ထိုစဉ်က အိန္ဒိယမှ 'နက္ခတ်ဗေဒ- Astronomy အမြင်များတွင်လည်း သမဏ ဗြာဟ္မဏတို့သည် ခေတ်ပြိုင် အခြားလူမျိုးစုကဲ့သို့ပင် လောကဓာတ်ဟန်မဆန် သိပ္ပံနည်းမကျခြင်းပင် ဖြစ်သည်၊ လ-နေနက္ခတ်တို့ အသွား, အလာ, အတက်, အကျ, အမှေး, အမှိန် စသော အကြောင်းခြင်းရာတို့ကို ကြည့်ရှုပြီး အုပ်ချုပ်ရေးများ လူမှုရေးများ, ရာသီဥတု သဘာဝများအတွက် ရှေ့တွင်

ဖြစ်လတ္တံ့သော အကြောင်းရပ်တို့ကို ပြသနေသည်ဟု ယုံကြည်ယူဆခဲ့ကြသည်၊ ထို့ကြောင့် သမဏ ဗြာဟ္မဏတို့သည် အာကာသနှင့်ဂြိုဟ်တာရာ နက္ခတ်တို့ကိုကြည့်ပြီး ကမ္ဘာလောကကြီးနှင့် လူသားတို့၏ ရှေ့အနာဂါတ်ကို ဟောပြောခဲ့ကြလေသည်၊ ထိုစဉ်အခါက ၎င်းတို့သည်ပင် နက္ခတ်ပညာရှင်- Astronomer များ ဖြစ်ခဲ့ကြလေသည်။

# ရဟန်း၏ စောင့်စည်းခြင်း, ဆင်ခြင်ခြင်းနှင့် ပယ်ခွာခြင်းများ

ဗုဒ္ဓဝါဒအယူအဆအရ ပုဂ္ဂိုလ် တဦး တယောက်ဟူသည် ငါးပါးသော ခန္ဓာတို့၏ အပေါင်းအစုပင် ဖြစ်လေသည်၊ ထို ခန္ဓာငါးပါးတို့တွင် ခန္ဓာလေးပါးသည် နာမ်ခန္ဓာများဖြစ်၏၊ ထိုနာမ်ခန္ဓာ လေးပါးတို့၏ အဓိကအကြီးအမှူးသည် 'စိတ်'ပင် ဖြစ်လေသည်၊ စိတ်သည် အလွန်ဆန်းကျယ်သော အရာတခု ဖြစ်လေသည်၊ 'စိတ်'သည် ပြောမကုန် ဆိုမကုန်အောင်ပင် ဆန်းကျယ်လှလေသည်၊ အလွန်လျှင်မြန်သော သဘောရှိသော, အလွန်လျှင်ဆန်းကျယ်သော, အလွန်လျှင်ကျရာ အာရုံ၌ ကျက်စားလေ့ရှိသော, ဟိုဟို ဒီဒီ ပျံ့လွင့်လေ့ရှိသော 'စိတ်'ကို ဗုဒ္ဓဝါဒအရ ကောင်းမွန် စင်ကြယ်တည်ငြိမ်အောင် ထိန်းသိမ်း ပြုပြင်ရမည် ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓဝါဒ ယဉ်ကျေးမှုဖြစ်သော ဓမ္မပဒ၌ စိတ်နှင့် ပတ်သက် စပ်လျှဉ်းပြီး ဤသို့ မိန့်ဆိုထားခြင်း ဖြစ်လေသည်။ 'လေးသမားသည် မြှားကို ဖြောင့်အောင် ပြုသကဲ့သို့ ပညာရှိသည် တုံလှုပ်၍ လျှပ်ပေါ် လော်လည်ခြင်း သဘောရှိသော စောင့်ထိန်းရန် တားမြစ်ရန် ခက်ခဲသောစိတ်ကို ဖြောင့်အောင် ပြုရာ၏၊(၃၃)။ နှိမ်နင်းရန်ခဲယဉ်း၍ လျှင်မြန်သော သဘော ရှိသော အလိုရှိရာ အာရုံ၌ကျလေ့ရှိသောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်

တတ်၏(၃၅)။ အလွန်နုအလွန် မြင်နိုင်ခဲသော, အလွန်နုအလွန် သိမ်မွေ့သော, အလိုရှိရာ အာရုံ၌ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက် ထားအပ်သော စိတ်သည် ချမ်းသာကို ရှက်ဆောင်တတ်၏(၃၆)။ (ဓမ္မပဒ-စိတ္တဝဂ်)။

ဤသို့ စိတ်နှင့်စပ်လျဉ်းပြီး ဗုဒ္ဓဝါဒ၌ ယူဆထားလေသည်၊ စိတ်ကို စောင့်စည်းခြင်းသည် လူတို့အားမည်သို့ လက်ငင်း လက်တွေ့အကျိုးပေးသနည်းဟူသော အကြောင်းကို အထူးပြဆို နေဖွယ်မလိုချေ၊ မိမိကိုယ်တိုင် စောင့်စည်းကြည့်ပါက မိမိကိုယ်တွေ့မျက်တွေ့ အကျိုးကို သိနားလည်မည် ဖြစ်လေသည်၊ ဗုဒ္ဓသည် ရဟန်းတို့အား စိတ်ကို စောင့်စည်းရန် အထူး ပြဆို ဟောကြားခဲ့လေသည်၊ အဇာတသတ်မင်း၏ အမေးကို ဖြေဆို မိန့်ကြားရာ၌လည်း ရဟန်းတို့၏ စောင့်စည်းခြင်း,ပွားများခြင်း, ဆင်ခြင်ခြင်းစသည်တို့ကို အဓိကထားပြီး ဟောကြားခဲ့လေသည်၊ မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဗုဒ္ဓဟောကြားသော ဤဓမ္မသဘာဝ အယူအဆတို့ကို ကောင်းစွာ နားလည်လျှင် စစ်မှန်သော ဗုဒ္ဓ၏အယူဝါဒများ လွတ်မြောက်မှုဒေသနာများကို ကောင်းစွာ သိမြင်နိုင်လေသည်၊ ဤ၌ အဇာတသတ်အား ဗုဒ္ဓမိန့်ကြားသည်တို့မှာ ယနေ့သင်တို့ ကျွန်ုပ်တို့ ကြားသိနားလည်ထားသော ကျင့်စဉ်များ လုပ်နည်း လုပ်ဟန်များနှင့် ကွဲလွဲကောင်း ကွဲလွဲပေမည်၊ ဤသည်၌ ကျွန်ုပ်တို့၏ အသိဉာဏ်အရည်အသွေးနှင့် အဆင်ခြင်တရားများပေါ်တွင် ကောင်းစွာ မူတည်နေသည်ကို ကျွန်ုပ်တို့သိထားရပေမည်။

## ဣန္ဒြေကို စောင့်စည်းခြင်း

"မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း၊ အဘယ်သို့လျှင် ဣန္ဒြေတို့ကို စောင့်စည်းသနည်း၊ မင်းကြီး ဤလောက၌ ရဟန်းသည် မျက်စိဖြင့်အဆင်း'ရူပါရုံ'ကိုမြင်သော်ငြား။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်ငြား၊ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်ငြား၊ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်ငြား၊ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိတွေ့သော်ငြား၊ စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော်ငြား မိန်းမယောကျ်ား စသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေ စသော အင်္ဂါ ပြုံးဟန်ရယ်ဟန် စသော အမူအရာကို အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ မင်းကြီး ရဟန်းသည် အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်းအကြောင်းကြောင့် 'မက်မောခြင်း 'အဘိဇ္ဈာ' နှလုံး မသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ မင်းကြီး ထို့ကြောင့် ရဟန်းသည် ဣန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်၏၊ ဣန္ဒြေကို စောင့်စည်း၏၊ ဣန္ဒြေတို့၌ စောင့်စည်းခြင်းသို့ ရောက်၏"။

ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိ၏ သန္တာန်၌ ကိလေသာနှင့် မရောယှက်သော ချမ်းသာကိုခံစား၏၊မင်းကြီး

ရဟန်းသည် ဤသို့လျှင် ဂူမြွေတို့၌ ပိတ်ထားသော တံခါးရှိပေ၏၊ ဂူမြွေတို့ကို စောင့်စည်းပေ၏"။

## အောက်မေ့ခြင်းနှင့် ဆင်ခြင်ခြင်း

"မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် အောက်မေ့ခြင်း'သတိ' ဆင်ခြင်ခြင်း'သမ္ပဇာဉ်'နှင့် ပြည့်စုံသနည်း၊ မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ ဒုကုဋ်သပိတ်သင်္ကန်းကိုဆောင်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာတို့၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ, ရပ်ရာ, ထိုင်ရာ, အိပ်ရာ, နိုးရာ, စကားပြောရာ, ဆိတ်ဆိတ်နေရာတို့၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ မင်းကြီး ဤသို့လျှင် ရဟန်းသည် အောက်မေ့ခြင်း'သတိ'ဆင်ခြင်ခြင်း'သမ္ပဇာဉ်'နှင့် ပြည့်စုံပေ၏"။

ဗုဒ္ဓဝါဒ၌ သတိအဆင်ခြင်နှင့် ပြည့်စုံမှုကို အထူးလိုအပ်လေသည်၊ မမေ့မလျော့နေသူတို့သည် သက်ဝင် လှုပ်ရှားခြင်းရှိပြီး၊ မေ့လျော့သူတို့ကား သေသူတို့ကဲ့သို့ပင် ဖြစ်လေသည်၊ သတိရှိခြင်းသည် နိဗ္ဗာန်၏အကြောင်းဖြစ်၏၊ အသိပညာနှင့် ပြည့်စုံသူတို့သည် သတိတရား မြဲစွာရှိခြင်း၏ အကျိုးတရားကို သိပြီး

သတိတရားရှိစေရန် အမြဲကျိုးစား အားထုတ် ကျင့်သုံးကြလေသည်၊ အသိအဆင်ခြင်မရှိသူတို့သည် ဗုဒ္ဓဝါဒီများပင်ဖြစ်သော်လည်း သတိတရားကို ဂရုမထားပဲ ပေါ့ပေါ့နေသူတို့ များလေသည်၊ ဤသို့ လူ့ဘဝ လူ့လောကတွင် အလိုက်သင့် ရေစုန်မျောနေသူတို့ကို ကာမတဏှာတို့သည် အထပ်ထပ် ရစ်ပတ်ထွေးယှက်လေသည်၊ ဤသည်ပင် ထိုသူတို့အဖို့ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့မှ မလွတ်မြောက်နိုင်ခြင်းပင် ဖြစ်လေသည်။

## ရောင့်ရဲလွယ်ခြင်း။

"မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ရောင့်ရဲလွယ်သနည်း၊ မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ယုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့် တပါးတည်းယူပြီးဖြစ်၍သာလျှင် သွား၏"

"မင်းကြီး အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာလျှင် ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ မင်းကြီး ဤအတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ယုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ယုံသော ဘွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့် တပါးတည်းယူပြီးဖြစ်၍သာလျှင် သွား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် ရောင့်ရဲ လွယ်ပေ၏"။

ရဟန်းသည် အဘယ်ကို ဝတ်ရုံရအံ့နည်း၊ အဘယ်ကို စားရအံ့နည်း၊ စသည့် စိတ်အကြံအစည်မျိုး မရှိရချေ၊ လျှောက်ပတ်သင့်လျော်သော ကာလ၌ ဆွမ်းကိုရင်း, သင်္ကန်းကိုရင်း ရခဲ့သော် ရောင့်ရဲလွယ်ခြင်း အကျိုးငှာ အတိုင်းအရှည်ကို သိရမည်ဖြစ်သည်၊ ဆွမ်းသင်္ကန်းတို့ကို မရပဲရှိပါက အကယ်၍ ဆာလောင်မွတ်သိပ်မှု ချမ်းအေးမှုတို့ တွေ့ထိနိုင်စက်သော် ကောင်းစွာ သည်းခံရလေသည်၊ ဤသို့ဖြစ်ခြင်း၌ ရဟန်းသည် တောင်းတမှု, တပ်မက်မှု, တမ်းတမှု စသည်တို့ မဖြစ်ရချေ၊ အမှန်စင်စစ် ရဟန်းသည် ပစ္စည်းလေးပါးတို့၌ စောင့်စည်းလျက် ကောင်းစွာ ရောင့်ရဲနိုင်သူ ဖြစ်ရလေသည်။

## နီဝရဏတရားငါးပါးကိုပယ်ခြင်း

"မင်းကြီး—ရဟန်းသည် ဤသို့မြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤသို့ မြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤသို့ မြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇာဉ်' နှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤသို့ မြက်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်း, အိပ်ရာ, နေရာကို မှီဝဲ၏၊ တောကို, သစ်ပင်ရင်းကို, တောင်ကို, တောင်ခေါင်းကို, ချောက်ကို, သင်းချိုင်းကို, တောအုပ်ကို, လွင်ပြင်ကို, ကောက်ရိုးပုံကို မှီဝဲ၏။

"မင်းကြီး- ရဟန်းသည် ဆွမ်းခံလှည့်လည်ရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းကိုရှေးရှု သတိကိုဖြစ်စေလျက်ထိုင်၏။

"မင်းကြီး- ရဟန်းသည်လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'ကင်းသော စိတ်ဖြင့်နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုသော 'ဒေါသ'ကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကိုပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'နောင်တတဖန် ပူပန်ခြင်း'ကုက္ကုစ္စ'ကိုပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည် ဖြစ်၍နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'နောင်တတဖန်ပူပန်ခြင်း'ကုက္ကုစ္စ'မှစိတ်ကို စင်ကြယ်စေ၏၊ ယုံမှားခြင်း'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော-သို့လော မရှိသည်ဖြစ်၍နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

"မင်းကြီး— ဥပမာသော်ကား ယောကျ်ားသည် ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ရာ၏၊ ထိုသူ၏ ထိုအလုပ်သည် ဖွံ့ဖြိုးကုန်ရာ၏၊ ထိုသူသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ရာ၏၊ ထိုသူအား သားမယားကြွေးမွေးရန် အလို့ငှာ အပြတ်လည်းကျန်ရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

"ငါသည် ရှေးက ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ခဲ့၏၊ ထိုငါ၏ အလုပ်တို့သည် ဖွံ့ဖြိုးကုန်ရာ၏၊ ငါသည်

အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ခဲ့ရ၏၊ ငါ့အား သားမယား ကြွေးရန်အလို့ငှာ အမြတ်လည်း ကျန်သေး၏”။

ထိုသူသည် ထိုသို့သော အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ‘ရောက်ရာ၏။

“မင်းကြီး– ဥပမာ တမျိုးသော်ကား အနာရောဂါရှိသော, ဆင်းရဲခြင်းဝေဒနာ ပြင်းစွာနှိပ်စက်ခြင်းခံနေရသော, ပြင်းစွာ မကျန်းမာသော ယောကျ်ားသည် ရှိရာ၏၊ ထိုသူ၌ ထမင်းကိုလည်း စားလိုစိတ် မရှိရာ၊ ထိုသူ၏ ကိုယ်၌အားလည်းမရှိရာ၊ ထိုသူသည် နောင်အခါ၌ ထိုအနာရောဂါမှ ကင်းလွတ်ရာ၏၊ ထိုသူသည် ထမင်းကိုလည်း စားလိုစိတ်ရှိရာ၏၊ ထိုသူ၏ ကိုယ်၌ အားလည်း ရှိရာ၏၊ ထိုသူ့အား ဤသို့အကြံဖြစ်ရာ၏။

“ငါသည် ရှေး၌ အနာရောဂါရှိသော, ဆင်းရဲ နှိပ်စက်ခံရသော, ပြင်းစွာမကျန်းမာသောသူ ဖြစ်ခဲ့၏၊ ငါသည် ထမင်းကိုလည်း စားလိုစိတ်မရှိခဲ့၊ ငါ၏ကိုယ်၌ အားလည်း မရှိခဲ့၊ ထိုငါသည် ယခုအခါ၌ ထိုအနာ ရောဂါမှ လွတ်ခဲ့၏၊ ငါသည် ထမင်းကိုလည်း စား လိုစိတ်ရှိခဲ့၏၊ ငါ၏ကိုယ်၌ အားလည်းရှိ၏။”

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏၊

"မင်းကြီး— ဥပမာတမျိုးသော်ကား နှောင်အိမ်၌ နှောင်ဖွဲ့ခြင်း ခံရသော ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နှောင်အခါ၌ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာလွတ်မြောက်ရာ၏၊ ထိုသူအား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းမရှိရာ၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

"ငါသည် ရှေးက နှောင်အိမ်၌ နှောင်ဖွဲ့ခြင်းခံရ၏၊ ထိုငါသည် ယခုအခါ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ခဲ့၏၊ ငါ့အား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းမရှိ"။

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကိုရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

"မင်းကြီး- ဥပမာတမျိုးသော်ကား မိမိကိုယ်ကို မိမိ မစိုးပိုင်သော, သူတပါးတို့က စိုးပိုင်သော, အလိုရှိရာသို့မသွားနိုင်သော ကျွန်ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နှောင်အခါ၌ ထိုကျွန်အဖြစ်မှ လွတ်မြောက်ရာ၏၊ မိမိကိုယ်ကို မိမိစိုးပိုင်သော, သူတပါးတို့ မစိုးပိုင်သော, အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူ ဖြစ်ရာ၏၊ ထိုသူအား ဤသို့အကြံ ဖြစ်ရာ၏။

"ငါသည် ရှေးက မိမိကိုယ်ကို မိမိမစိုးပိုင်သော, သူတပါးတို့က စိုးပိုင်သော, အလိုရှိရာသို့ မသွားနိုင်သော ကျွန်ဖြစ်ခဲ့၏၊ ထိုငါသည် ယခု ထိုကျွန်အဖြစ်မှလွတ်ခဲ့၏၊ မိမိကိုယ်ကို မိမိစိုးပိုင်သော, သူတပါးတို့မစိုးပိုင်သော, အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူဖြစ်၏"။

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကိုရရာ၏၊ ဝမ်းသာခြင်းသို့ရောက်ရာ၏”။

“မင်းကြီး— ဥပမာ တမျိုးသော်ကား ယောကျ်ားသည် အစာခေါင်းပါးသော ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော, ဘေးမရှိသောရွာသို့ ရောက်ရာ၏၊ ထိုသူအား ဤသို့အကြံ ဖြစ်ရာ၏။

“ငါသည် ရှေးက အစာခေါင်းပါး၍ ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားခဲ့၏၊ ငါသည် ယခုအခါ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသော ရွာသို့ ရောက်၏။”

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

“မင်းကြီး— ဤအတူပင် ရဟန်းသည် ကြွေးကဲ့သို့ရင်း, အနာရောဂါကဲ့သို့ရင်း, နှောင်အိမ်ကဲ့သို့ရင်း, ကျွန်အဖြစ်ကဲ့သို့ရင်း, ရှည်ဝေးသော ခရီးကဲ့သို့ရင်း, မိမိ၌ မပယ်ရသေးကုန်သော ဤအပိတ်အပင် ‘နီဝရဏ’တရား ငါးပါးတို့ကို ကောင်းစွာ မြင်၏။

“မင်းကြီး ကြွေးကင်းခြင်းကဲ့သို့ရင်း, အနာရောဂါကင်းစင်ခြင်းကဲ့သို့ရင်း, နှောင်အိမ် အချုပ်မှ လွတ်ခြင်းကဲ့သို့ရင်း, ကျွန်အဖြစ်မှ လွတ်လပ်သူဖြစ်ခြင်းကဲ့သို့ရင်း, ငြိမ်းချင်းရာအရပ်သို့ ရောက်ခြင်းကဲ့တို့ရင်း, မင်းကြီး

ဤအတူပင် ရဟန်းသည် မိမိ၌ အပိတ်အပင် 'နိဝရဏ' တရားငါးပါးကို ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ သိမြင်၏"။

"မင်းကြီး မိမိ၌ အပိတ်အပင် 'နိဝရဏ' တရား ငါးပါးပယ်ပြီး ဖြစ်သည်ကို ကောင်းစွာသိမြင်သော ရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်သောရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသည့် ရဟန်း၏ကိုယ်သည် ငြိမ်း၏၊ ငြိမ်းသောကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစား၏၊ ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် တည်ကြည်၏"။

ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓဟောကြားတော်မူသည့် တရားတို့ကို စေ့စေ့နား ထောင်၏၊ နှလုံးသို့သက်ဝင်သည့်တိုင်လည်း အာရုံပြု၏၊ မိမိ၏ အသိဉာဏ် ပညာဖြင့်လည်း စဉ်းစားဝေဘန်၏၊ ဆင်ခြင်တွေး ဆ၏၊ သို့သော် ဤဓမ္မသဘာဝ အယူအဆတို့သည် သူ့အဖို့ နက်နဲသိမ်မွေ့လှ၏၊ သူနားလည်ထားသည့် 'လောကာယတ'- အယူအဆရှိသော ရုပ်ဝါဒီ ဗြဟ္မဏဆရာတို့၏ အဆိုအမိန့်များ နှင့်လည်း မတူချေ၊ မဟာဗြဟ္မာဝါဒ အယူအဆရှိသော ဗြဟ္မဏဆရာကြီးတို့၏ အယူဝါဒများနှင့်လည်း ခြားနားလေ သည်၊ သူ့အဖို့ နားလည်ရန်ကား ခက်ခဲနက်နဲလွန်းလှချေသည်၊ သူ့အဖို့ ဗုဒ္ဓဝါဒကား နက်ရှိုင်းလှချေသည် တကား။

*　　*　　*

# ‘ဈာန်’ သို့ သက်ရောက်နေသော ရဟန်းနှင့် စိတ်ပညာအယူအဆ

ဗုဒ္ဓက ရဟန်းဖြစ်ရခြင်း၏ အကျိုးကို ဤမျှဟောကြားကာမျှဖြင့် အဇာတသတ်မင်းသည် နှစ်သိမ့်ကျေနပ်မည် မဟုတ်ချေ၊ စင်စစ်အားဖြင့်လည်း ရဟန်းဖြစ်ရခြင်း၏ အကျိုးသည်လည်း ဤမျှနှင့် ပြီးပြည့်စုံသည် မဟုတ်ချေ၊ ကျွန်ုပ်တို့သည်လည်း ရဟန်းဖြစ်ရခြင်း၏ အကျိုးတရားကို မိမိ၏ အကြောင်းအကျိုး အကောင်းအဆိုး သိမြင်စွမ်းနိုင်သော လူပီသသည့် အသိဉာဏ်ဖြင့် သုံးသပ်သင့်လေသည်၊ သို့မှသာ ဗုဒ္ဓဝါဒ၏ အနှစ်အရသာကို ကောင်းစွာ သိနားလည်မည် ဖြစ်ပေသည်။

လူသည် မည်သို့သော သဘောသဘာဝရှိသည့် သတ္တဝါဖြစ်သနည်းဟု မေးခွန်းထုတ်သောအခါ လူ့ဟူသည် သတ္တဝါလောကတွင် မြင့်မားထက်မြက်သော အသိ အဆင်ခြင် ဉာဏ်ပညာနှင့် ပြည့်စုံသည့် သတ္တဝါဖြစ်ကြောင်း တွေ့သိရပေမည်၊ ယဉ်ကျေးသည့် သတ္တဝါဖြစ်သော လူသည် အခြားသောသတ္တဝါတို့ထက် ကောင်းမွန်မြင့်မားသော အသိဉာဏ်ရှိသဖြင့် အခြားသတ္တဝါတို့နှင့် လုံးဝခြားနားလေသည်၊ ဤသို့ဆိုသဖြင့် ကျွန်ုပ်တို့သည် ဘာမျှ မာနတက်ပြီး ဘဝင်မြင့်စရာမလိုချေ၊ ကျွန်ုပ်တို့၏ ဖြစ်ပေါ်ရာ နောက်ကြောင်းသမိုင်းကို ပြန်လည် လေ့လာပါက အခြားသက်ရှိ သတ္တဝါတို့နှင့် ကျွန်ုပ်တို့သည် ဘာမျှ မခြားနားခဲ့ချေ၊ စင်စစ်လူသည် နက်နဲ၍ သိလွယ်နိုင်ခဲသော

ရုပ်ခန္ဓာအဖွဲ့အစည်း စိတ်ခန္ဓာအဖွဲ့အစည်းတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားလေသည်၊ ရုပ်ခန္ဓာအဖွဲ့အစည်း၏ သဘာဝကိုပြဆိုသော 'ခန္ဓာကိစ္စဗေဒ- Physiology' ကို ဤစာတန်း၌ ပခာနကျစွာ မသက်ဆိုင်သဖြင့် ဘာမျှ မပြဆိုပါချေ၊ စိတ်ခန္ဓာအဖွဲ့အစည်း၏ သဘာဝနိယာမကို နားလည်ရန် လိုအပ်သဖြင့် လူတို့၏ 'စိတ်ပိုင်းဖြစ်စဉ်- Process of mind' များကို ကျွန်ုပ်တို့ လေ့လာရပေမည်။

ဦးစွာ ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒီရဟန်း၏ အဖြစ်နှင့်သဘာဝကို စင်၍လေ့လာရပေမည်၊ ဗုဒ္ဓသည် အဇာတသတ်မင်းအား ရှေးဦးစွာ မျက်မှောက်ဘဝ၌ ရအပ်သော ရဟန်းဖြစ်ကျိုးကို ပြဆိုထားသည်၌ ကျွန်အမှုလုပ်သူအဖြစ်မှ လွတ်လပ်ခြင်းနှင့် ရဟန်းအဖြစ်၏ လောကလူတို့မှ ခြားနားခြင်းကို ပြဆိုထားလေသည်၊ နှစ်ကြိမ်မြောက် ရဟန်းဖြစ်ရခြင်း၏ အကျိုးတရား၌သည်း ဤအတူ ပြဆိုထား၏၊ ဤသို့ ပြဆိုခြင်းသည် ဗုဒ္ဓဝါဒ အယူအဆများကို နက်နဲစွာ သိမြင်စေရန် ပြဆိုသည်မဟုတ်ပဲ ရဟန်းဘဝ၏ အပေါ်ယံအသွင်သဏ္ဍာန် အနေအထားကိုသာ ပြဆိုခြင်း ဖြစ်ပေမည်၊ စင်စစ်အားဖြင့်လည်း ဗုဒ္ဓဝါဒ၏ ရဟန်းဖြစ်ခြင်းအကျိုးကို ပြဆိုမည်ဆိုပါက ဤသို့သော အစဦးအလွှာမှ စပြီး ဟောကြားပြဆိုရပေမည်။

သာ၍မွန်မြတ်သော ရဟန်းဖြစ်ကျိုး၌ကား လူသား၏အသိဉာဏ်ပညာနှင့် ယှဉ်စပ်သော အတွေးအမြင် အယူတို့ ပခာနကျစွာ ပါဝင်လာပြီဖြစ်လေသည်၊ ထို့ကြောင့်ပင် လူပုဂ္ဂိုလ်၏ မှန်ကန်သော အသိအမြင်ကို အခြေခံထားခြင်း ဖြစ်လေသည်၊ ဤ၌ 'ယုံကြည်မှုသဒ္ဓါတရား' သည် အဓိကအကြောင်း ဖြစ်၏၊

လူပုဂ္ဂိုလ်သည် မိမိလှုပ်ရှား ရပ်တည်နေရသော လောကလူ့ဘဝကို ဆင်ခြင်သုံးသပ်ပြီး အစစ်အမှန်အဖြစ် ဓမ္မကို ကောင်းစွာ နားလည်၏၊ ထို့ပြင် ရဟန်းအဖြစ်နှင့် အဆုံးစွန်ပန်းတိုင်ဖြစ်သော ငြိမ်းအေးရာ နိဗ္ဗာန်ကို သိနားလည်၍ လိုလားသူလည်း ဖြစ်လေသည်၊ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၌ ယုံကြည်သက်ဝင်သော ဗုဒ္ဓဝါဒီ ဖြစ်သည်အားလျော်စွာ လောကနှင့်လူ့ဘဝကို ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့၏ အကြောင်းအကျိုး အစဉ်အဖြစ် ရှုမြင်သူလည်း ဖြစ်လေသည်၊ ရဟန်းအဖြစ်နှင့် မဂ္ဂသစ္စာအားလျော်စွာ ကျင့်သုံးပွားများသော် သံယောဇဉ် ကိလေသာတို့ ချုပ်ငြိမ်းကင်းပြတ်ရာ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သို့ ဧကန်ရောက်ရှိ မျက်မှောက် ပြုနိုင်မည်ဟုလည်း အကြွင်းမဲ့ ယုံကြည်သူ ဖြစ်လေသည်၊ ဤသို့ ယုံကြည်သည်အားလျော်စွာ အကျင့်မြတ်များကို ကောင်းမွန်ပြည့်စုံစွာ ကျင့်သုံးနိုင်ရန် ဆုံးဖြတ်ဆိတ် စသည်ကိုပယ်ပြီး ရဟန်းအဖြစ်သို့ ဝင်ရောက်လေသည်၊ ရဟန်းအဖြစ်၌ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် အကျင့်အာစာရ, ကျက်စားရာ ဂေါစရနှင့် ပြည့်စုံစေပြီး ကာသုံးပါးတို့ဖြင့် ရှောင်ကြဉ်စောင့်ထိန်း၍ ကောင်းမြတ်စင်ကြယ်သော အကျင့်မြတ်တို့ကိုသာ ပွားများနေလေသည်။

စူဠသီလနှင့် မဇ္ဈိမသီလ, မဟာသီလများ၌ ပြဆိုထားသော အကြောင်းခြင်းရာတို့သည် ဗုဒ္ဓဝါဒီရဟန်း၏ အကျင့်သီလတရားများ ဖြစ်လေသည်၊ အမှန်အားဖြင့် ဤအကြောင်းရပ်တို့သည် ရဟန်း၏ ကိုယ်ကျင့်တရားများ ဖြစ်လေသည်၊ လောကလူတို့၌ လူပုဂ္ဂိုလ်၏ ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို ပြဆိုသော လူ့ကျင့်ဝတ်ပညာ-'Etiology' များရှိ၏၊ ထိုအတူ ရဟန်းသည်

သည်း ရဟန်းအဖြစ် ရဟန်းဘဝ၏ ကျင့်သုံးရှောင်ကြဉ်ရသော ကိုယ်ကျင့်တရားများ ရှိလေသည်၊ ဆိုလိုသည်ကား ရဟန်းသည် မိမိ၏ 'ကိုယ်နှုတ်နှလုံး ကောင်းမွန်သေဝပ်မှု- Disciplined Use of Self-' အတွက် ကောင်းစွာကျင့်သုံး ဆောက်တည်ရသော ကိုယ်ကျင့်တရားပင်ဖြစ်၏၊ ဤသို့ ကျင့်သုံးနေထိုင်ရခြင်းသည် ဝိမုတ္တိဉာဏ်အမြင်ကို ရရှိမှုအတွက် အထောက်အကူ ပြုစွမ်းသောကြောင့် ဖြစ်လေသည်။

ပမာအားဖြင့်ကား လူပုဂ္ဂိုလ်သည် ရဟန်းဘောင်သို့ဝင်ပြီး ရဟန်းအဖြစ်နှင့် ရှာသူလုတို့ကဲ့သို့ နေမည်၊ ဆေးဝါးကုသမှု၊ ဗေဒင်ဟောပြောမှု၊ အင်း၊ အိုင်၊ ခါးလှဲ့၊ လက်ဖွဲ့၊ မန္တယားစသည် ပရောဂါအတတ် ကုသမှုမှုစပြီး အတိတ် နိမိတ်ဟောပြောခြင်း၊ လက္ခဏာ အင်္ဂါဖတ်ခြင်းတို့ကို ပြုကျင့်နေထိုင်ခြင်းသည် ဗုဒ္ဓဝါဒီရဟန်း၏ အပြုအမူတို့မဟုတ်ချေ၊ ဗုဒ္ဓဝါဒီရဟန်းသည် သီလသုံးပါး၌ ပြဆိုထားသော အကြောင်းအရာတို့ကို ရှောင်ကြဉ်နေထိုင်ရသူ ဖြစ်လေသည်၊ အမှန်အားဖြင့် ရဟန်းပြုခြင်းသည် သာသနာတော်၌ အကျင့်မြတ်များကို သုံး၍လ ဝီရိယရှိစွာနှင့် ကျင့်သုံးပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရန်သာ ဖြစ်လေသည်၊ ရဟန်းအဖြစ်နှင့် လောကီအတတ်ပညာများကို လိုက်စားလေ့လာပြီး များပြားသော လာဘ်သာဘနှင့် ဘုန်းတန်ခိုးကြီးမား ထွန်းတောက်ရန် မဟုတ်ချေ။

ရဟန်းသည် ဣန္ဒြေတို့ကို စောင့်စည်း၍နေခြင်းသည် အသိအဆင်ခြင်ဉာဏ်ဖြင့် ပြုမူနေထိုင်ခြင်း ဖြစ်၏၊ အကယ်၍ ရဟန်းသည် ဣန္ဒြေတို့၌ မစောင့်စည်းပါက မည်သို့ဖြစ်နိုင်သည်ကို စဉ်းစားရာသည်၊ ရဟန်းသည် ဣန္ဒြေတို့၌ မစောင့်စည်းသဖြင့်

စက္ခုပသာဒဖြင့် အဆင်းရူပါရုံကို မြင်သော် ပုံပန်းသဏ္ဌာန် သဏ္ဌာန်နိမိတ်ကို စွဲယူစူးစမ်း၏၊ မိန်းမကို တွေ့မြင်မိသည် ဆိုပါစို့၊ ထိုအခါ ရုပ်ရေရူပကာမှုစပြီး ပြုံးခြင်း, ရယ်ခြင်း, နှစ်သက်ဖွယ်ရှိခြင်း, မက်မောဖွယ်ရှိခြင်း, လှပမှုရှိခြင်း စသည့် စိတ်စေတနာဆန္ဒများ ဖြစ်ပေါ်ပြီး မက်မောခြင်းအဘိဇ္ဈာသည် ရင်တွင်းဝယ် ဖွားသစ်တော့၏၊ ဤသို့ မက်မောတပ်နှစ်သက် ခြင်းသည် စိတ်နှလုံးကို သာယာစေသည်မဟုတ်၊ နှစ်သိမ့်စေ သည်မဟုတ်ချေ၊ အာသာရမက် အကြောင်းခံကြောင့် နှလုံး မသာခြင်း ဒေါမနဿသည် ဖြစ်ပွားလေတော့သည်၊ ထိုမှ သံယောဇဉ် ကိလေသာတရားများ ပွားစည်းပြီး ရည်စူးရင်း ဖြစ်သော နိဗ္ဗာန်မှဝေးသည်သာ ဖြစ်လေတော့သည်။

မိမိစိတ်နှလုံးမှ မလိုလား မနှစ်မျှသော 'မကောင်းသော အာရုံ-အနိဋ္ဌာရုံ' ကို တွေ့မြင်ပါကလည်း မမက်မော မနှစ်လို သည်မှစပြီး နှလုံးမသာခြင်း ဒေါမနဿတရားများ ဖြစ်ပေါ်ရ လေသည်၊ ထိုမှ သံယောဇဉ် ကိလေသာတရားများ ပွားစည်းပြီး နိဗ္ဗာန်ကို ကျော်ခိုင်းခြင်းသို့ ရောက်နိုင်လေသည်။

အမှန်ကား တပ်မက်ဖွယ်ရာ ကာမဂုဏ် အာရုံများသည်သာ ရဟန်းတို့အား နိဗ္ဗာန်မှ ဝေးသည်အဖြစ်နှင့် ရဟန်းဘဝမှ ရွေ့လျောသည့် အဖြစ်တို့ကိုအများဆုံး ဖြစ်စေလေသည်၊ ထို့ကြောင့် ရဟန်းသည် ခြောက်ပါးသော အာရုံတို့၌ တဏှာ အာရုံ ကာမဂုဏ်တို့ကို ပိတ်ထားသောတံခါးကဲ့သို့ စောင့်စည်း ရလေသည်၊ ဤအရာ၌ သိနားလည်ရန် ပြဆိုရပါမူ သာသနာ တော်ကို ယုံကြည်သက်ဝင်ပြီး ရဟန်းပြုသော အမျိုးကောင်း သားသည် သက္ကာယဒိဋ္ဌိကင်းနိုင် ရဟန်းဖြစ်လေသည်၊ သူ၏

ပဓာန ဦးတည်ချက်ကား သံယောဇဉ် ကိလေသာတရားတို့မှ ငြိမ်းအေးချမ်းမြေ့ရာ နိဗ္ဗာန်ကို ရောက်ရှိမျက်မှောက်ပြုရန် ဖြစ်၏၊ သို့သော် ရဟန်းသည် ဝိမုတ္တိဉာဏ်အမြင်ကို မရမီ ကျင့်ဆဲပုဂ္ဂိုလ် သေက္ခအဖြစ်၌ အကြောင်းအားလျော်စွာ ငယ်ရွယ်ပျိုနု လှပသူဟု ဆိုလောက်သော သတို့သမီးကို ကြုံကြိုက်တွေ့ဆုံလေ့ရှိသည်၊ ရဟန်းသည် မိမိ၏ဣန္ဒြေတို့ကို မစောင့်စည်းမိသည် အားလျော်စွာ ထို သတို့သမီးကို စွဲလန်းမိချေသည်၊ တပ်မက်သည့်စိတ်စေတနာ ဆန္ဒအားလျော်စွာ သတို့သမီး၏ ကြည်ရည်သောမျက်လုံးနှင့် ရွှန်းပသော အပြုံးသည်ရင်း၊ ပြည့်ဝန်းလှပသည့် မျက်နှာနှင့် ကျော့ရှင်းပြေပြစ်သော ကိုယ်ခန္ဓာတို့သည်ရင်း, သတို့သမီး၏ နှစ်လိုဖွယ်ကောင်းသော အမူအရာနှင့် အပြုတို့သည်ရင်း, ရဟန်းအဖို့ စွဲလန်းမက်မောမိရာမှ ချစ်ခြင်းဟူသော ရမက်ဇောတို့သည် ရင်းတွင်းဝယ်လှိုင်းကဲ့သို့ကြွလေတော့၏၊ ထိုမှ ပွားစည်းလာသော သံယောဇဉ်ကိလေသာ တရားများနှင့်အတူ ပြင်းပြသည့် အာသာဆန္ဒတို့သည် ရဟန်း၌ မည်သို့ရှိမည်ကို မမှန်းဆနိုင်ချေ၊ တပ်မက်စွဲလန်းသော အာသာရမက် မီးလျှံကြောင့် နှလုံးအသဲ မွမွကြဲမျှ ကျွမ်းကြွေကျပြီး သူတော်ကောင်းတရားအကျင့်မြတ်များမှ ဝေးသည်၏အဖြစ်သို့ ရောက်ရလေတော့သည်၊ အဖိုအမချစ်ခြင်း, တပ်မက်ခြင်းတို့သည် လောကလူ့ဘဝ လူပုဂ္ဂိုလ်တို့အဖို့ သဘာဝနိယာမပင် ဖြစ်သော်လည်း ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဝါဒီတို့အဖို့ လုံးဝရှောင်ရှား စောင့်စည်းရမည် ဖြစ်လေသည်။

ထို့ကြောင့်ပင် ပါဠိပိဋကတ်၌ မိထွေးတော်၏သား အသျှင်နန္ဒသည် အိမ်မှအထွက်တွင် ချစ်ကြင်သူ သာကီဝင် မင်းသမီး

ဇနပဒ ကလျာဏီ၏ တဝက်သာဖီးပြီးသေးသော ဆံပင်တို့ကို ကိုင်ပြီး စိတ်မချနိုင်ရှာပဲ 'မောင်တော်နန္ဒ အရှင့်သား လျှင်မြန်စွာ ပြန်ခဲ့ပါမောင်တော်' ဟူသော ချစ်သူ၏ အသံနှလုံးမှ ပွင့်ဟလာသည့် သမုဒယ စကားနှင့် သက်ထား ချစ်သူကိုသာလျှင် ရဟန်းအဖြစ်၌ လွမ်းတနေမိသည်၊ ထိုအခါ သူ့အဖို့ သာသနာတော်၌ ရဟန်းအဖြစ်နှင့် နေရသည်မှာ နွမ်းလျှဖွယ် ဖြစ်နေလေသည်၊ ထို့ကြောင့် အသျှင်နန္ဒသည် နောင်တော် ဗုဒ္ဓအား သိက္ခာချပြီး လူထွက်ပါတော့မည်ဟု လျှောက်ထားခဲ့ခြင်း ဖြစ်လေသည်။

ဤသည်တို့ကား ဣန္ဒြေတို့ကို မစောင့်စည်းမိသည့် အားလျော့စွာ ဖြစ်ပေါ်နိုင်သော အကြောင်းတို့ ဖြစ်လေသည်၊ တကယ်တန်း ဣန္ဒြေကို စောင့်စည်းနိုင်မှု မရှိပါကလည်း ဧကန် ဖြစ်လာမည့် အကြောင်းရပ်တို့ ဖြစ်လေသည်၊ ဣန္ဒြေကို စောင့်စည်း၍နေခြင်း, မိမိကိုယ်ကိုမိမိ အမြဲသတိ အဆင်ခြင်တရားနှင့် နေခြင်း, အသုံးအဆောင် အစားအစာ၌ ရောင့်ရဲ လွယ်နိုင်ခြင်း ရှိသော ဗုဒ္ဓဝါဒီ ရဟန်း၏ ပုဂ္ဂိုလ်ရေး သဘောသဘာဝအနေအထား မည်သို့ရှိမည်ကို ကျွန်ုပ်တို့ သိနားလည်ရပေမည်။

ရဟန်းသည် ဝိမုတ္တိဉာဏ်အမြင်ကို ရရှိစေခြင်း၌ အပိတ်အပင်,အတားအဆီး ဖြစ်သော နီဝရဏတရားများကို ကမ္မဋ္ဌာန်းအာရုံ အားလျော့စွာ သတိရှိလျက် နီဝရဏ တရားများမှ စိတ်ကို စင်ကြယ်စေလေသည်၊ မက်မောခြင်း အဘိဇ္ဈာ,သူတပါးတို့အား ပျက်စီးစေလိုသော ဒေါသ,စိတ်ကို လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ, စိတ်ကို ပျံ့လွင့်စေခြင်း ဥဒ္ဓစ္စ, နောင်အခါမှ တသပူပန်ခြင်း ကုက္ကုစ္စ, ယုံမှားသံသယရှိခြင်း ဝိစိကိစ္ဆာ,ဟူသော

သဘောတရား စိတ်သဘာဝတို့သည် နိဝရဏတရားများ ဖြစ်ကြ၏၊ ဤသို့သော စိတ်သဘာဝများမှကင်းစင်သောရဟန်း၏ စိတ်ခန္ဓာ သဘာဝနှင့် စိတ်ဖြစ်စဉ် သဘောတရားတို့သည် အခြားသော ပုထုဇဉ်လူပုဂ္ဂိုလ်တို့၏ စိတ်ခန္ဓာစိတ်ဖြစ်စဉ်တို့နှင့် မတူညီချေ၊ ခြားနားလေသည်သာ ဖြစ်၏။

ဗုဒ္ဓဝါဒအယူအဆအရ လူပုဂ္ဂိုလ်တဦးတယောက်အဖြစ်သည် ဘဏှာလောဘတို့မှ အကြောင်းခံပြီး ဖြစ်သည်ဟု ယူဆလေသည်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာအားဖြင့် ဆိုပါကလည်း တဏှာ, ဥပါဒါန် အကြောင်းခံကြောင့်* ဘဝအသစ် ဖြစ်ရလေသည်၊ လူပုဂ္ဂိုလ်သည် တဏှာအရင်းခံနှင့် ဖွားသစ် ကြီးပွားလာရသူ ဖြစ်သည့်အားလျော်စွာ ၎င်း၏ဘဝတလျှောက်လုံး တဏှာမူလ သဘာဝနှင့် ကိလေသာလောက သမုဒယနယ်တွင် လှုပ်ရှား ကျင်လည်ခဲ့ရလေသည်၊ လူပုဂ္ဂိုလ်တို့၏ လောကဘဝသည် ကျေနပ်နှစ်သိမ့်ဘွယ်ရာများ, ချမ်းသာခြင်း သုခတရားများဖြင့် အတိပြီးသည် မဟုတ်ချေ၊ အလွန်များပြားစွာသော လူတို့၏ ဘဏှာလောဘများသည် ကိလေသာ အာရုံကာမဂုဏ်များကို ခံစားရန်အတွက် အလုအယက် အပြိုင်အဆိုင် တိုက်ခိုက်နေကြရလေသည်၊ ဤသည်ကိုပင် 'သမုဒယလောက'ဟု ခေါ်ဆိုရခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့ သတိမူပြီး ဆင်ခြင်ကြည့်ပါက လူ့သမိုင်းဦး အစမှ ယနေ့တိုင်သည်ထိ နှစ်သိမ့်ဖွယ်ရာ ဘာမျှမရှိခဲ့ချေ၊ မိမိဘဝ တည်တံ့မှုအတွက် ယှဉ်ပြိုင်တိုက်ခိုက် ရန်းကန်ခဲ့ရ၏၊

---

* ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု ပထမတွဲ စာမျက်နှာ ၂၃၄- တွင် ကြည့်ပါ။

ဘဝတွင် ရပ်တည်နိုင်မှုအတွက် လူမှုရေးတာဝန်များကို နေ့စဉ် နေ့တိုင်း ဆောင်ရွက်ရ၏၊ သို့သော် လူမှုရေးဘဝသည် ပြည့်စုံ ဖူလုံသည်ဟု မရှိချေ၊ ပြင်းပြသော တောင်းတသော မက်မောမှု များက လူတိုင်းလူတိုင်းကို ဖိစီးလျက်ရှိ၏၊ ထို့ပြင် အစားအစာ ငတ်မွတ်ခေါင်းပါးခြင်းများ, စစ်မက်ဖြစ်ပွားခြင်းများ သဘာဝ တရား၏ ဘေးအန္တရာယ်ဒဏ်များ စသော လောကသဘာဝ နှင့် လူမှုဒုက္ခတို့ကို နေ့စဉ်ကြုံတွေ့နေရ၏၊ ဤသို့သောလောက၌ ပရမတ္ထအမှန်တရားကား 'ဒုက္ခ' သာ ဖြစ်လေသည်။

ယနေ့ခေတ်သင်၏ အတတ်ပညာရပ်တို့တွင် 'စိတ်ပညာ 'Psychology' သည်လည်းတခုအပါအဝင်ဖြစ်၏၊ အခြားသော ပညာရပ်များ၏ သက်တန်းနှင့် နှိုင်းစာလျှင် စိတ်ပညာသည် ငယ်ရွယ်သေးသော ပညာရပ်ဖြစ်၏၊ သို့ပင် ငယ်ရွယ်သော် လည်း ခေတ်သစ် 'စိတ်ပညာကဝိ Psychologist' တို့သည် ကျိုးစားလေ့လာကာ ရှာဖွေတင်ပြခဲ့ကြလေသည်။ ထို့ကြောင့် လည်း ယနေ့ခေတ် စိတ်ပညာသည် 'သိပ္ပံနည်း ကျကျဖြင့် Scientific Method' ပြုစုပျိုးထောင်ထားသော ပညာရပ် ဖြစ်လေသည်၊ ယနေ့ကျွန်ုပ်တို့ သိနားလည်ထားသော စိတ်ပညာ အယူအဆ အဆိုအမိန့်များကို သိပ္ပံနည်းကျ မှန်ကန်သည်ဟု လက်ခံထားကြလေသည်၊ ထို့ကြောင့်ပင် လူ့လောက၌ ယနေ့ အခါတွင် စိတ်ပညာ အယူအဆ အဆိုအမိန့်များကို လက်တွေ့ အသုံးပြုနေကြပြီ ဖြစ်လေသည်။

လူ့လောက သမုဒယနယ်မှ ပုထုဇဉ်လူသားတို့၏ စိတ်ခန္ဓာ သဘာဝသည် ယေဘုယျအားဖြင့် တဦးနှင့်တဦး တူညီကြလေ သည်၊ သို့သော် လုံးဝ တူညီကြသည်ကား မဟုတ်ပါချေ၊

‘ခွဲခြားစိတ်ဖြာ စိတ်ပညာရှင်များ Psychoanalysts ’ ဖြစ်ကြသော စင်ဂမွန်ဖရွိုက်နှင့် ကာလ်ဂျီယွန်း Sigmund Freud and karl G. Jung-’ တို့၏ အလိုအားဖြင့်မူ လူတို့၏အခြေခံ ပဓာနစိတ်ဓာတ်သည် ‘တဏှာရာဂစိတ်’ တနည်း ‘တပ်မက်သော တဏှာကာမစိတ်’ဟု ဆိုထား၏၊ ဗုဒ္ဓဝါဒအလိုအားဖြင့်လည်း ပုထုဇဉ်လူတို့၏ မူလပဓာနစိတ်သည် ‘တဏှာရာဂစိတ်’ ပင် ဖြစ်သည်ဟု ဖွင့်ဆိုထားလေသည်၊ လူပုဂ္ဂိုလ်သည် ထိုမှနောက်၌ မိမိကိုယ် မိမိဘဝ မိမိပတ်ဝန်းကျင် သည်အားလျော်စွာ အခြားသော လောကီစိတ် စေတသိက်များ ဖြစ်ပေါ်လာရပေသည်၊ ဤသို့ နောင်အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော စိတ်စေတသိက်များသည်ကား ၎င်းတို့၏ ကိုယ်ကာယ ဘဝပတ်ဝန်းကျင် သည်တို့အားလျော်စွာ တဦးနှင့်တဦး မတူညီကြချေ၊ သီးခြားပေါ်လွင်စွာ ဖြစ်ပေါ်လာရလေသည်၊ ဤစိတ်သဘာဝကိုပင် စိတ်ပညာရှင်တို့က ‘ကိုယ်ရည်ကိုယ်သွေး’ဟု ယူဆ သတ်မှတ်ထားကြလေသည်။

စိတ်ပညာရပ်၌ ‘ပါဆင်နယ်လ်တီ Personality-’ ဟူသော အင်္ဂလိပ်ဘာသာ ဝေါဟာရရှိ၏၊ ၎င်းကို မြန်မာဘာသာအားဖြင့် ‘ကိုယ်ရည်ကိုယ်သွေး’ဟု ပြန်ဆို သုံးစွဲထားကြလေသည်၊ လူပုဂ္ဂိုလ်တိုင်းတဦးချင်း၌ အခြားကိုယ်ရည်သွေးတို့နှင့် မတူညီသော သီးခြားကိုယ်ရည် ကိုယ်သွေးတို့ ရှိကြလေသည်၊ လူပုဂ္ဂိုလ်အသီးသီး၌ရှိသော ကိုယ်ရည်ကိုယ်သွေး ဟူသည်မှာ လူတဦးတယောက်၏ အပြုအမူအားလုံးကို အထူးသဖြင့် အခြားသူများအပေါ် ပြုမူဆောင်ရွက်ပုံအားလုံးကို ပေါင်းစည်းပြီး ခေါ်ဝေါ် သတ်မှတ်ခြင်း ဖြစ်လေသည်၊ ကိုယ်ရည် ကိုယ်သွေးသည်

လူတော်လူချွန်များ၌သာ ပေါ်လွင်ထင်ရှားပြီး အခြားသူများ၌ မရှိသော အရည်အချင်းမဟုတ်ချေ၊ ဤသတ္တလောကကြီး၌ မဟာလူတော် လူကောင်းများမှစပြီး လမ်းပေါ်မှ လူအထိ အသီးသီး ရှိကြသော အရည်အချင်းဖြစ်၏၊ ကိုယ်ရည်ကိုယ်သွေးသည် လူတဦးတယောက်၏ ဘဝတာ အတွေ့ အကြုံများနှင့် သူ့အား လွှမ်းမိုးသော အရာများကြောင့် ဖြစ်ပေါ်လာသဖြင့် ၎င်း၌ အကြောင်းအရာ အမျိုးမျိုး သက်ဝင်နေလေသည်၊ လူတဦးတယောက်၏ ကိုယ်ရည်ကိုယ်သွေးသည် ၎င်း၏ အပေါ်ယံ၌ တည်ရှိသည်မဟုတ်ပဲ အတွင်း စိတ်ခန္ဓာ၌သာ အင်္ဂါ ဘည်ရှိသက်ဆိုင်သည်ဟု ဆိုလေသည်။

ကိုယ်ရည် ကိုယ်သွေးဟူသည်မှာ လူပုဂ္ဂိုလ်တဦးတယောက်၏ စိတ်သဘာဝ အခြေအနေပင် ဖြစ်လေသည်၊ ထိုပုဂ္ဂိုလ်၏ ကိုယ်ရည်ကိုယ်သွေးကို မှန်ကန်စွာသိပါက ထိုပုဂ္ဂိုလ်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ဟူသော ၎င်း၏ ပုဂ္ဂိုလ်ရေးရာ အနေအထားကို သိနားလည် နိုင်လေသည်၊ ခရစ်သက္ကရာဇ် ငါးရာစုခေတ်က ဂရိသမားတော် ဟစ်ပိုကရာတီး Hippocratis တို့ခေတ်မှ အေဒီ ၁၉-ရာစုအထိ အများအားဖြင့် ကိုယ်ခန္ဓာ ပုံသဏ္ဌာန် အရည်အချင်းကို မှီငြမ်းပြုပြီး ပုဂ္ဂိုလ်အမျိုးအစား ခွဲခြားပြဆိုခဲ့ကြလေသည်၊ ၁၉-ရာစုမှစပြီး နောင်အခါ၌ကား စိတ်ပညာကာဝိတို့သည် ကိုယ်ရည် ကိုယ်သွေးနှင့် စပ်လျဉ်း၍ စိတ်ဝင်စားဘွယ်ရာကောင်းသော အယူအဆများကို ဖော်ထုတ် ပြဆိုခဲ့ကြလေသည်၊ ထိုမှ နောက်၌ကား 'ကိုယ်ရည်ကိုယ်သွေး စုံစမ်းနည်းများ Personality Inventory 'ဖြစ်သော စစ်ဆေး

စမ်းသပ်သည့် မေးခွန်းလွှာများ, ဆောင်ရွက်မှုစစ်ဆေးလွှာများ စသည်တို့ဖြင့် ကျွန်ုပ်တို့ လက်ခံနိုင်လောက်အောင် စူးစမ်း လေ့လာပြဆိုနိုင်ခဲ့ကြလေသည်။

စိတ်ပညာ ကဝိအများစုတို့၏ အလိုအားဖြင့် လူတဦး တယောက်၏ ကိုယ်ရည်ကိုယ်သွေးသည် ကိုယ်ကာယ အခြေ အနေနှင့် လူမှုဆက်ဆံရေး အကြောင်းများကြောင့် ဖြစ်ပေါ် လာသည်ဆို၏၊ ဆိုလိုသည်ကား ပုဂ္ဂိုလ်တဦးတယောက်နှင့် လောကသုံးပါးတို့ ပေါင်းစပ်တွေ့ထိဆက်ဆံရာမှ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာသော စိတ်ခန္ဓာ သဘာဝ အခြေ အနေတို့သည် ထိုသူ၏ ကိုယ်ရည်ကိုယ်သွေးပင်ဖြစ်၏၊ ထို့ကြောင့် ကိုယ်ရည်ကိုယ်သွေးကိုတိကျသောသဘောသဘာဝ ပုံသဏ္ဌာန်နှင့် ပြဆိုရန် မဖြစ်နိုင်ခြင်းဖြစ်လေသည်၊ စင်စစ် ကိုယ်ရည်ကိုယ်သွေး ဟူသည်ကား သမုဒယလောကနယ်ပယ်တွင် ပုတုဇဉ်လူသားတို့ မွေးဖွားသည်မှ သေသည်အထိ ကျင်လည်လှုပ်ရှား တွေ့ထိရာမှ ဖြစ်ပေါ်လာသော မတည်မြဲသည့် အစဉ်သဖြင့် ပြောင်းလဲ နေသော စိတ်စေတသိက် သဘာဝ အခြေအနေများကို ပြဆို ထားသော ပုထုဇဉ်လူသားတို့၏ တဦးနှင့်တဦး မတူညီသော စိတ်ခန္ဓာသဘာဝ အခြေအနေအားလျော်စွာ ပုဂ္ဂိုလ်အမျိုး အစားကို ပြဆိုခြင်းသာလျှင်ဖြစ်သည်ဟု နားလည်လေသည်။

ဤသို့ စိတ်ပညာ၏ အဆိုအယူအဆများကို ရေးသားပြဆို ရသည်မှာ လေ့လာသူများအဖို့ လိုအပ်သည်ဟု ယူဆသဖြင့် ပြဆိုခြင်းဖြစ်လေသည်၊ ဗုဒ္ဓဝါဒီများနှင့် အခြားသော လေ့လာ သူများသည် ရဟန်း၏ဘဝနှင့် ရဟန်းဖြစ်ခြင်း၏ အကျိုးကို တကယ်တန်း ပီပြင်စွာသိထားကြသည်မဟုတ်တန်ချေ၊ ယနေ့လို

ခေတ်အခါ၌ ပို၍ပြီးနားလည်ရန် ခဲယဉ်းလေသည်၊ လောကဓာတ် သိပ္ပံပညာကို တတ်ကျွမ်းသူများနှင့် အလွန်အကျူး ဦးထိပ်ထား ကိုးကွယ်သူတို့သည် အကြောင်းကြောင်းကြောင့် ဗုဒ္ဓဝါဒ၏ တကယ်အမှန် အနှစ်သာရ ဓမ္မသဘာဝများကို မသိကြချေ၊ ယနေ့ခေတ်အခါ၌ လူများစုသည် ဘာသာတရားကို လူတို့၏ ကြီးမားပြင်းပြသော အာသာများ ဖြေသိမ့်ရာအဖြစ် သဘော ထားကြခြင်း ဖြစ်ရာသည်။

ကမ္ဘာကြီးတွင် လူမျိုးစုများနှင့် ယဉ်ကျေးမှု တည်ဦးစမှ ယနေ့အထိ ဘာသာအယူဝါဒများ အများအပြားပေါ်ပေါက် ခဲ့၏၊ ဘုရားအမျိုးမျိုးပွင့်သစ်ခဲ့၏၊ တရားအမျိုးမျိုးကို အယူ အမြင် အမျိုးမျိုးနှင့် ဟောခဲ့ကြ၏၊ ကိုယ့်အယူဝါဒ ကိုယ့် သာဝက ကိုယ့်ဘာသာဝင်များဖြင့် ရပ်တည်ခဲ့ကြ၏၊ ဤသို့ ဘုရားအမျိုးမျိုးတို့၏ အယူအမြင်တရားဓမ္မတို့ကို မည်သည့် အယူဝါဒက လူသားတို့အား လက်ငင်းလက်တွေ့ ဟောကြား သည့်အတိုင်း အကျိုးဖြစ်နိုင်-မဖြစ်နိုင်ကို နားလည်သင့်လေသည်၊ ယော်ယမ်းမှန်းဆတမ်းတပြီး ဖြေသိမ့်ကျေနပ်ရသော ဘာသာ အယူဝါဒကို ကျွန်ုပ်တို့အနေနှင့် လူသားတို့အား အကျိုး ပြုသည်ဟု မယူဆနိုင်ချေ၊ ထိုသို့သော ဘာသာအယူဝါဒသည် လူသားတို့အား တကယ်တန်း ဒုက္ခတရားများမှ လွတ်ငြိမ်း စေနိုင်သော ဘာသာ အယူဝါဒမဟုတ်ချေ၊ ရွှေပြည်အေး ဘာသာ အယူဝါဒသာလျှင် ဖြစ်လေသည်၊ ပမာအားဖြင့် ရေကြည် မှတ်သိပ်နေသူကို တံလျှပ်အား လက်ညှိုးညွှန်၍ ပြသကဲ့သို့ တဏှာလောဘ အာရုံဇောများ ပြင်းပြမှတ်သိပ် နေသော လူသားတို့ကို အတိုင်းမသိ ကောင်းမွန် ပြီးပြည့်စုံသော

အာရုံဘုံနန်းများကို ညွှန်ပြဟောကြား ပြသိမ့်စေခြင်းသည်ကား အမှောင်ခန်းတွင်းမှ ဘိန်းစားကို ဘိန်းကျွေးပြီး နုတ်ပြည်မှ နုတ်စည်းစိမ်ကို ခံစားခိုင်းသကဲ့သို့ပင် ဖြစ်လေသည်။

'ရိလီဂျင်း- Religion 'ဟူသော ဝေါဟာရသည် 'ဘာသာ' သို့မဟုတ် 'အယူဝါဒ'ကို ပြဆိုသော အင်္ဂလိပ်ဘာသာ ဝေါဟာရ ဖြစ်သည်ကို ယနေ့လူတိုင်းလိုလိုပင် သိနားလည်ကြလေသည်၊ အနောက်တိုင်းသားတို့ သိရှိ ဖွင့်ဆိုထားသော ရီလီဂျင်း၏ အဓိပ္ပာယ်ကား 'ပိုမိုတန်ခိုးကြီးခြင်း၌ ယုံကြည်ခြင်း A belief in a higer power'ဟု ဆိုထားကြ၏၊ ၎င်းတို့ တွေ့ထိသိရှိသော ဘာသာများနှင့် ၎င်းတို့၏ ဖွင့်ဆိုမှုကား မှန်ပေမည်၊ ဗုဒ္ဓဝါဒနှင့် စပ်လျဉ်း၍ကား ဤအဓိပ္ပာယ်သည် လုံးဝမဟပ်စပ်ချေ၊ 'ထာဝရ အကြွင်းမဲ့ဉာဏ်တော်- Absolute idea 'သည် ဗုဒ္ဓဝါဒ၌ ဘာမျှ အဓိပ္ပာယ်မရှိချေ၊ ပရမတ္ထဓမ္မများကို 'ကြောင်းကျိုးနိယာမ- Causality 'အားလျော်စွာ ပွားများအားထုတ်၍ 'ယထာဘူတ ကျကျ- Objectively ' ထိုးထွင်းသိမြင်ခြင်းသည်သာ အရေးပါ လေသည်၊ အနန္တကရုဏာဒ္ဓိများ စေတလုံးပိုင် ဖန်ဆင်းမှုများသည် ဗုဒ္ဓဝါဒ၏ အရေးဌာနများ မဟုတ်ချေ၊ ဤအကြောင်းကို ဗုဒ္ဓဝါဒ ပါဠိပိဋကတ်တို့အား လေ့လာဘူးသူတို့ ကောင်းစွာ နားသည်လေသည်။

ဗုဒ္ဓဝါဒသည် မျက်မှောက်ဘဝ၌ အကျိုးပေး၏၊ အခါမလင့် အကျိုးပေး၏၊ ကိုယ်တိုင်ကိုယ်ကျ ရှုကြည့် သုံးသပ်လိုပါက ရှုကြည့် သုံးသပ်နိုင်၏၊ စိတ်၌ အစဉ် ဆောင်ထားထိုက်၏၊ အသိအဆင်ခြင် ဉာဏ်ပညာရှိသူများ သိအပ်သည်ဆို၏၊ ဤသို့ အယူဝါဒ၏ အညွှန်းဖြစ်သော ဓမ္မဂုဏ်တော်များနှင့် ကိုက်ညီမှု

ရှိမရှိ၊ လူသားတို့အား မျက်မှောက်ဘဝ၌ပင် ကောင်းမြတ်သော အကျိုးပေးနိုင်-မပေးနိုင်ဟူသည်ကို လေ့လာသူများ သိနားလည်ထားသင့်လေသည်၊ ဤသို့ သိရှိရန် လေ့လာရာ၌ ယနေ့ မျက်မှောက်ခေတ် အတတ်ပညာများဖြင့် ရှာဖွေလေ့လာဖွင့်ဆိုထားသော လူသား၏ ပင်ကို သဘောသဘာဝကို သိထားမှသာလျှင် ဗုဒ္ဓဝါဒီ ရဟန်းဘဝ ရဟန်းအဖြစ်၏ အကျိုးတရားများကို နှိုင်းယှဉ်ပြီး ပြတ်သားပီပြင်စွာ နားလည်သိမြင်နိုင်ပေမည်၊ ထို့ကြောင့် လေ့လာသူသည် သိပ္ပံနည်းကျ စိတ်ပညာအမြင်အားဖြင့် စိတ်ပညာရှင်တို့ လေ့လာသိရှိထားသော လူပုဂ္ဂိုလ်ပုထုဇဉ်၏ စိတ်သဘာဝများကိုငင်း, နီဝရဏ တရားများကို ပယ်ပြီးသော ဗုဒ္ဓဝါဒီ ရဟန်း၏ စိတ်သဘာဝများကိုငင်း နှိုင်းယှဉ်သုံးသပ်သင့်လေသည်၊ သို့မှသာ အကျိုးအပြစ် အဆိုးအကောင်းတို့ကို သိနားလည်နိုင်ပေမည်။

ကိလေသာပြွမ်းသော လူ့ဘောင်လောက၌ လူမှုရေးများဖြင့် ကျပ်တည်း ကျဉ်းမြောင်းစွာ နေရသည်အဖြစ်ကို မနှစ်လိုပဲ လွင်ပြင်နှင့်တူသော ရဟန်းဘဝသို့ ဝင်ရောက်၍ ရဟန်းအဖြစ်နှင့် နေသူသည် သီလတရားများကို ရှောင်ကြဉ် ထိန်းသိမ်းလျက်နေ၏၊ မိမိ၏ ဣန္ဒြေများကို စောင့်စည်း၍ သတိအဆင်ခြင်တရားနှင့် အမြဲပြည့်စုံလျက်နေ၏၊ ရဟန်းအဖြစ် ရဟန်းဘဝ၌ ရောင့်ရဲလွယ်သူလည်းဖြစ်၏၊ နီဝရဏ တရားများကိုပယ်ကာ မိမိစိတ်ကို စင်ကြယ်လျက်နေ၏၊ ရဟန်း၏ ဤသို့နေနိုင်ခြင်းသည် ဗုဒ္ဓ၏ အဆုံးအမအတိုင်း လိုက်နာ ကျင့်သုံး စောင့်စည်း ပွားများ နေထိုင်ခြင်းကြောင့်ဖြစ်၏၊ ဆိုလိုသည်မှာ ဗုဒ္ဓဝါဒအားလျော်စွာ 'စိတ်အလေ့အကျင့်- Mind Culture' ကြောင့် ဖြစ်လေသည်။

ဤသို့ နိဝရဏ တရားများကို ကောင်းစွာ ပယ်ပြီးသော၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားနှင့်ပြည့်စုံသော ရဟန်း၏ စင်ကြယ်သောစိတ်သည် သို့မဟုတ် ရဟန်း၏ 'ကိုယ်ရည် ကိုယ်သွေး' ဟူသော စိတ်ခန္ဓာသဘာဝသည် မည်သို့ရှိမည်နည်း၊ လောကနယ်မှ လူတို့၏ စိတ်သဘာဝ အခြေအနေနှင့်ကား လုံးဝ မတူချေ၊ လွန်စွာပင် ကွာဟခြားနားလေသည်။

လူပုဂ္ဂိုလ်တဦး၏ ကိုယ်ရည်ကိုယ်သွေးသည် ကိုယ်ကာယနှင့် လူမှုဆက်ဆံရေးဆိုင်ရာ အကြောင်းများကြောင့် ဖြစ်ပေါ်လာ သဖြင့် ၎င်း၏ ရိုးရာဗီဇ, နေအိမ်နှင့် မိသားစု, အပေါင်းအဖော် မိတ်ဆွေသင်္ဂဟ, စီးပွားရေး, လူမျိုးစုပတ်ဝန်းကျင် စသော လောက၏ အကြောင်းအားလျော်စွာ လူပုဂ္ဂိုလ်၏ ကိုယ်ရည် ကိုယ်သွေးသည် ဖြစ်ပေါ်ရလေသည်၊ ၎င်းသည် တဏှာ လောဘအရင်းခံနှင့် လောက၏ ကာမဂုဏ် အာရုံများကို တမက် မောမော တမွတ်သိပ်သိပ် ရှာဖွေလိုက်စားနေသူဖြစ်၏၊ လောက၏ သုခနှင့်ဒုက္ခတို့ကို တပြောင်းပြန်ပြန် ခံစားရင်း သံသရာတွင် ကျင်လည်နေရသူသာ ဖြစ်လေသည်။

ရဟန်းသည်လည်း လောကထဲမှ လူသားတဦးသာဖြစ်၏၊ ၎င်းသည် ဗုဒ္ဓနှင့်ဓမ္မဝိနယတို့အား ယုံကြည်မှုသဒ္ဓါတရားရှိသည့် အားလျော်စွာ ရဟန်းအဖြစ် ပြုမူဝင်ရောက်လေသည်၊ ဗုဒ္ဓဝါဒီ ရဟန်းအဖြစ် ပြုမူဝင်ရောက်ခြင်းသည်ကား လွယ်ကူသော အလုပ်မဟုတ်ချေ၊ လောကမှ၎င်း, လူတို့မှ၎င်း လုံးဝခြားနား သော* ပုဂ္ဂိုလ်သာဖြစ်လေသည်၊ ရဟန်းဘဝ ရဟန်းအဖြစ်၌

---

* ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု ဒုတိယတွဲ စာမျက်နှာ ၂၆၇-တွင် ကြည့်ပါ။

လူမှုရေး အခြေအနေများသည် ဘာမျှမရှိချေ၊ ၎င်းသည် သတိ၊ အဆင်ခြင်၊ စောင့်စည်း၊ ရှောင်ကြဉ်မှုများဖြင့် ကမ္မဋ္ဌာန်းအာရုံ အားလျော်စွာ စိတ်ကို ပွားများပြီးသူဖြစ်၏၊ ယဉ်ကျေးအောင် ပြုပြင်ပြီးသူဖြစ်၏၊ ကောင်းမြတ်စင်ကြယ်အောင် ပြုပြီးသူဖြစ်၏၊ ဝမ်းမြောက်ခြင်းနှင့် နှစ်သိမ့်ခြင်းပီတိရှိသူဖြစ်၏၊ ထိုရဟန်း၏ ကိုယ်သည် ငြိမ်းအေး၏၊ ထို့ကြောင့် ရဟန်းသည် ချမ်းသာကို ခံစား၏၊ ကိုယ်စိတ် ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်လျက်ရှိ၏၊ ထိုမှတဖန်ကား အလွန်မွန်မြတ်သော 'ဈာန်'တရားများနှင့် ဝိပဿနာဉာဏ်အမြင်များကို အစဉ်အတိုင်း ရရှိအောင် ပွားများပြီး အဆုံးစွန် ငြိမ်းအေးချမ်းမြေ့မှု နိဗ္ဗာန်ကို ရရှိမျက်မှောက်ပြုရန်သာလျှင် ရဟန်းဘဝ၏ အနာဂတ်ခရီး ဖြစ်လေသည်။

# ဈာန်တရားများကို ဟောကြားပြဆိုခြင်း

သရက်ဥယျာဉ်ကြီးသည် ငြိမ်သက် ခန့်ထယ်လှ၏၊ မှိုင်းမှိုင်း ညို့ညို့ရှိလှ၏၊ မြူးကြွသော ဆောင်းဦး၏ လေရူးတို့က တခါ ဘရံ တိုးဝှေ့ဖြတ်သန်းသောအခါ သရက်ပင်အို ပင်ပျိုတို့၏ အကိုင်းအခက် အရွက်တို့သည် သွဲ့သွဲ့ နွဲ့နွဲ့ဖြင့် လှုပ်ရှားနေရ၏၊ အသံဟူ၍ ရွက်ဖြားခတ်သံများသည်သာ တသဲသဲ ဖြစ်ပေါ်နေ၏၊ ကြည်စင်သော ကောင်းကင်တွင် ကြယ်တာရာအပေါင်း ဖြင့် စန္ဒာလမင်းကြီးသည် တင့်တယ်စွာ ထွန်းလင်း ဝင်းပနေ သကဲ့သို့ တန်ဆောင်းဝင်းတွင် ထိန်လင်းသော ဆီမီး အလင်း ရောင်အောက်၌ ရဟန်းအပေါင်း ခြံရံကာ ဗုဒ္ဓသည် ပြည့်စုံ သော အသရေတော်နှင့် တင့်တယ်စွာ စမ္ပာယ်လျက် ရှိလေ သည်။

လွန်မြတ်သော သမာဓိနှင့် လွန်မြတ်သော ပညာတို့ကို ပွားများပြီးသော ရဟန်းတို့နှင့် ပွားများ ကျင့်သုံးဆဲဖြစ်သော ရဟန်းအပေါင်း များစွာတို့သည် ဗုဒ္ဓဟောကြားတော်မူလျက် ရှိသော တရားတော်ကို နှလုံးသွင်းလျက် တည်ကြည်ငြိမ်သက်စွာ ရှိနေကြလေသည်၊ မဂဓတိုင်းရှင် အဇာတသတ်မင်းနှင့် မင်း အမတ်အပေါင်းသည် ဗုဒ္ဓကိုသာလျှင် အာရုံစူးစိုက်ပြီး ဟော ကြားလတ္တံ့သော တရားတော်ကိုသာ ငံ့လင့်လျက် ရှိကြလေ သည်။

ဗုဒ္ဓသည် သြောင်းညာတော်မူသဖြင့် ကိုယ်ခန္ဓာ၏ အနေ အထားကို ပြုပြင်တော်မူ၏၊ ထို့နောက် မဂဓတိုင်းရှင် အဇာ

တသတ်မင်းအား ၎င်းဟောကြား ပြဆိုတော်မူခဲ့ပြီးသော ရဟန်းဖြစ်ကျိုးတို့ထက် သာလွန်မွန်မြတ်သော အကျိုးတရားတို့ကို ဟောကြားတော်မူလေသည်၊ ဤအကျိုးတရားတို့သည် ကား ဗုဒ္ဓဝါဒ၏ အနှစ်သာရဖြစ်လေသည်။

## 'ပဌမဈာန်' ရဟန်းဖြစ်ရကျိုး

"မင်းကြီး ထိုရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ် ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော 'နိဝရဏ'ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် 'နိဝရဏ' ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်းပီတိ ချမ်းသာခြင်းသုခဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နိဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်းပီတိ, ချမ်းသာခြင်းသုခဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သော နေရာဟူ၍ အနည်းငယ်မျှမရှိ"။

"မင်းကြီး ဥပမာသော်ကား ကျွမ်းကျင်သော ရေချိုးပေးသူသည်၎င်း၊ ရေချိုးပေးသူ၏ တပည့်သည်၎င်း၊ ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ပုံပြီးလျှင် ရေဖြင့် ဖျန်းလျက်ဖျန်းလျက် အခဲပြုရာ၏၊ ထိုရေချိုးကသယ်မှုန့် အခဲသည် အစေးဖြင့် စိမ့်ဝင်လျက် ရှိရာ၏၊

အစေးဖြင့် ဖွဲ့စည်းလျက်ရှိရာ၏၊ အတွင်းအပြင်၌အစေး ဖြင့် ပြန့်နှံ့လျက်ရှိရာ၏၊ ရေယိုကျခြင်းလည်း မရှိရာ"။

"မင်းကြီး ဤအတူပင် ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နိဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နိဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံးကို မပြန့်နှံ့သော နေရာဟူ၍ အနည်းငယ်မျှမရှိ။

"မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်း ဖြစ်သော, ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

## ဒုတိယစျာန်ရဟန်းဖြစ်ကျိုး

"မင်းကြီး တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိ၏သန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ပွားစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော, သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော, တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော, နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍

နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော၊ နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ"။

"မင်းကြီး ဥပမာသော်ကား နက်စွာသော၊ စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏ အရှေ့အရပ်၌လည်း ရေဝင်ပေါက်မရှိရာ, တောင်အရပ်၌လည်း ရေဝင်ပေါက်မရှိရာ, အနောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ, မြောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ, မိုးသည်လည်း အခါနှန်မှန်မှန် သည်းထန်စွာ ရွာသွန်းခြင်း မရှိရာ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေအယဉ်သည် စိမ့်ထွက်၍ ထိုရေအိုင်ကိုပင်လျှင် အေးမြသော ရေအယဉ်ဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပြန့်နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တခုလုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ"။

"မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ

စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း သမာဓိကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာ ခြင်း 'သုခ' ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပြန့်နှံ့သော နေရာ အနည်းငယ်မျှမရှိ"။

"မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍ မွန်မြတ်သည်လည်း ဖြစ်သော, ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

## တတိယစျာန်ရဟန်းဖြစ်ကျိုး

"မင်းကြီး တဖန် ထို့ပြင် ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ် နှင့်ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာ ခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစားရ၏၊ အကြင် တတိယစျာန်ကြောင့် ထိုသူ့ကို လျစ်လျူရှုသူ, သတိ ရှိသူ, ချမ်းသာစွာ နေလေ့ရှိသူဟု သူတော်ကောင်း အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ရဟန်းသည် ထိုတတိယစျာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာ

ခြင်း 'သုခ' ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပြန့်နှံ့သော နေရာ အနည်းငယ်မျှမရှိ"။

"မင်းကြီး ဥပ္ပလာသော်ကား ဥပ္ပလာ * ကြာတော၌ ၎င်း, ပဒုမာကြာတော၌၎င်း, ပုဏ္ဍရိတ်ကြာတော၌၎င်း, ဥပ္ပလာ ကြာအချို့တို့သည်၎င်း, ပဒုမကြာအချို့တို့သည် ၎င်း, ပုဏ္ဍရိတ်ကြာအချို့တို့သည်၎င်း ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွားကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေထဲ၌မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ ထိုကြာတို့သည် အဖျားအရင်းတိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊ အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပြန့်နှံ့ကုန်၏၊ ထိုဥပ္ပလာကြာ, ပဒုမာကြာ, ပုဏ္ဍရိက်ကြာတို့၏ အစိတ်အပိုင်း အလုံးစုံ၌ အေးမြသောရေဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိရာ"။

"မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ"။

"မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍

---

* ကြာဖြူ, ကြာနီ, ကြာညိုတော။

နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း”။

## စတုတ္ထစျာန်ရဟန်းဖြစ်ကျိုး

“မင်းကြီး တဖန် ထို့ပြင်လည်း ရဟန်းသည်ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း, ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့် ၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု ‘ဥပေက္ခာ’ ကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထ စျာန်သို့ရောက်၍ နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကို ပင်လျှင် သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုရဟန်း၏တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ”။

“မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ဖြူသောအဝတ်ဖြင့် ဦးခေါင်းနှင့်တကွ တကိုယ်လုံးခြုံ၍ ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏ တကိုယ်လုံး၌ ဖြူသောအဝတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ”။

“မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထို ရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ”။

"မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

* * *

# ဒေသနာစဉ် မတူညီခြင်းအကြောင်း

ဤပြဆိုခဲ့သော ဈာန်တရားတို့သည် မဂ္ဂဓတိုင်းရှင် အဇာတသတ်မင်းအား ဗုဒ္ဓဟောကြားတော်မူသော ရဟန်းဖြစ်ရခြင်း၏ မျက်မှောက်ဘ၀၌ ရအပ်သော သာလွန် မွန်မြတ်သည့် ရဟန်းဖြစ်ကျိုးများပင် ဖြစ်လေသည်၊ ဗုဒ္ဓ၀ါဒ ပါဠိ ပိဋကတ်တို့၌လာသော ဓမ္မအစဉ်တို့သည် အခြင်းအရာ အကြောင်းရပ်များ ကွဲပြားမှုရှိလေသည်၊ သို့သော် မည်သို့သော အခြင်းအရာ အကြောင်းရပ်ဖြင့် ဟောကြားသော ဓမ္မဒေသနာ အစဉ်ဖြစ်စေ နောက်ဆုံးတွင်ကား 'ဝိမုတ္တိဉာဏ်အမြင်' ကို ရရှိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမှုတွင်သာ အဆုံးသတ်ရလေသည်၊ ဓမ္မဒေသနာ အစဉ်များ မတူညီစေကာမူ အားလုံးသော ဒေသနာ ဓမ္မတို့သည် သစ္စာလေးပါး၌ တူညီသက်ဝင်သည်သာ ဖြစ်၏၊ အကြောင်းအရာ, ပုဂ္ဂိုလ်, ကာလ, ဌာနအားလျော်စွာ သာလျှင် ဓမ္မဒေသနာအစဉ်များ မတူညီခြင်း ဖြစ်လေသည်။

ဤသာမညဖလသုတ်၌ ဟောကြားသော ဓမ္မဒေသနာ အစဉ်သည် အခြားသောပါဠိ ပိဋကတ်လာ သုတ်များစွာတို့တွင် ဟောကြားသော အချို့ဒေသနာများနှင့် အစဉ်မတူညီသည်ကို (အထူးသဖြင့် ဈာန်တရားများမှ ဝိပဿနာ ဉာဏ်အမြင်များသို့ ကူးပြောင်းမှု အခြင်းအရာ မတူညီသည်ကို) ပါဠိပိဋကတ်အား နှိုင်းယှဉ်စေ့စွာ လေ့လာဘူးသူတိုင်း သတိမူမိကြပေမည်၊ ဥပမာ လိုရင်းကို အကျဉ်းမျှပြရပါမူ -(အနုပုဗ္ဗိကထာ နိရောဓသုတ်, အနုပုဗ္ဗဝိဟာရသုတ်, အနုပုဗ္ဗဝိဟာရ သမာပတ္တိ

သုတ်, နိဗ္ဗာနသုခသုတ်, ဂါဝီဥပမာသုတ်, ဈာနသုတ်, နဝက နိပါတ အင်္ဂုတ္တိုရ်) စသည်တို့၌ကား ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်,အာကာသာနဉ္စာယတန, ဝိညာဏဉ္စာ ယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန, နိရောဓသမာပတ္တိဟူ၍ ဝင်စားလျက်နေအပ်သော ‘သမာပတ် ဈာန်, ကိုးပါးတို့ကို အစဉ်အတိုင်းပြဆို ဟောကြားထားလေ သည်၊ ဤသုတ်တို့သည် ဒေသနာအစဉ် သဘောမျှသာ သာမညဖလသုတ်နှင့် ခြားနားပြီး အားလုံး ဆိုလိုယူဆမှုသဘော သဘာဝတို့ တူညီသည်သာလျှင် ဖြစ်လေသည်၊ သာမညဖလ သုတ်၌ကား စတုတ္ထဈာန်မှ တကျွာခြားပြီး ‘ဝိပဿနာဉာဏ်’ များကို ပြဆိုဟောကြား ထားလေသည်၊ ဤသာမညဖလသုတ် သည် ပုဂ္ဂိုလ်ပဓာနကျသော သုတ်ဖြစ်သဖြင့် ပုဂ္ဂိုလ်ဟူသော အကြောင်းခံ အားလျော်စွာ ဟောကြားခြင်း ဖြစ်ပေမည်၊ ထို့ကြောင့်ပင် ပြဆိုခဲ့သောသုတ်တို့၏ ဒေသနာစဉ်များနှင့် ‘အကူး အစပ်’ ‘အဆုံးသပ်’တို့ မတူညီခြင်း ဖြစ်လေရာသည်။

ဤအရာ၌ ‘သာမညဖလသုတ်’ အားလျော်စွာသာ ရေးသား ပြဆိုရမည် ဖြစ်ပေသည်၊ (တပုဿသုတ် - နဝကနိပါတ- အင်္ဂုတ္တိုရ်) အရဆိုပါမူ လူပုဂ္ဂိုလ် သို့မဟုတ် ပုထုဇဉ် သမုတိ ရဟန်းပုဂ္ဂိုလ်သည် လောကဟူသော ကာမဂုဏ်တရားမှ ထွက် မြောက်မှု, လွတ်မြောက်မှု ငြိမ်းအေးမှုကို ကောင်းမြတ်ချမ်းသာ သည်ဟု သိနားလည်၍ စိတ်အကြံ ဖြစ်ကာမျှနှင့် ဆန္ဒရှိကာ မျှနှင့် သက်ဝင်မှုရှိသည် မဟုတ်ချေ၊ ကာမဂုဏ်တရားတို့၏ အပြစ်ကိုရှုကာ, လေ့လာကာ အပြစ်ကိုမြင်လျက် ထွက်မြောက်မှု ‘နေက္ခမ’၏ အကျိုးကိုလည်း ရှု၍၊ မှီလည်းမှီဝဲ၍၊ သို့မှသာ

ကာမတို့မှဆိတ်သော, ကင်းငြိမ်းသော, အကုသိုလ်တရားတို့မှ ဆိတ်သော ပဌမဈာန် စသည့် ဈာန်တရားသို့ သက်ဝင်လေ၏၊ ထိုဈာန်တရားတို့၌လည်း တပါးပါးသော ဈာန်၏အပြစ်ကို ရှုမြင်ဆင်ခြင်မှုလည်း တဆင့်ထက်တဆင့် သက်ဝင်မှုရှိသည်ဟု ဆိုလေသည်။

မည်သည့်ဈာန်တရားဖြစ်စေ ဈာန်တရား တပါးပါး၌ တည်လျက် လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော 'အရဟတ္တဖိုလ်' ကို ရောက်ရှိခံစားနိုင်လေသည်၊ (ဈာနသုတ်–နဝကနိပါတ–အင်္ဂုတ္တိုရ်) အလိုအားဖြင့် ထို(မိမိ သက်ဝင်ရောက်ရှိသော) ဈာန်၌ပါဝင်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တရားတို့ကို အနိစ္စသဘောဖြင့်, ဒုက္ခသဘောဖြင့်, ရောဂါသဘောဖြင့်, အိုင်းအမာသဘောဖြင့်, ငြောင့်'တံကျင်' သဘောဖြင့်, ကင်းဆိတ်ခြင်း 'သုည' သဘော ဖြင့်, အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏၊ ထိုရဟန်းသည် ထိုတရား တို့မှ စိတ်ကိုနှစ်စေ၏၊ ထိုတရားတို့မှ စိတ်ကိုနှစ်စေ၍ ပြုပြင်မှု အားလုံးငြိမ်းရာ, ဥပဓိအားလုံးကိုစွန့်ရာ, တဏှာကုန်ရာ, ရာဂ ကင်းရာ, ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်သည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏ဟု အမြိုက်ဓာတ် (နိဗ္ဗာန်) သို့ စိတ်ကို ရှေးရှုဆောင်၏၊ ထိုရဟန်းသည် ထိုဈာန်တရားတို့၌ တည်လျက် အာသဝေါတရားတို့၏ကုန်ရာ အရဟတ္တဖိုလ် သို့ရောက်၏။

ဗုဒ္ဓသည် ဤအရာ၌ ဥပမာအားဖြင့် ပြတော်မူသည်မှာ လေးသမားသည်ရင်း, လေးသမား၏ တပည့်သည်ရင်း, မြက် ဖြင့်ပြုလုပ်သော ယောကျ်ားရုပ်၌ဖြစ်စေ, မြေရုပ်ပုံ၌ဖြစ်စေ လေ့ကျင့်မှုကိုပြု၍ ထိုသူသည် နောင်အခါ၌ အဝေးသို့ ပစ်စွမ်း

နိုင်သူ၊ တည့်တည့်ပစ်နိုင်သူ၊ ကြီးကျယ်သော အထည်တို့ကို ဖောက်ခွဲနိုင်သူ ဖြစ်၏၊ ထိုအတူ ရဟန်းသည် ကာမတို့မှ ဆိတ်ခြင်း၊ အကုသိုလ်တရားတို့မှ ဆိတ်ခြင်းကြောင့် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော 'နိဝရဏ' ဆိတ်ခြင်းကြောင့် မိမိလေ့လာအပ်သော အလေ့အလာ အားလျော်စွာ ပဌမဈာန် စသည်သို့ရောက်၍ နေလေသည်။

တနည်းအားဖြင့် လေးအတတ်ကို လေ့ကျင့်သင်ကြားလိုသောသူသည် ဦးစွာအစ၌ မြက်ဖြင့်ပြုလုပ်အပ်သော ပစ်မှတ်ရုပ်တို့မှ စပြီး လေ့ကျင့်သင်ကြားရ၏၊ ထိုလေ့ကျင့်မှု ကောင်းစွာ တတ်မြောက်သောအခါ တကယ့်ပစ်မှတ်များ ပစ်ကွင်းများကို ကောင်းစွာ ပစ်စွမ်းနိုင်လေသည်၊ ထို့အတူ ရဟန်းသည်လည်း ဈာန်တရားတို့၌ ကောင်းစွာလေ့လာ ကျင့်သုံးပြီးသည်အား လျော်စွာ ပွားများဆင်ခြင်သော အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်ခြင်း ဖြစ်၏။

(လောကာယတိကသုတ်-နဝကနိပါတ်-အင်္ဂုတ္တိုရ်) အလို အားဖြင့် 'အရဟတ္တဖိုလ်' သို့မဟုတ် 'နိရောဓသမာပတ်' သို့ မရောက်ရှိသေးပဲ ဤဈာန်တရားတို့၌ ရောက်နေသော ရဟန်းကို "လောက၏အဆုံးသို့ လာရောက်၍ လောက၏အဆုံး၌ နေ၏"ဟု ဆိုအပ်၏၊ အခြားသူတို့သည် ထိုရဟန်းကို "ဤသူသည်လောက၌ အကျုံးဝင်၏၊ ဤသူသည်လောကမှ မထွက်မြောက်သေး'ဟု ဆိုကုန်၏၊ မိမိ(ဗုဒ္ဓ)သည်လည်း'ဤသူသည်လောက၌အကျုံးဝင်၏၊ လောကမှမထွက်မြောက်သေး' ဟု ဆိုသည်သာ ဖြစ်၏၊ ဆိုလို

သည်ကား ဈာန်တရားများသို့ ရောက်နေသော ရဟန်းသည် လောကမှ မထွက်မြောက်သေးသောသူသာ ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်လေသည်။

ရဟန်းသည် ထူးသော ဉာဏ်အမြင်များကို မျက်မှောက်ပြုရန် စိတ်ကိုညွတ်စေခြင်း, သက်ဝင်စေခြင်း စသည်တို့သည် အလေ့အလာ ပြုပြီးအပ်သော ဈာန်တရားများတို့ အဓိက ဖြစ်လေသည်၊ မိမိကောင်းစွာ လေ့လာပွားများပြီးသော ဈာန်တရားတို့ အားလျော်စွာ ကြီးကျယ်နက်နဲ၍ နှိုင်းဆနိုင်မှု မရှိသော သမာဓိတရားဖြင့် မိမိမျက်မှောက်ပြုလိုသော ဉာဏ်အမြင်များသို့ စိတ်ကိုညွတ်စေခြင်း, သက်ဝင်စေခြင်း, ကိုင်းရှိုင်းစေခြင်း တို့ဖြင့် သက်သေထိုက်သည်၏ အဖြစ်သို့ ရောက်စေခြင်း ဖြစ်လေသည်၊ ဤသဘောတရားကို ပိဋကတ်၌ ဤသို့သော အခြင်းအရာဖြင့် ပြဆိုထားလေသည်။

"ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထိုထိုဈာန်ကိုသာ လျှင် ဝင်စားလည်းဝင်စား၏၊ ဈာန်မှ ထလည်းထ၏၊ ထို ရဟန်း၏စိတ်သည် နူးညံ့၏၊ ပြေ့ပြောင်း၏၊ နူးညံ့ပြေ့ပြောင်း သော စိတ်ဖြင့် အတိုင်းအရှည် ပမာဏမရှိသော သမာဓိသည် ပွားစေအပ်ပြီး ဖြစ်၏၊ ထိုရဟန်းသည် အတိုင်းအရှည် ပမာဏ မရှိသော, ကောင်းစွာ ပွားအပ်ပြီးသော သမာဓိဖြင့် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုသင့်သောတရားကို ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုရန် စိတ်ကိုညွတ်စေ၏၊ (ရှေး အကြောင်းနှင့် ပစ္စုပ္ပန် အဘိညာဉ်၏အခြေခံ ဈာန်ဟူသော)

အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏ အဖြစ် (အဘိညာဉ်)သို့ ရောက်ရ၏"။ (ဂါဝီဥပမာသုတ်- နဝကနိပါတ-အင်္ဂုတ္တိုရ်)။

ရဟန်းတို့၏ အဘိညာဉ်သို့ သက်ရောက်သော သဘော တရားသည် နက်ရှိုင်းခက်ခဲလှသည်၊ ကျွန်ုပ်တို့၏ စိန္တာမယ ဉာဏ်ဖြင့်ရင်း, တက္ကဆန်သော အတွေးအခေါ် အယူအဆတို့ ဖြင့်ရင်း, ရေးသားခြင်းတို့သည် လျော်သည် မဟုတ်ပါချေ။

# ဉာဏ်အမြင်နှင့် အသိညာဉ်တန်ခိုးများ

ဗုဒ္ဓသည် အဇာတသတ်မင်းအား စတုတ္ထချာန်သို့ တိုင်အောင်သော ဈာန်တရားလေးပါးတို့ကို ဟောကြားသော်မူလေသည်၊ အဇာတသတ်မင်းအနေဖြင့် ဤဈာန်တရားများသည် ထူးမြတ်သောအကျိုးကို ဖြစ်စေနိုင်သည်၊ သို့မဟုတ် ဗြဟ္မာ့ပြည်သို့ ရောက်စေခြင်း၏ အခြေခံတရား ဖြစ်မည်ဟု ထင်ကောင်းထင်ပေမည်၊ ဤသို့သော ပွားများမှုများကို အခြားသော 'သမဏ' 'ဗြဟ္မဏ'များနှင့် အချို့သော 'ပရိဗိုဇ်' တို့ ပွားများကြသည့် အကြောင်းကို အဇာတသတ်မင်း သတိမူမိပေသည်။

ထိုစဉ်က ၎င်း၏နေပြည်တော် ရာဇဂြိုဟ်သည် ဘာသာရေး ပုဂ္ဂိုလ်အမျိုးမျိုးနှင့် အယူဝါဒအမျိုးမျိုးတို့ ပေါင်းဆုံစုဝေးရာ နေရာဌာနကြီးတခု ဖြစ်လေသည်၊ အခြားသော ဂိုဏ်းဂဏ အယူဝါဒတို့နှင့်မတူပဲ 'အလယ်အလတ်လမ်းစဉ်'(မဇ္ဈိမပဋိပဒါ) ဖြင့် ဗုဒ္ဓသည် ရာဇဂြိုဟ်တွင် ထင်ပေါ်ကျော်ကြားခဲ့လေသည်၊ ဗုဒ္ဓဂေါတမသည် များသောအားဖြင့် ယူဆယုံကြည်ကြသော 'အတ္တ'အယူအဆကို ချေဖျက်ကာ 'အနတ္တ' အယူအဆဖြင့် ထင်ရှားခဲ့လေသည်၊ ဗုဒ္ဓဂေါတမ၏ အယူအဆသည် အခြားသော အယူဝါဒများနှင့် မတူညီသည်ကို သိသော အဇာတသတ်မင်းသည် အဆုံးသို့ မရောက်သေးသော 'ရဟန်းဖြစ်ကျိုး'ကို အာရုံပြုနေမိ၏။

## ဝိပဿနာဉာဏ် (၁)

"မင်းကြီး—တဖန် ထိုပြင်လည်း ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေးမရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုပြင်ခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် 'ဝိပဿနာဉာဏ်'အမြင် အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် ဤသို့ သိ၏"—

ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်း မုံ့တို့ဖြင့် ကြီးပွား၏၊ မမြဲခြင်း, ပွတ်သပ်ပြုပြင်ပေးရခြင်း, ဆုပ်နယ်ပေးရခြင်း, ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤကိုယ်၌ မှီတွယ်၏၊ ဤကိုယ်၌ ဆက်စပ်၏"။

"မင်းကြီး-ဥပမာသော်ကား အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာပြုပြင်ပြီး ဖြစ်သော အရည်ကောင်းသော အထူးကြည်လင်သော နောက်ကျုခြင်းကင်းသော အခြင်းအရာ အားလုံးနှင့် ပြည့်စုံသော ဝေဠုရိယ ကြောင်မျက်ရွဲ ရတနာသည် ရှိရာ၏၊ ထိုရတနာ၌ ညိုသောချည်ကိုသော်၎င်း, ဝါသော ချည်ကိုသော်၎င်း, နီသောချည်ကိုသော်၎င်း, ဖြူသော ချည်ကိုသော်၎င်း, ဝါဖြော့သော ချည်ကိုသော်၎င်း,

တတ်ထားရာ၏၊ ထိုဝေဠုရိယ ကြောင်မျက်ရွဲရတနာကို မျက်စိအမြင်ရှိသော ယောကျ်ားသည် လက်၌ တင်ထား၍ ဤသို့ ဆင်ခြင်ရာ၏”။

ဤကြောင်မျက်ရွဲ ရတနာသည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မြှောင့်ရှိ၏၊ ကောင်းစွာ ပြုပြင်ပြီး ဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုခြင်း ကင်း၏၊ အခြင်းအရာအားလုံးနှင့် ပြည့်စုံ၏၊ ဤကြောင်မျက်ရွဲရတနာ၌ ဤညိုသောချည်ကို တတ်ထား၏ ဟူ၍ရင်း၊ ဤဝါသော ချည်ကို တတ်ထား၏ ဟူ၍ရင်း၊ ဤနီသောချည်ကို တတ်ထား၏ ဟူ၍ရင်း၊ ဤဖြူသော ချည်ကို တတ်ထား၏ဟူ၍ရင်း၊ ဤဝါဖြော့သော ချည်ကို တတ်ထား၏ဟူ၍ရင်း ဆင်ခြင်ရာ၏”။

“မင်းကြီး- ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုပြင်ခြင်းငှာ သင့်လျော် လတ်သော်၊ တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် ဝိပဿနာဉာဏ် အမြင်အလို့ငှာ စိတ်ကိုရှေးရှုပို့ဆောင်စေ၏၊ ရှေးရှုးညွတ်စေ၏၊ ထိုရဟန်းသည် ဤသို့သိ၏”-

ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်းမုံ့တို့ဖြင့် ကြီးပွား၏၊ မမြဲခြင်း၊ ပွတ်သတ်ပြုပြင်ပေးရခြင်း၊

ဆုပ်နယ်ပေးရခြင်း, ပြိုကွဲခြင်း ပျက်စီးခြင်းသဘော ရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤကိုယ်၌မှီတွယ်၏၊ ဤကိုယ်၌ ဆက်စပ်၏"။

"မင်းကြီး- ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

## မနောမယိဒ္ဓိဉာဏ် (၂)

"မင်းကြီး-ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေး မရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် စိတ်ဖြင့် ပြီးသော ကိုယ်ကို ဖန်ဆင်းခြင်း 'မနောမယိဒ္ဓိဉာဏ်'အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် ဤမိမိကိုယ်မှ ကပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏"။

"မင်းကြီး- ဥပမာသော်ကား ယောကျ်ားသည် ပြူဆံမြက်မှ အညွန့်တံကို နှုတ်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏"-

ဤသည်ကား ဖြူဆံမြက်တည်း၊ ဤသည်ကား အညွန့်တံဘည်း၊ ဖြူဆံမြက်ကား တခြား၊ အညွန့်တံကား တခြားတည်း၊ ဖြူဆံမြက်မှသာလျှင် အညွန့်တံကို နှုတ်ထား၏”ဟု အကြံ ဖြစ်ရာ၏။

“မင်းကြီး-ဥပမာ တမျိုးသော်ကား ယောကျ်ားသည် သန်လျက်ကို အအိမ်မှ ထုတ်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏”-

“ဤသည်ကား သန်လျက်တည်း၊ ဤသည်ကား အအိမ်တည်း၊ သန်လျက်ကား တခြား၊ အအိမ်ကာ တခြားတည်း၊ အအိမ်မှသာလျှင် သန်လျက်ကိုထုတ်ထား၏ဟုအကြံဖြစ်ရာ၏”

“မင်းကြီး-ဥပမာတမျိုးသော်ကား ယောကျ်ားသည် အရေခွံမှ မြွေကို ထုတ်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံ ဖြစ်ရာ၏”-

ဤသည်ကား မြွေတည်း၊ ဤသည်ကား အရေဘည်း၊ မြွေကား တခြား၊ အရေကား တခြားတည်း၊ အရေခွံမှသာ မြွေကို ထုတ်ထား၏”ဟု အကြံ ဖြစ်ရာ၏။

“မင်းကြီး-ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေးမရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုပြင်ခြင်းငှာ သင့်လျော် လတ်သော်, တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် စိတ်ဖြင့်ပြီးသော ကိုယ်ကိုဖန်ဆင်း

ခြင်းငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုး ညွတ်စေ၏၊ ထိုရဟန်းသည် ဤမိမိကိုယ်မှ တပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်အလုံးစုံရှိသော ဣန္ဒြေ မချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏"။

## ဣဒ္ဓိဝိဓဉာဏ် (၃)

"မင်းကြီး-ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ် လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုခြင်းငှာ သင့်လျော်လတ်သော်၊ တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓ' ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏-

ထိုရဟန်းသည် များပြားသော တန်ခိုး ဖန်ဆင်း ခြင်းကို ပြီးစေ၏၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက် ရှိခြင်းမှလည်း တယောက်ထည်း ဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားလည်း ဖြစ်စေ၏၊ ကိုယ်ကိုပျောက်ကွယ်စေ၏၊နံရံတဖက်၊ တံတိုင်း တဖက်၊ တောင်တဖက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုတ်ခြင်း၊ ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အဘောင်

ရှိသော ငှက်ကဲ့သို့သွား၏၊ ဤတန်ခိုးကြီးကုန်သော၊ ဤသို့အာနုဘော်ကြီးကုန်သော၊ ဤ လ-နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင် လည်း မိမိအလိုအတိုင်း ဖြစ်စေ၏"။

"မင်းကြီး- ဥပမာသော်ကား ကျွမ်းကျင်သော အိုးထိန်းသည်ရင်း၊ အိုးထိန်း၏ တပည့်သည်ရင်း မြေကို ညက်စွာ နယ်ပြီးလတ်သော် အလိုရှိရာ အိုးခွက်အမျိုးမျိုး ကိုပြုလုပ်ရာ၏၊ ပြီးစေရာ၏"။

"မင်းကြီး-ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ဆင်စွယ်ပန်းပုသည်ရင်း၊ ဆင်စွယ်ပန်းပု၏ တပည့်သည် ရင်း ဆင်စွယ်ကို ကောင်းစွာပြုပြီးလတ်သော် အလိုရှိရာ ဆင်စွယ်ထည်တို့ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏"။

"မင်းကြီး-ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ရွှေပန်းတိမ်သည်ရင်း၊ ရွှေပန်းတိမ်၏ တပည့်သည်ရင်း ရွှေကိုကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာ ရွှေထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏"။

"မင်းကြီး-ဤအတူ ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိ လတ်သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးညံ့ လတ်သော်၊ ပြုခြင်းငှာ သင့်လျော်လတ်သော်၊ တည်တံ့ လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓဉာဏ်' အလို့ငှာ စိတ်ကိုရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏"-

ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြုံးစေ၏၊ တယောက်ထည်းဖြစ်လျက်လည်း အများ ဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်ထည်းဖြစ်လာ၏၊ ကိုယ်ကိုထင်ရှားဖြစ်စေ၏၊ ကိုယ်ကို ပျောက်ကွယ်စေ၏၊ နံရံတဖက်၊ တံတိုင်းတဖက်၊ တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့သွား၏၊ မြေ၌လည်းငုပ်ခြင်း၊ ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော၊ ဤသို့အာနုဘော်ကြီးကုန်သော ဤလ-နေတို့ကိုလည်း လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏"။

"မင်းကြီး— ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း"။

## ဒိဗ္ဗသောတဉာဏ် (၄)

"မင်းကြီး-ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊နူးညံ့လတ်သော်၊ပြုခြင်းငှာသင့်လျော်လတ်သော်၊ တည်တံ့တတ်သော်၊ မတုန်လှုပ်

ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် 'ဒိဗ္ဗသောတ' ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏"။

ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော, လူတို့၏နားထက် သာလွန်သော, နတ်တို့၏ နားနှင့် တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့်နတ်၌လည်းဖြစ်ကုန်သော, လူ၌လည်းဖြစ်ကုန်သော, ဝေးသည်လည်းဖြစ်ကုန်သော, နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသောအသံတို့ကို ကြားရ၏"။

"မင်းကြီး— ဥပမာသော်ကား ခရီးရှည်သွားသော ယောကျ်ားသည် စည်ကြီးသံ, မုရိုးစည်သံ, ခရုသင်းသံ, ထက်စည်သံ, ပတ်သာသံ များကို ကြားရာ၏၊ ထိုယောကျ်ားသည် ဤသို့ သိရာ၏၊ "ဤကား စည်ကြီးသံ, ဤကား မုရိုးစည်သံ, ဤကား ခရုသင်းသံ, ဤကား ထက်စည်သံ, ဤကား ပတ်သာသံတည်း" ဟု သိရာ၏။

"မင်းကြီး— ဤအတူ ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့်နတ်၌လည်း ဖြစ်ကုန်သော, လူ၌လည်းဖြစ်ကုန်သော, ဝေးသည်လည်း ဖြစ်ကုန်သော, နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏"။

"မင်းကြီး— ဤသည်လည်း ရှေးဖြစ်ကုန်သော, ကိုယ်တိုင်သိမြင်ရသော, ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်း ဖြစ်သော, ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

## စေတောပရိယဉာဏ် (၅)

"မင်းကြီး-ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်,ညစ်ကြေး မရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်, ထိုရဟန်းသည် သူတပါးတို့၏စိတ်ကို ပိုင်းခြား၍သိသော 'စေတော ပရိယ'ဉာဏ်အလို့ငှာ, စိတ်ကိုရှေးရှုး ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏"။

ထိုရဟန်းသည် တပါးသောသတ္တဝါ, တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိ၏၊ တပ်မက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ကိုလည်း တပ် မက်ခြင်း'ရာဂ'နှင့်တကွသောစိတ်ဟုသိ၏၊ တပ်မက်ခြင်း 'ရာဂ'ကင်းသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' ကင်းသောစိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း'ဒေါသ'နှင့် တကွသောစိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'နှင့်

တကွသော စိတ်ဟုသိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသောစိတ်ဟုသိ၏၊ တွေဝေခြင်း 'မောဟ'နှင့် တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ'နှင့် တကွသောစိတ်ဟုသိ၏၊ တွေဝေခြင်း'မောဟ'ကင်းသော စိတ်ကိုလည်း တွေဝေခြင်း'မောဟ'ကင်းသော စိတ်ဟု သိ၏၊ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော 'သံခိတ္တ'စိတ်ဟု သိ၏၊ ပျံ့သော 'ဝိက္ခိတ္တစိတ်' ကိုလည်း ပျံ့သော 'ဝိက္ခိတ္တစိတ်'ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်စိတ်' ကိုလည်း မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်စိတ်'ဟု သိ၏၊ မြတ်သည်၏အဖြစ်သို့မရောက်သော'အမဟဂ္ဂုတ်စိတ်'ကိုလည်း မြတ်သည်၏အဖြစ်သို့မရောက်သော 'အမဟဂ္ဂုတ်စိတ်'ဟု သိ၏၊ သာလွန်သောတရားရှိသော'သဥတ္တရစိတ်'ကိုလည်း သာလွန်သော တရားရှိသော 'သဥတ္တရစိတ်'ဟု သိ၏၊ သာလွန်သော တရားမရှိသော 'အနုတ္တရစိတ်'ကိုလည်း သာလွန်သောတရားမရှိသော 'အနုတ္တရစိတ်'ဟု သိ၏၊ တည်ကြည်သော 'သမာဟိတစိတ်'ကိုလည်း တည်ကြည်သော 'သမာဟိတစိတ်ဟု သိ၏၊ မတည်ကြည်သော 'အသမာဟိတစိတ်'ကိုလည်း မတည်ကြည်သော'အသမာဟိတစိတ်'ဟု သိ၏၊ လွတ်မြောက်သော 'ဝိမုတ္တစိတ်' ကိုလည်း လွတ်မြောက်သော 'ဝိမုတ္တစိတ်'ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တစိတ်'ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တစိတ်'ဟု သိ၏"။

"မင်းကြီး—ဥပမာသော်ကား ငယ်ရွယ်သော, အလှပြင်လေ့ရှိသော, မိန်းမပျိုသည်၎င်း, ယောကျ်ားပျိုသည်၎င်း, သန့်ရှင်းဖြူစင်သော မှန်၌ဖြစ်စေ, ကြည်လင်သော ရေခွက်၌ဖြစ်စေ, မိမိ၏မျက်နှာရိပ်ကို ကြည့်ရှုလတ်သော် အပြောက်အစွန်း ရှိသည်ကို အပြောက်အစွန်း ရှိ၏ဟု သိရာ၏၊ အပြောက်အစွန်း မရှိသည်ကို အပြောက်အစွန်း မရှိဟု သိရာ၏"။

"မင်းကြီး— ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေးမရှိလတ်သော်, ညစ်ညူးခြင်းကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်,မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် သူတပါးတို့၏ စိတ်ကိုပိုင်းခြား၍သိသော 'စေတောပရိယဉာဏ်' အလို့ငှာ စိတ်ကိုရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏"။

ထိုရဟန်းသည် တပါးသောသတ္တဝါ, တပါးသော ပုဂ္ဂိုလ်၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိ၏၊ တပ်မက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ'ကင်းသောစိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ'ကင်းသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ'နှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း ဒေါသ'နှင့်တကွသောစိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း

'ဒေါသ'ကင်းသော စိတ်ဟု သိ၏၊ တွေ့ဝေခြင်း 'မောဟ'နှင့်တကွသော စိတ်ကိုလည်း တွေ့ဝေခြင်း 'မောဟ'နှင့်တကွသော စိတ်ဟု သိ၏၊ တွေ့ဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း တွေ့ဝေခြင်း 'မောဟ'ကင်းသော စိတ်ဟု သိ၏၊ ကျုံ့သော 'သံခိတ္တစိတ်'ကိုလည်း ကျုံ့သော 'သံခိတ္တစိတ်'ဟု သိ၏၊ ပျံ့သော'ဝိက္ခိတ္တစိတ်'ကိုလည်း ပျံ့သော 'ဝိက္ခိတ္တစိတ်'ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်စိတ်'ကိုလည်း မြတ်သည်အဖြစ်သို့ရောက်သော'မဟဂ္ဂုတ်စိတ်ဟု သိရ၏၊ မြတ်သည်အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်စိတ်'ကိုလည်း မြတ်သည်အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်စိတ်'ဟု သိ၏၊ သာလွန်သောတရားရှိသော 'သဥတ္တရစိတ်'ကိုလည်း သာလွန်သော တရားရှိသော 'သဥတ္တရစိတ်'ဟု သိ၏၊ သာလွန်သောတရားမရှိသော 'အနုတ္တရစိတ်ကိုလည်း သာလွန်သောတရားမရှိသော 'အနုတ္တရစိတ်'ဟု သိ၏၊ တည်ကြည်သော 'သမာဟိတစိတ်'ကိုလည်း တည်ကြည်သော 'သမာဟိတစိတ်'ဟု' သိ၏၊ မတည်ကြည်သော 'အသမာဟိတစိတ်' ကိုလည်း မတည်ကြည်သော 'အသမာဟိတစိတ်'ဟု သိ၏၊ လွတ်မြောက်သော ဝိမုတ္တစိတ်'ကိုလည်း လွတ်မြောက်သော ဝိမုတ္တစိတ်'ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တစိတ်'ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တစိတ်'ဟု သိ၏"။

"မင်းကြီး- ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၆)

"မင်းကြီး- ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေးမရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်,တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော် 'ပုဗ္ဗေနိဝါသာ နုဿတိ'ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသောရှေး၌ ဖြစ်ဘူးသောဘဝတို့ကိုအောက်မေ့၏၊ ဤသည်တို့ကား အဘယ်နည်း"-

တဘဝကိုရင်း, နှစ်ဘဝကိုရင်း, သုံးဘဝကိုရင်း, လေးဘဝကိုရင်း, ငါးဘဝကိုရင်း, ဆယ်ဘဝတို့ကိုရင်း, ဘဝနှစ်ဆယ်တို့ကိုရင်း, ဘဝသုံးဆယ်တို့ကိုရင်း, ဘဝလေးဆယ်တို့ကိုရင်း, ဘဝငါးဆယ်တို့ကိုရင်း, ဘဝဘရာကိုရင်း, ဘဝတထောင်ကိုရင်း, ဘဝတသိန်းကိုရင်း

ဘဝရာပေါင်းများစွာတို့ကိုရှင်း, ဘဝထောင်ပေါင်းများစွာတို့ကိုရှင်း, တသိန်းပေါင်း များစွာ တို့ကိုရှင်း များပြားသော ပျက်ကပ်တို့ကိုရှင်း, များပြားသော ဖြစ်ကပ်တို့ကိုရှင်း, များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရှင်း, ဤမည်သောဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏-ဟု ဤသို့ အခြင်းအရာနှင့်တကွသော ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏"။

"မင်းကြီး- ဥပမာသော်ကား ယောကျ်ားသည် မိမိရွာမှ တပါးသော ရွာသို့ သွားရာ၏၊ ထိုရွာမှလည်း တပါးသော ရွာသို့ သွားရာ၏၊ ထိုယောကျ်ားသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏-

"ငါသည် မိမိရွာမှ ဤမည်သော ရွာသို့သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ရပ်ခဲ့၏၊ ဤသို့ထိုင်ခဲ့၏၊ ဤသို့

ပြောသိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုရွာမှလည်း ဤမည်သော ရွာသို့သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထို့ငါသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာ၏”ဟု အကြံဖြစ်ရာ၏။

“မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်,ညစ်ကြေးမရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်,တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော ‘ပုဗ္ဗေနိဝါသာနုဿတိ’ဉာဏ် အလို့ငှာ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်တို့ကား အဘယ်နည်း”-

တဘဝကိုရင်း, နှစ်ဘဝကိုရင်း, သုံးဘဝတို့ကိုရင်း, လေးဘဝတို့ကိုရင်း, ငါးဘဝတို့ကိုရင်း, ဆယ်ဘဝတို့ကိုရင်း, ဘဝနှစ်ဆယ်တို့ကိုရင်း, ဘဝသုံးဆယ်တို့ကိုရင်း, ဘဝ လေးဆယ်တို့ကိုရင်း, ဘဝ ငါးဆယ်တို့ကိုရင်း, ဘဝ တရာကိုရင်း, ဘဝတထောင်ကိုရင်း, ဘဝတသိန်းကိုရင်း, ဘဝရာပေါင်းများစွာတို့ကိုရင်း, ဘဝထောင်ပေါင်းများစွာတို့တိုရင်း, ဘဝသိန်းပေါင်းများတို့ကိုရင်း, များပြားသော ပျက်ကပ်တို့ကိုရင်း, များပြားသော ဖြစ်ကပ်တို့ကိုရင်း, များပြားသော

ပျက်ကပ်ဖြစ်ကပ်တို့ကိုရင်း, ဤမည်သောဘဝ၌ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သောအနွယ် ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သောအမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သောအသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ဖြစ်ပြန်၏'ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ်အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့၏"။

"မင်းကြီး–ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော၊ သာ၍ မွန်မြတ်သည်လည်း ဖြစ်သော၊ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း"။

## စုတူပပါတဉာဏ် (၇)

"မင်းကြီး–ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေးမရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်, ထို

ရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ် အလို့ငှာ စိတ်ကို ရှေးရှုး ပို့ဆောင်၏၊ ရှေးရှုးညွတ်စေ၏၊ ထိုရဟန်းသည် အထူး သဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန် သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ၊ဖြစ်ပေါ်ဆဲသတ္တဝါ၊ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်း မလှသောသတ္တဝါ၊ ကောင်းသော လားရာရှိသော သတ္တဝါ၊ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်ဆဲ သတ္တဝါတို့ကို သိ၏"။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်နှင့် ပြည့်စုံ ကုန်၏၊ နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသောမကောင်း သော အကျင့်'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊အရိယာ တို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊မှားသော အယူဖြင့် ပြုသောကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာ ကင်းသော၊ မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ဖယိုဖရဲကျ၍ 'ဒုဂ္ဂတိ'၌ ဖြစ်ပေါ်ကုန်၏။

"အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော ကောင်းသော အကျင့်

'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသောအကျင့်'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထိုသတ္တဝါတို့ သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ'သုဂတိ'၌ ဖြစ်ပေါ်ကုန်၏"။

"မင်းကြီး ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော, နတ်မျက်စိနှင့် တူသော, 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ,ဖြစ်ပေါ် ဆဲသတ္တဝါ, ယုတ်သောသတ္တဝါ, မြတ်သောသတ္တဝါ, အဆင်းလှသောသတ္တဝါ, အဆင်း မလှသောသတ္တဝါ, ကောင်းသောလားရာရှိသော သတ္တဝါ, မကောင်းသော လားရာရှိသော သတ္တဝါတို့ကို သိ၏"။

"မင်းကြီး ဥပမာသော်ကား လမ်းဆုံ အလယ်၌ ပြာသာဒ်ရှိရာ၏၊ ထိုပြာသာဒ်ထက်၌ ရပ်လျက်နေသော မျက်စိအမြင်ရှိသော ယောကျ်ားသည် အိမ်သို့ ဝင်ကုန် သော, အိမ်မှထွက်ကုန်သော, လမ်းမ၌ လမ်းလျှောက် သွားလာနေကုန်သော, လမ်းဆုံအလယ်၌ ထိုင်နေကုန် သော လူတို့ကို မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏"။

"ဤလူတို့သည် အိမ်သို့ဝင်ကုန်၏၊ ဤသူတို့သည် အိမ်မှ ထွက်ကုန်၏၊ဤသူတို့သည် လမ်းမ၌ လမ်းလျှောက်သွား လာနေကုန်၏၊ ဤလူတို့သည် လမ်းဆုံအလယ်၌ ထိုင်နေ ကုန်၏"။

"မင်းကြီး ဤအတူ ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေး မရှိလတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ရောက်လတ်သော်, ရဟန်းသည် သတ္တဝါတို့၏ သေခြင်းဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ' ဉာဏ်အလို့ငှာ စိတ်ကိုရှေးရှုပို့ဆောင်စေ၏၊ ရှေးရှုညွတ်စေ၏၊ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ, ဖြစ်ပေါ်ဆဲသတ္တဝါ, ယုတ်သောသတ္တဝါ, မြတ်သော သတ္တဝါ,အဆင်းလှသော သတ္တဝါ, အဆင်းမလှသော သတ္တဝါ, ကောင်းသော လားရာရှိသော သတ္တဝါ, မကောင်းသော လားရာရှိသော သတ္တဝါတို့ကိုမြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကိုသိ၏။"

"အချင်းတို့....ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊စိတ်ဖြင့်ပြုသောမကောင်းသောအကျင့်'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊မှားသော အယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ

ကင်းသော မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာ၊ ဖယိုဖရဲကျ၍ 'ဒုဂ္ဂတိ'၌ ဖြစ်ပေါ်ကုန်၏။

"အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့်'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ ရောက်၍ ကောင်းသော လားရာ'သုဂတိ'၌ ဖြစ်ပေါ်ရကုန်၏"။

"မင်းကြီး-ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ၊ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်သောသတ္တဝါ၊ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကောင်းသောလားရာရှိသောသတ္တဝါ၊ မကောင်းသော လားရာရှိသောသတ္တဝါ တို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်ဆဲ သတ္တဝါတို့ကို သိ၏"။

"မင်းကြီး-ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော၊ ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော၊ သာ၍မွန်မြတ်သည်လည်းဖြစ်သော၊ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း"။

## အာသဝက္ခယဉာဏ် (၈)

"မင်းကြီး-ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေးကင်းလတ်သော်, ညစ်ညူးခြင်းကင်းလတ်သော်, နူးညံ့လတ်သော်, ပြုခြင်းငှာ သင့်လျော်လတ်သော်, တည်တံ့လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်, ထိုရဟန်းသည် အာသဝတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှာ စိတ်ကိုရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏"။

"ထိုရဟန်းသည် ဤကား ဆင်းရဲ၏ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲခြင်း ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား 'အာသဝ'တို့ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား အာသဝတို့ချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏ ဤသို့သိသော, ဤသို့ မြင်သော ထိုရဟန်း၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်

ပြီးလတ်သော် လွှတ်မြောက်လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စအလို့ငှာ တပါးသော ပြုဘွယ်မရှိတော့ပြီ'ဟု သိ၏"

"မင်းကြီး-ဥပမာသော်ကား တောင်ဝှမ်း၌ ကြည်လင် သန့်ရှင်း နောက်ကျုကင်းသော ရေအိုင်သည်ရှိရာ၏၊ မျက်စိအမြင်ရှိသော ယောကျာ်းသည် ထိုရေအိုင်၏ ကမ်း၌ရပ်လျက် ခရု, ယောက်သွား, ကျောက်စရစ်, အိုးချမ်း, ငါးအပေါင်းတို့ သွားကြသည်ကိုရင်း, ရပ်တည်ကြသည်ကိုရင်း မြင်ရာ၏၊ ထိုယောကျာ်းအား ဤသို့အကြံဖြစ်ရာ၏"။

"'ဤရေအိုင်သည် ကြည်လင်သန့်ရှင်း နောက်ကျု ကင်း၏၊ ထိုရေအိုင်၌ ဤခရု ယောက်သွား ကျောက် စရစ် အိုးချမ်း ငါးအပေါင်းတို့ သွားလည်းသွားကြ၏၊ ရပ်တည်လည်း ရပ်တည်ကြ၏"ဟု အကြံဖြစ်၏။

"မင်းကြီး-ဤအတူ ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်, ဖြူစင်လတ်သော်, ညစ်ကြေး ကင်း လတ်သော်, ညစ်ညူးခြင်း ကင်းလတ်သော်, နူးညံ့ လတ်သော်, ပြုခြင်းငှာသင့်လျော်လတ်သော်, တည်တံ့ လတ်သော်, မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်၊ ထိုရဟန်းသည် အာသဝတို့ကိုကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုး ပို့ဆောင်၏၊ ရှေးရှုး ညွတ်စေ၏"။

"ထိုရဟန်းသည် ဤကားဆင်းရဲဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝသို့ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန် သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့သိသော ဤသို့ မြင်သော ထိုရဟန်း၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက် ပြီးလတ်သော် လွတ်မြောက်လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏"။

"မင်းကြီး- ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော၊ သာ၍မွန်မြတ်သည်လည်း ဖြစ်သော၊ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

"မင်းကြီး— ဤကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးထက် သာ၍လွန်ကဲသည်လည်း ဖြစ်သော, သာ၍ မွန်မြတ်သည်လည်း ဖြစ်သော, တပါးသော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည်ကား မရှိတော့ပြီ"ဟု ဗုဒ္ဓသည် မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဟောတော်မူလေသည်။

* * *

# အဘိညာဉ်တန်ခိုးနှင့် အမြင်သဘော

ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဗုဒ္ဓဟောကြားတော်မူသော ရဟန်းပြုခြင်း, ရဟန်းဖြစ်ခြင်း၏ မျက်မှောက်ဘဝ၌ မရှိအပ်သော အကျိုးတရားများကို ကောင်းစွာ နာယူမှတ်သားလေသည်၊ ဗုဒ္ဓဝါဒ၏ ရဟန်းဖြစ်ကျိုး တရားများသည် ဤသာမညဖလသုတ် အရာ၌ ပြီးပြည့်စုံပြီဖြစ်လေသည်၊ အားလုံးကို ခြုံငုံပြီးသုံးသပ်ဆင်ခြင်ပါက ကျွန်ုပ်တို့ တခုနားလည်သိရှိရသည်ကား ရဟန်းဖြစ်ခြင်း၏ အကျိုးကို ဗုဒ္ဓသည် မျက်မှောက်ဘဝတွင်သာ ဟောကြားထားသည် ဟူသောအကြောင်း ဖြစ်လေသည်၊ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက် ဟူသော အခြင်းအရာအတွက် ရဟန်းဖြစ်ကျိုးကို မဟောကြား မပြဆိုခဲ့ချေ၊ ဤသို့ဆိုသဖြင့် အစဉ်အလာ ရိုးရာအမြင်အယူအဆများ၌ ဆန်းသစ်ကောင်းဆန်းသစ်နေပေမည်၊ စင်စစ်ဗုဒ္ဓ၏ အယူအဆ အဆို အမိန့် အစစ်အမှန်များကို သေချာစေ့ငုစွာ လေ့လာပါက ဤသို့ ယူဆခြင်းသည် စစ်မှန်သော ဗုဒ္ဓဝါဒ၏ အယူအဆသာ ဖြစ်သည်ကို ကျွန်ုပ်တို့ ကောင်းစွာ သိနားလည်ပေမည်၊ ရဟန်းပြုသူတို့၏ ရဟန်းဘဝ ရဟန်းအဖြစ်၏ အဆုံးစွန်သော ရည်မှန်းဦးတည်ချက်ပန်းတိုင်နိဗ္ဗာန်သည် မျက်မှောက်ဘဝ၌သာ*ရရှိ မျက်မှောက်ပြုအပ်သော တရားဖြစ်လေသည်။

---

* (ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု ဒုတိယတွဲ စာ ၂၂၂။ ‚၎င်းအတွဲ နိဗ္ဗာန်သဘာဝ၊ စာ ၂၁၁ မှ ၂၃၁ အထိ အကျယ်ပြဆိုထားသည်’)။

အဇာတသတ်မင်းအား ဗုဒ္ဓဟောကြားသော ရဟန်းဖြင့်ကျိုးတရားများကို စေ့စပ်စွာ လေ့လာပါက အခြားပါဠိပိဋကတ်လာသုတ်တို့တွင် ပြဆိုထားသော ဒေသနာဓမ္မများနှင့် သမာပတ်တရားများကို ပြဆိုထားခြင်းသည် ယနေ့တွေ့မြင်သိရှိရသောအားဖြင့် အစဉ်မတူညီချေ၊ ဤသာမညဖလသုတ်သည် ပုဂ္ဂိုလ်ကို ပဓာနထားပြီး ဟောကြားသော သုတ်ဖြစ်သော်လည်း ဉာဏ်အမြင်နှင့်အဘိညာဉ် တန်ခိုးများကို အလေးထားပြီး ကျယ်ပြန့်စွာ ပြဆိုထားသည်ကို သိနိုင်လေသည်၊ အခြားသုတ်များကဲ့သို့ (အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန)ဟူသော ဈာန်သမာပတ်တရားများကို ပြဆိုထားခြင်း သာမညဖလသုတ်၌ မတွေ့မိချေ၊ ဤသို့ ဓမ္မဒေသနာအစဉ် မတူညီခြင်းသည် ပါဠိပိဋကတ်သမိုင်း၏ အခြင်းအရာသာ ဖြစ်ပေသည်၊ ထို့ပြင် ဒေသနာအစဉ်မတူညီခြင်းသည် ပါဠိပိဋကတ်လာ သုတ်တို့အဖို့ မဆန်းပါချေ၊ ပုဂ္ဂိုလ်အမျိုးမျိုး အကြောင်းရပ် အထွေထွေတို့ကို သင့်ရာလျော်ရာ ဟောကြားထားခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် သုတ်များစွာတို့သည် ဓမ္မဒေသနာအစဉ်အားဖြင့် မတူညီကြသော်လည်း သစ္စာလေးပါး၌ အားလုံး အကျုံးဝင် ကိုက်ညီသည်သာ ဖြစ်ကြလေသည်။

ဤသာမညဖလသုတ်၌ ပြဆိုထားသော ဉာဏ်အမြင်နှင့် အဘိညာဉ်တန်ခိုးများကို အချို့သူတို့သည် နှလုံးတွေ့ကောင်းမှ တွေ့ပေမည်၊ ယနေ့ခေတ်တွင် ကျွန်ုပ်တို့ မြင်တွေ့ပြီး သိနားလည်ထားသည်ကား အလွန်တိုးတက်သော သိပ္ပံပညာနှင့် ထူးခြား ဆန်းပြားလှသော သိပ္ပံလူသုံးပစ္စည်းများ အံ့မခန်းအောင်

မြင်နေသော သိပ္ပံပညာ၏ စွမ်းဆောင်မှုများ ဖြစ်၏၊ ဤသို့သော အေ-ဒီ-၂၀ ရာစုခေတ်မှ ယာနေ့ကျွန်ုပ်တို့၏ အမြင်သည် နှစ်ဆယ်ရာစု ပတ်ဝန်းကျင်ကို အဓိကအကြောင်းခံပြီး ရပ်တည် ရှုမြင်သုံးသပ်သော အယူအမြင် ဖြစ်၏၊ ဤအယူ အမြင်များဖြင့် ဘီ-စီ-၆ ရာစု ဗုဒ္ဓဝါဒီရဟန်းတို့၏ ဉာဏ်အမြင်နှင့် အဘိညာဉ်တန်ခိုးများကို တိုင်းတာနှိုင်းယှဉ် သုံးသပ်ခြင်းသည် မမှန်ကန်ချေ၊ အကယ်၍ သုံးသပ် ဝေဘန်ပါကလည်း မတူညီသော သဘောသဘာဝ ဦးတည်မှုရှိသော အရာနှစ်ခုကို စပ်ဟပ်သဖြင့် မှန်ကန်မှုကို မသိနိုင်သကဲ့သို့ ကောင်းသော အကျိုးကိုလည်း ရနိုင်မည်မဟုတ်ချေ။

လောကမှ လူတို့၏'အသိဉာဏ် Intelligence 'သည် ပုထုဇဉ်လူသား၏ အသိဉာဏ်သာ ဖြစ်၏၊ ထိုအသိဉာဏ်၌ တဏှာ,ရာဂ, အရင်းခံသော သံယောဇဉ်များ, ကိလေသာများ, လောဘ, ဒေါသ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, စသော လောကီ စိတ်သဘာဝများ ပြည့်သိပ်ရစ်ပတ်လျက် ရှိ၏၊ ထို အသိဉာဏ်အမြင်နှင့် ဤတရားများ လုံးဝမရှိသော လောကမှ ခြားနားထွက်မြောက်ပြီးသော ဗုဒ္ဓဝါဒီ ရဟန်းတို့၏ ဉာဏ်အမြင်နှင့် အဘိညာဉ်တန်ခိုးများကို မည်သို့ သိနားလည်နိုင်မည်နည်း၊ ယနေ့ လ နှင့် ဤကမ္ဘာမြေပြင်ကို သွားလာပျံသန်းနိုင်အောင် တိုးတက်နေသော သိပ္ပံပညာသည် အင်္ဂါဂြိုဟ်, သောကြာဂြိုဟ်,တို့၌ လူသားတို့ နှစ်ပေါင်းများစွာ နေထိုင်နိုင်အောင် မကြာခင်စွမ်းဆောင်နိုင်မည်ဖြစ်သော်လည်း ကိလေသာ သံယောဇဉ် ကင်းစင်ပြတ်စဲပြီးသော ဗုဒ္ဓဝါဒီရဟန်းတို့၏ ဉာဏ်အမြင်နှင့် အဘိညာဉ်တန်ခိုးများကို သိနိုင်အောင် စွမ်း

ဆောင်နိုင်မည်မဟုတ်ချေ၊ သိပ္ပံ အယူအမြင် သဘောတရား နယ်ပယ်တွင် ဘောင်မဝင်သဖြင့် မဟုတ်နိုင် မဖြစ်နိုင်ဟုဆိုပါက ဤလောကတွင် သိပ္ပံပညာဖြင့် စူးစမ်းတိုင်းတာ၍ မရသော အဖြစ်အပျက်များ အများအပြား ဖြစ်နေသည်ကို သတိမူ အလေးပြုသင့်လေသည်၊ သိပ္ပံပညာနှင့် ဘာသာတရားတို့သည် ခြားနားကြသော အရာတို့ဖြစ်ကြလေသည်၊ အကျိုးပြုမှုအရာ၌ တူညီကြသော်လည်း လုပ်ရပ်ရည်ရွယ်ချက် စသည်တို့၌ မတူညီ ကြချေ၊ ကျွန်ုပ်သည် သိပ္ပံပညာနှင့် ဘာသာတရားတို့အကြောင်း ကို ရေးသားခဲ့ပြီးဖြစ်၏။ * စင်စစ်သိပ္ပံပညာသည် သဘာဝ လောက၏ နိယာမဓမ္မတို့တွင် ယေဘုယျသစ္စာကိုသာ ပြဆို ကြောင်း သတိပြုသင့်လေသည်၊ ပြီးပြည့်စုံ၍ ထာဝရသစ္စာ ဟူသည် သိပ္ပံပညာ၌ မရှိချေ၊ ထို့ကြောင့် သိပ္ပံပညာသည် အချိန်ကာလနေရာဒေသ စသည့်အားလျော်စွာသာ သူ့အတိုင်း အတာနှင့် သူမှန်ကန်သော လောက၏နိယာမဓမ္မများကို ပြဆို သည့် ဖြစ်ကြောင်း နားလည်ရပေမည် ဖြစ်လေသည်။

ဉာဏ်အမြင်နှင့် အဘိညာဉ်တန်ခိုးများသည် အလွန်အံ့သြ ဖွယ်ရာ ကောင်းသော တရားများဖြစ်လေသည်၊ လူ့ဘုံဘဝ လူသားတို့လောကတွင် အားလုံးပြီးပြည့်စုံစေနိုင်သော တရားများ ဖြစ်၏၊ အဘိညာဉ်တန်ခိုးများသည် ဘီစီ ၆-ရာစု မတိုင်မီ ရှေးပဝေဏီ အခါကပင် အိန္ဒိယသားတို့၏ ဘာသာရေး လောကနယ်တွင် ရှိခဲ့ချေမည်ဟု ယူဆမိလေသည်၊ အိန္ဒိယ၏ ရှေးခေတ်ဘာသာရေးလောကကို အနည်းအပါး ပြဆိုသည်ဟု

---

* ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု စာမျက်နှာ ၂၁-၂၆ တွင် ကြည့်ပါ၊

ယူဆနိုင်သော ဇာတကများတွင် အဘိညာဉ်နှင့် တန်ခိုးဣဒ္ဓိများအား ပြဆိုထားခြင်းကို အတော်များများ တွေ့နိုင်လေသည်၊ ပါဠိပိဋကတ်ကို လေ့လာပါကလည်း အဘိညာဉ်နှင့် တန်ခိုးဣဒ္ဓိများသည် ဗုဒ္ဓခေတ်အခါက ရှိနိုင်သောအခြေအနေကို တွေ့မိလေသည်၊ ဗုဒ္ဓဝါဒ၌ပြဆိုသော အဘိညာဉ် တန်ခိုးများသည် စိတ်ကိုကောင်းစွာ ပွားများပြီးသော ရဟန်း၏ အလွန်တည်ကြည်သော 'အဓိသမာဓိ'အားလျော်စွာ စိတ်အလိုဆန္ဒရှိခဲ့သော စိတ်ကိုရှေးရှုပို့ဆောင်ပါက ညွှတ်စေပါက ဖြစ်နိုင်ရရှိနိုင်သော အခြင်းအရာများအဖြစ် ပြဆိုထားလေသည်၊ သို့သော် ရှေးကျ ခိုင်မာသည်ဟု ပညာရှင်သုတေသီတို့ ယူဆထားသော သုတ္တန်နှင့် ဝိနယပါဠိပိဋကတ်တို့၌ ရဟန်းတို့၏ တန်ခိုးဣဒ္ဓိပြသော အကြောင်းခြင်းရာတို့ အလွန်နည်းပါးသည်ကို တွေ့ရလေသည်၊ အဘိညာဉ်တန်ခိုးဣဒ္ဓိများသည် ရဟန်းတို့ အလိုရှိပါက ဖြစ်စေနိုင်သော အခြင်းအရာအားဖြင့်သာ ဗုဒ္ဓဟောကြားခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပေမည်၊ ဤအရာ၌ ကျွန်ုပ်တို့၏ အသိဉာဏ်ပညာသည် အလွန်သေးငယ် နည်းပါးလှပါ၏၊ အဘိညာဉ်တန်ခိုးဣဒ္ဓိများသည် ယနေ့ ဗုဒ္ဓဝါဒီတို့ နားလည်ထားသော သဘော သဘာဝမှတပါး အခြားသော အခြင်းအရာများလည်း မဖြစ်နိုင်ဟု ကျွန်ုပ်တို့ တထစ်ချ မယူမှတ်နိုင်ချေ၊ ဝိပဿနာ ဘာဝနာတို့၏ အခြင်းအရာများကို ကျွန်ုပ်တို့၏ စိန္တိတဉာဏ်နှင့် ရှုမြင်ခြင်းသည် သဘာဝမဟုတ်ချေ၊ ထို့ကြောင့် ဝိပဿနာ ဘာဝနာတို့၏ အခြင်းအရာ အဘိညာဉ်တန်ခိုးများသည် ကျွန်ုပ်တို့၏ မြင်သိ, တွေးတော, ယူဆတတ်သော, အသိဉာဏ်၌ မထင်နိုင် မမြင်နိုင်ခြင်း ဖြစ်လေသည်။

ပိဋကတ်အလိုအားဖြင့် ဉာဏ်အမြင်နှင့် အဘိညာဉ်တရားများသည် လွယ်ကူစွာ ရရှိနိုင်သောတရားများမဟုတ်ချေ၊ ပြဆိုရေးသားခဲ့သည့်အတိုင်း စိတ်ကိုကောင်းမွန်စွာ ပြုပြင်ပွားများပြီး အလွန်တည်ကြည် ငြိမ်သက်လေးနက်သော သမာဓိတရားဖြင့်သာ ရရှိနိုင်လေသည်၊ 'လူ့လောက လူတို့၏ အတွေးအမြင်များ Humanistie Insight' ဖြင့် ရှုကြည့်ပါက အဘိညာဉ်တန်ခိုးများသည် ဖြစ်နိုင်စရာအကြောင်းမရှိပါချေ၊ လူ့ဘဝ လူ့လောကနယ်၌ အဘိညာဉ်တန်ခိုးများသည် ဒဏ္ဍာရီကဲ့သို့ ဖြစ်လေသည်၊ ဤသို့ဖြစ်ရသည်မှာ "လူ့လောက လူတို့၏ အတွေးအမြင်များ" ဖြင့် ရှုမြင်သုံးသပ်သောကြောင့် ဖြစ်၏။

ဗုဒ္ဓခေတ် သို့မဟုတ် ဘီစီ ၆-ရာစုတဝိုက်က အိန္ဒိယတွင် အဘိညာဉ် တန်ခိုးများကဲ့သို့သော တန်ခိုး ဣဒ္ဓိများကို လောကုတ္တရာ စိတ်ဓာတ်များဖြင့်သာမက လောကီ အတတ်များဖြင့် ရရှိနေသူများရှိသည်ဟု ဆိုလေသည်၊ ထိုသို့သော သူများရှိကြောင်း ပိဋကတ်တွင် အကြောင်းရပ်များကို တွေ့နိုင်လေသည်၊ ထို့ကြောင့် အဘိညာဉ် တန်ခိုးများကဲ့သို့သော ဘယောက်တည်းမှ အများဖြစ်သွားခြင်း ကိုယ်ကိုကွယ်ပျောက်စေခြင်း၊ တံတိုင်း တောင်နံရံတို့ကို မကဲ့မပျက်စေပဲ ဖောက်ထွင်းသွားနိုင်ခြင်း၊ မြေလျှိုးခြင်း၊ ရေပေါ်၌သွားနိုင်ခြင်း၊ ကောင်းကင်၌ သွားနိုင်ခြင်း၊ စသည်တို့သည် ထိုစဉ်အခါက တကယ်ပင် ရှိခဲ့လေသည်၊ ထိုခေတ်က အဝတ်ဖြူဝတ်သော အိန္ဒိယသား လူဒါယကာတို့သည်လည်း ယုံကြည်လက်ခံခဲ့လေသည်။

ထိုစဉ်အခါက ဗုဒ္ဓသည် နာဠန္ဒာမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ်ဖြစ်၏၊ ထိုအခါ ကေဝဋ္ဋအမည်

ရှိသော သူကြွယ်သားသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်ထားလေသည်။

"အသျှင်ဘုရား ဤနာဠန္ဒာမြို့သည် ပြည့်စုံကြွယ်ဝပါ၏၊ စည်ပင်ဝပြောပါ၏၊ လူများပြားပါ၏၊ လူနေထူထပ်ပါ၏၊ မြတ်စွာဘုရား၌ အလွန် ကြည်ညိုပါ၏၊ အသျှင်ဘုရား-တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန် အသင့်ရှိသော ရဟန်းတပါးအား အမိန့်ပေးထားတော်မူပါ၊ ဤသို့ ပြဲလတ်သော် ဤနာဠန္ဒာမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်"ဟု လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓက ဤသို့ ပြန်လည်မိန့်ကြားလေသည်။

"ကေဝဋ္ဋ ငါသည် ရဟန်းတို့အား 'ရဟန်းတို့ လာကြလော့၊ သင်တို့သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို အဝတ်ဖြူဝတ်ကုန်သော လူတို့အား ပြကြလော့'ဟု ဤသို့ တရားကို ငါမဟော"ဟု မိန့်လေသည်။

သူကြွယ်သား ကေဝဋ္ဋသည် ဗုဒ္ဓအား သုံးကြိမ်တိုင်တိုင် လျှောက်လေသည်၊ ဗုဒ္ဓသည်လည်း ဤသို့ပင် ပြန်လည်မိန့်ကြားတော်မူလေသည်။ မှန်လေသည် ဗုဒ္ဓ ဟောကြားထားသော ဓမ္မဝိနယတို့သည် တန်ခိုးပြာဋိဟာပြရန်အတွက် ဟောကြားထားသည်မဟုတ်ချေ၊ သစ္စာလေးပါးကို သိမြင်ပြီးလွတ်မြောက်ငြိမ်းအေးရာ နိဗ္ဗာန်ကို မျက်မှောက်ပြု ရရှိနိုင်ရန် အတွက်သာ ဓမ္မဝိနယတို့ကို ဟောကြားတော်မူခြင်း ဖြစ်လေသည်။

ထို့နောက် ဗုဒ္ဓက ကေဝဋ္ဋအားဆက်ပြီး မိန့်ကြားသည်မှာ မိမိသည် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ပြာဋိဟာ သုံးပါးကို ဟောကြားထား၏၊ 'တန်ခိုးပြာဋိဟာ ဣဒ္ဓိပါဋိဟာရိယ' 'အတတ်ဟောခြင်း ပြာဋိဟာ-အာဒေသနာပါဋိဟာရိယ' 'ဆုံးမခြင်း ပြာဋိဟာ-အနုသာသနီပါဋိဟာရိယ' ဟူ၍ သုံးပါး ဟောကြားထား၏။

အကယ်၍ ရဟန်း၏ ဣဒ္ဓိပါဋိဟာရိယ-ဣဒ္ဓိဝိဓ တန်ခိုးပြာဋိဟာကို သဒ္ဓာတရားမရှိ၍ မကြည်ညိုသော ပုဂ္ဂိုလ်သည် သိမြင်ပါက-"အချင်း ဂန္ဓာရီ မည်သော အတတ်သည် ရှိ၏၊ ထိုဂန္ဓာရီအတတ်ဖြင့် ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းစေခြင်းကို ပြီးစေ၏၊ တယောက်ထည်း ဖြစ်လျက်လည်း အများ ဖြစ်သွား၏၊ အများဖြစ်လျက်မှလည်း တယောက်ထည်း ဖြစ်လာ၏။ (ပ)။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလို အတိုင်းဖြစ်စေ၏" ဟု ဆိုရာ၏။

အကယ်၍ ရဟန်း၏ အာဒေသနာပါဋိဟာရိယ-စေတောပရိယ အဘိညာဉ်တန်ခိုး ပြာဋိဟာကို သဒ္ဓာ မရှိ၍ မကြည်ညိုသော ပုဂ္ဂိုလ်သည် သိမြင်ပါက-အချင်း ဓိန္တာမဏိ မည်သော အတတ်သည် ရှိ၏၊ ထိုစိန္တာမဏိ အတတ်ဖြင့် ထိုရဟန်းသည် 'သင်၏စိတ်သည် ဤသို့ သဘောရှိ၏၊ သင်၏စိတ်သည် ဤသို့သော အချင်း အရာရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ ဖြစ်၏' ဟု

တပါးသော သတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတတ်ဟော၏၊ စိတ်၌ဖြစ်သည်ကိုလည်းအတတ်ဟော၏၊ ကြံစည်သည်ကိုလည်း အတတ်ဟော၏၊ဆင်ခြင်သည်ကိုလည်း အတတ်ဟော၏”ဟု ဆိုရာ၏။

ဗုဒ္ဓက ကေဝဋ္ဋအား မိမိသည် တန်ခိုးပြာဋိဟာတို့၌ ဤသို့သော အပြစ်ကို မြင်သောကြောင့် ပြာဋိဟာတို့ကိုပြုရန်ဝန်လေး၏၊ စက်ဆုပ်၏၊ ရှက်၏ဟု မိန့်တော်မူလေသည်။ (ကေဝဋ္ဋသုတ်ဒီဃနိကာယ်)မှန်လှလေသည် အလွန် အံ့ဘွယ်ရာသော တန်ခိုးပြာဋိဟာတို့ကို ပြခြင်းဖြင့် လူတို့၏ အလွန်အကြူး ကြည်ညိုသက်ဝင်စေခြင်းကို ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတို့အဖို့၌ မလိုလားအပ်ချေ၊ လွတ်မြောက်ငြိမ်းအေးမှု နိဗ္ဗာန်ကို တကယ်လိုလားသော စိတ်စေတနာသဒ္ဓါတရားကိုသာလျှင် လိုလားအပ်လေသည်။

* * *

# နိဂုံး

ဗုဒ္ဓသည် တရားတော်ကို ဤသို့ ကောင်းမွန်ပြီးပြည့်စုံစွာ ဟောတော်မူသောအခါ နှစ်သိမ့် ဝမ်းမြောက်မှုသည် အဇာတသတ်မင်း၏ တကိုယ်လုံးသို့ စိမ့်စိမ့် အေးကာ ပြန့်နှံ့သွားလေသည်၊ ထို့ကြောင့်ပင် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ဗုဒ္ဓအား ဤသို့ လျှောက်ထားလေသည်။

"အသျှင်ဘုရား- မြတ်စွာဘုရား၏ တရားတော်သည် အလွန်လျှင် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား မြတ်စွာဘုရား၏ တရားတော်သည် အလွန်လျှင် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း, ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း, မျက်စိလည်၍သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း, မျက်စိအမြင်ရှိသူတို့အား အဆင်းအရောင်တို့ကို မြင်ကြစေရန် အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း, အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

# နိဂုံး

အသျှင်ဘုရား ကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ။

အသျှင်ဘုရား မိုက်သည့်အလျောက်, တွေဝေသည့် အလျောက်, မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားပါ၏၊ အကျွန်ုပ်သည် တရား စောင့်သော, တရားသဖြင့် မင်းပြုသော, ခမည်းတော်ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံတော်မူပါ အသျှင် ဘုရား"။

"မင်းကြီး- မိုက်သည့်အလျောက်, တွေဝေသည့် အလျောက်, မလိမ္မာသည့်အလျောက်, အပြစ်သည် သင့်ကို စင်စစ်လွှမ်းမိုးသွားခဲ့၏၊ သင်သည် တရား စောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို သတ်ခဲ့မိ၏၊ မင်းကြီး သင်သည် အပြစ်ကိုအပြစ်ဟု မြင်၍ အပြစ်အားလျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကို အပြစ်ဟု ငါတို့ လက်ခံကုန်၏။

မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ်ဟုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ ထိုသူ၏ ဤကုစားစောင့်စည်းခြင်းသည်

# နိဂုံး

အရိယာတို့၏ ဝိနည်း အဆုံးအမ၌ ကြီးပွားခြင်း ပင်တည်း"ဟု ဗုဒ္ဓသည် မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် အချိန်လည်း အတော်ကြာညောင်း လှပြီဖြစ်သဖြင့် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာ တသတ်မင်းသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား လေသည်။

"အသျှင်ဘုရား အလွန်တင့်တယ် သာယာသော ဤညဉ့်၏ ဤယခုအချိန်အခါသည် အကျွန်ုပ်အတွက် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါ ဖြစ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့အား ခွင့်ပေးပါ၊ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ် တို့သည် များသောကိစ္စ, များသောပြုဖွယ်များ ရှိပါ ကုန်၏"။

"မင်းကြီး- ယခုအခါ၌သွားရန် အချိန်ကိုသင်သိ၏၊ သွားရန်မှာ သင်၏အလိုအတိုင်းပင် ဖြစ်၏" ဗုဒ္ဓသည် အဇာတသတ်မင်းအား ဤသို့ မိန့်ကြားခွင့်ပေးတော် မူလေသည်။

ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာ တသတ်မင်းသည် မြတ်စွာဘုရား ဟောတော်မူသော တရား တော်ကို အလွန်နှစ်သက်စွာခံယူ၍ ဝမ်းမြောက်ဝမ်းသာ ချီးကျူး ပြီးနောက် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး အရိုအသေ ပြုပြီးလျှင် အခြွေအရံများနှင့်အတူ နန်းတော်သို့ ပြန်လည် ထွက်ခွာသွားလေသည်။

# နိဂုံး

အဇာတသတ်မင်းနှင့် ဇွဲရုံသင်းပင်း မင်းပရိတ်သတ်တို့ကား သရက်ဥယျာဉ်မှ တဖြေးဖြေး ဝေး၍ ဝေး၍ သွားကြလေပြီ ဖြစ်၏၊ ဗုဒ္ဓသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ ဤမင်းသည် မိမိတည်ရာကို မိမိတူးဖြို ခဲ့၏၊ ရဟန်းတို့ ဤမင်းသည် မိမိကိုယ်ကို မိမိဖျက်ဆီး ၏၊ ရဟန်းတို့ ဤမင်းသည် တရားစောင့်သော၊ တရား သဖြင့် မင်းပြုသော ခမည်းတော်ကို မသတ်မိပါမူ၊ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာမြူ အညစ် အကြေးကင်းသော တရားမျက်စိသည် ဖြစ်ပေါ်ရာ၏"ဟု မိန့်တော်မူလေသည်။ မြတ်စွာဘုရား ဤသို့ ဟောတော်မူသော အခါ ရဟန်းတို့သည် တရားတော်ကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေသည်။

ဤသည်ပင်လျှင် ဗုဒ္ဓဝါဒစာပေတို့၌ အရေးပါသော အဇာ တသတ်မင်းနှင့် ဗုဒ္ဓတို့၏ ကျော်ကြားလှသော ဗုဒ္ဓဝါဒရေးရာ၏ ရဟန်းဖြစ်ကျိုးကို ဟောကြားပြဆိုသော ဒီဃနိကာယ်လာ "သာမညဖလသုတ်"ပင် ဖြစ်လေသည်။

ပြီး၏။

အမိအဖတို့၏ အနန္တမေတ္တာဖြင့်
အသျှင် သုနန္ဒ

# အမှားပြင်ဆင်ချက်။

| စာမျက်နှာ | (အမှား) | (အမှန်) |
|---|---|---|
| ၁၂။ | (ပဗ္ဗဇ္ဇာသုတ်ိမဟာဝဂ်သုတ္တန်ပါဠိ) | ....(ပဗ္ဗဇ္ဇာသုတ်မဟာဝဂ်သုတ္တန်ပါဠိ) |
| ၂၈။ | အချို့တောသူဌွေးသူကြွယ်တို့သည် | ....အချို့သော သူဌွေးသူကြွယ်တို့သည် |
| ၁၂၀။ | (ဓမ္မပဒ္ဒဓိတ္တာဝဝ်) | ....(ဓမ္မပဒဓိတ္တာဝဝ်) |
| ၁၂၃။ | တပါးတည်းယူပြီးဖြစ်၍သာလျှင် | ....တပါတည်းယူပြီးဖြစ်၍သာလျှင် |
| ၁၂၈။ | ငြိမ်းချင်းရာရာအရပ်သို့ | ....ငြိမ်းချမ်းရာအရပ်သို့ |
| ၁၇၄။ | ဘာကိုအောက်မေ့၍သိသော် | ...ဘဝကိုအောက်မေ့၍သိသော |
| ၁၇၅။ | တသိန်းပေါင်းများစွာတို့ကိုရင်း | ...ဘဝသိန်းပေါင်းများစွာတို့ကိုရင်း |

## အသျှင်သုနန္ဒ
## ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု (ဒုတိယတွဲ)

ဗုဒ္ဓဝါဒ အယူအဆ အစစ်အမှန်တို့ကို အမှန်တကယ် သိနားလည်လိုသော ဗုဒ္ဓဝါဒီများနှင့် သုတေသီများအတွက် ဗုဒ္ဓဝါဒအကြောင်းနှင့် ကမ္ဘာ့ ဗုဒ္ဓဝါဒအကြောင်းကို ပြည့်စုံစွာ ပြဆိုထားသောကြောင့် ဗုဒ္ဓဝါဒီများနှင့် သုတေသီများ၏ တသက်တာတွင် ထာဝစဉ် အလင်းတန်ဆောင် ဖြစ်သော စာအုပ်ဖြစ်သည်။ မကြာမီ ကျွန်တော်များ **''ပြည်သူ့မျက်ရှုစာပေ''**မှ ဖြန့်ချိပါမည်။

## အသျှင်သုနန္ဒ 'ဗုဒ္ဓနှင့်တွေးတောကြံဆမှု'

လူသားတို့၏ တွေးတောတတ်မှု၊ ကြံဆတတ်မှု၊ စူးစမ်းတတ်မှုများနှင့် ဗုဒ္ဓ၏အယူအဆ သဘောထားများ၊

ဗုဒ္ဓသည် တွေးတောမှု၊ ကြံဆမှု၊ စူးစမ်းမှုများကို ခွင့်ပြုမပြု၊ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတို့အား လူသားတို့ ကြံစည်အပ်သလား? စူးစမ်းသင့်သလား? တွေးတောထိုက်ပါ၏လော ဆိုသည်များကို အကိုးအကား အထောက်အထားတို့ဖြင့် ရေးသားပြဆိုထားသော စာအုပ်။ **''ပြည်သူ့မျက်ရှုစာပေ''**မှ မကြာမီ ထွက်ပါမည်။

## အသျှင်သုနန္ဒ
## ဘာသာဝါဒ အယူအဆနှင့် ဆွေးနွေးမှုအထွေထွေ

ဤကမ္ဘာကြီးတွင် ဘာသာဝါဒ အမျိုးမျိုး၊ ဒဿနိက အများအပြားရှိ၏၊ ထိုဘာသာဝါဒနှင့် ဒဿနိကများ၏ များပြားလှသည့် အယူအဆများကို လူတို့၏ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးဖြင့် သုံးသပ်မှုများ ဆွေးနွေးမှုများကို ပြဆိုထားသောစာအုပ်။ လူတို့၏ အမှန်တရားကို သိလိုသူများအတွက်။ **'ပြည်သူ့မျက်ရှု'**မှ မကြာမီထွက်မည်။